

အောင်မြင်စာပေ
ဂ ဒွိ ၇ ဆန်း ကြယ် လုံး ချင်း ၀ ဆု သစ်
ဆင်စွယ်နက်ကျိုန်စာ

# ဘောင်မြှင်

၈၁၉၀




ထုတ်ဝေခြင်း

ထိုင်ပွဲဟိုတယ်ကိုပို့တော့ကြိုးစား - ရန်ကုန်

ထောင်ပြီးတော့ - ၂၀၁၁

၂၀၁၁ ခုနှစ် ... လထုတ်

(၁) ကြိမ်

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၀၄၈၈/၂၀၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၀၄၈၈/၂၀၁၁

**အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်**

ဆောင်းမြှင့်ပုံနှိပ်တိုက်၊ အမှတ်၊ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ (မတ်လ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်။

**ထုတ်ဝေသူ** ဦးအောင်မြင့် အမှတ်(၅)၊ သိပ္ပံလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

**ဖြန့်ချီရေး** ဆောင်းမြှင့်စာပေ၊ အမှတ်(၁)၊ ဆောင်းမြှင့်စာပေ၊ ကျောက်မြောင်း၊ ရန်ကုန်မြို့




# ဒဿနလက်ဆောင်

✿ အတိတ်က ကြုံတွေ့ခဲ့ရသော
မအောင်မြင်မှုများ၊ ဝမ်းနည်းခြင်း၊
မှားယွင်းမှုများကို ထပ်တလဲလဲ တွေးနေမည့်အစား
ထိုအရာများကို သင်ခန်းစာ ယူပြီး
လိုလားတောင့်တမှုများ ပြည့်ဝအောင်သာ ကြိုးစားပါ။

✿ မိမိဖ်စွမ်းဆောင်နိုင်သောစွမ်းအားကို
ကိုယ်ကျိုးအတွက်ချည်းလည်း မသုံးသင့်ပေ။
ထို့ထက်...မကောင်းသောကိစ္စများတွင်
ပို၍မသုံးသင့်ပါပေ။

✿ ဆိုးကျိုးကောင်းကျိုးများသည်
မလိုချင်လည်း ရလာနိုင်သော်လည်း
လိုချင်သော်လည်း ရရှိမည်မဟုတ်ပေ။
သင့်အနေနှင့်ကတော့
မည်သည့်ရလဒ်ကိုပဲဖြစ်စေ
အကောင်းဆုံး ရင်ဆိုင်နိုင်သော စိတ်ဓါတ်ကိုသာ
မွေးမြူထားသင့်ပေ၏။

# ဒဿနလက်ဆောင်

✿ အပျက်သဘောဆောင်သည့်အတွေးသည်
ဆိုးကျိုးကိုသာ ပေးသည်။
ထိုအတွေးကို ကောင်းသည်ဟု ထင်လျှင်တော့
အဆိုးဝါးဆုံး ဖြစ်ပေတော့သည်။

✿ အထက်သို့ တက်တော့မည်ဆိုလျှင်
လမ်းတိုသည် ရှည်သည်
ကြမ်းသည် ချောသည် ရွေးချယ်နေမည့်အစား
မိမိနှင့် သင့်လျော်သော
အမြန်ဆုံး အပေါ်ရောက်နိုင်သည့်လမ်းကိုသာ ရွေးချယ်ပါ။

✿ ချစ်ခြင်းမေတ္တာသည်
စိတ်ဓါတ်မခိုင်မာသူနှင့်
တန်ဖိုးမသိသူတို့ထံသို့ လာလေ့မရှိပေ။
ထိုသူများ ရသောမေတ္တာမှာလည်း
အစစ်အမှန် မဟုတ်ဘဲ အတုသာ ဖြစ်ပေလိမ့်မည်။

# ဒဿနလက်ဆောင်

- ချစ်ခြင်းမေတ္တာစစ်ကို အခြေခံသော
လိုအင်ဆန္ဒသည်
ချစ်သူအားနစ်နာစေလို၍ အလျှင်းမရှိဘဲ
မိမိက ပေးဆပ်ရန်အတွက်သာ ဖြစ်ပေသည်။

- တစ်ပါးသူထံမှ ချစ်ခြင်းမေတ္တာကို
တောင့်တနေသူသည်
စင်စစ်၌ သူကိုယ်တိုင် ပျော်ရွှင်မှု ရစေရန်
မသိစိတ်က တိုက်တွန်းပေးနေခြင်းသာဖြစ်သည်။

- နေအိမ်အားလုံးကို ရွှေဖြင့် ဆောက်ကြပါက
ရွှေသည် တန်ဖိုးရှိတော့မည် မဟုတ်ပေ။
ထိုအချိန် တွင် တွေ့ရခဲသော
သံချောင်း တစ်ချောင်း၏တန်ဖိုးသည်
ရွှေထက် အဆပေါင်းများစွာ မြင့်နေပေလိမ့်မည်။

# ဒဿနလက်ဆောင်

- လိမ်ညာပြောဆိုရခြင်းသည်
ကျောက်ခဲထုပ်ကို ထမ်းထားရသကဲ့သို့
လေးလံလှပေသည်။
အမှန်ပြောသူမှာ
ထိုကျောက်ခဲထုပ်ကို ဖင်ခုထိုင်နေရသကဲ့သို့
အေးနေပေလိမ့်မည်။

- တယုတယ မွေးထားသော တိရစ္ဆာန်သည်
ရောဂါများသလို အလွယ်တကူလည်း သေနိုင်သည်။
သဘာဝတရားသည်
လူနှင့်တိရစ္ဆာန်များအတွက်
အကောင်းဆုံး ဆေးပညာရှင်ပင်ဖြစ်ပါသည်။

- အခြားသူများအား ပြစ်တင်ဝေဖန်တော့မည်ဆိုလျှင်
ဦးစွာ မှန်တစ်ချပ်ရှေ့ရပ်ပြီး
ထိုစကားလုံးများကို အရင်ရွတ်ဆိုကြည့်သင့်ပါသည်။

## (စာရေးသူ၏ဝန်ခံချက်)

ဤဝတ္ထုရှည်ကို ရေးသားရာတွင် အောက်ပါ စာအုပ် စာတမ်းများမှ အချက်အလက်အချို့ကို ကိုးကား ရေးသားခဲ့ရပါသည်။

(၁) ရတနာရွှေမြေ - ဦးလှဒင်၊

(၂) ကမ္ဘာ့အမြင်နှင့် မြန်မာ့ဆင် - ထိပ်တင်သက်၊

(စာရေးသူ)

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) ရထားပေါ်မှ ဗိညာဉ်များ

အခန်း(၂) ရင်ခွဲရုံတစ္ဆေ

အခန်း(၃) အိပ်မက်ထဲက မဟူရာစေတီ

အခန်း(၄) ကျိန်စာသင့်ခဲ့သော ကတိသစ္စာ

အခန်း(၅) ကတိသစ္စာကြောင့် သေရသောသူ

အခန်း(၆) ပုဏ္ဏားကတိုက်ခြင်းနှင့် အနောက်တိုင်းအမြင်

အခန်း(၇) စော်ဘွားကြီးနှင့် ပြန်တွေ့ကြရခြင်း

အခန်း(၈) ကမ္ဘောဇနှင့် ဘီလူးစည်းလူ့စည်း

အခန်း(၉) ကျတ်ကုန်းမြေသို့ ရောက်ခဲ့ကြခြင်း

အခန်း(၁၀) ပေါ်နန်းကုန်းမှ မိစ္ဆာစံအိမ်

အခန်း(၁၁) ဗိညာဉ်ကြောင့် အသက်ဘေးမှ လွတ်ရသူ

အခန်း(၁၂) နတ်ကြမ်းသည့် မရဏသစ်ပင်

အခန်း(၁၃) ထူးဆန်းသော နတ်ကိုးကွယ်မှုဓလေ့များ

အခန်း(၁၄) ဆင်စွယ်နက်နှင့် ဆင်ဗိညာဉ်

အခန်း(၁၅) ပေါ်နန်းကုန်းမှ ရတနာများ





## အခန်း(၁)

# ရထားပေါ်မှ စီညာဉ်များ

မြန်မာနိုင်ငံတွင် မီးရထားနှင့် ပတ်သက်သော ထူးခြားသည့် မှတ်တမ်းများစွာ ရှိခဲ့ပေသည်။

မြန်မာနိုင်ငံမှာ မီးရထားလမ်းများ ပေါ်ပေါက်ခဲ့သည်မှာလည်း နှစ်ပေါင်းတစ်ရာကျော်ခဲ့ပေပြီ။

မြန်မာနိုင်ငံအား ဗြိတိသျှများ သိမ်းပိုက်အုပ်ချုပ်နေသော ကာလများတွင် မီးရထားလမ်းများကို စတင်ဖောက်လုပ်ခဲ့ကြလေသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ဖောက်လုပ်သော မီးရထား





## အခန်း(၁)

# ရထားပေါ်မှ စိညာဉ်များ

မြန်မာနိုင်ငံတွင် မီးရထားနှင့် ပတ်သက်သော ထူးခြားသည့် မှတ်တမ်းများစွာ ရှိခဲ့ပေသည်။

မြန်မာနိုင်ငံမှာ မီးရထားလမ်းများ ပေါ်ပေါက်ခဲ့သည်မှာလည်း နှစ်ပေါင်းတစ်ရာကျော်ခဲ့ပေပြီ။

မြန်မာနိုင်ငံအား ဗြိတိသျှများ သိမ်းပိုက်အုပ်ချုပ်နေသော ကာလများတွင် မီးရထားလမ်းများကို စတင်ဖောက်လုပ်ခဲ့ကြပေသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ဖောက်လုပ်သော မီးရထား

လမ်းမှာ ရန်ကုန်-ပြည် မီးရထားလမ်းပင်ဖြစ်သည်။ ထိုရထားလမ်းကို (၁၈၆၉)ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ (၁၈၇၇)ခုနှစ်တွင် ပြီးမြောက်ခဲ့ပေသည်။

ရန်ကုန်မှ ပြည်မြို့အထိ မိုင်ပေါင်း(၁၆၁)မိုင် ရှိပေသည်။

ထို့ပြင် ပြည်မြို့ မော်ဇာနယ်အတွင်း၌ မော်ဇာမှ ကျောက်စလစ်ကုန်းအထိ (၆)မိုင် သီးခြားလမ်း ရှိပေသေးသည်။

(၁၈၈၀)ခုနှစ်တွင် စတင်ဖောက်လုပ်ပြီး (၁၈၈၄)ခုနှစ်တွင် ပြီးစီးခဲ့သော တောင်ငူ-ရန်ကုန် မီးရထားလမ်းမှာ (၁၆၆)မိုင် ရှည်လျားလေသည်။

သို့ကြောင့် မြန်မာနိုင်ငံအတွင်း အစောဆုံး အသုံးပြုခဲ့ကြသည့် မီးရထားလမ်း မိုင်အရှည်မှာ (မော်ဇာလမ်း (၆)မိုင်အပါအဝင်) စုစုပေါင်း(၃၃၃)မိုင် ရှည်လျားလေသည်။

ယခု အသုံးပြုနေကြသော ရန်ကုန်ဘူတာကြီးကို စတင်တည်ဆောက်ခဲ့ကြသည့် ခုနှစ်သက္ကရာဇ်ကို တိတိကျကျ မသိရသော်လည်း ဗြိတိသျှလက်ထက် (၁၈၇၇)ခုနှစ် မေလ(၁)ရက်နေ့တွင် စတင်ခုတ်မောင်းသည့် ရန်ကုန်-ပြည် မီးရထားလမ်းဖွင့်ပွဲနေ့မှာပင် ရန်ကုန်ဘူတာကြီးကို စတင်ဖွင့်လှစ်ကြောင်း မှတ်တမ်းများအရ သိရပေသည်။

ယခု ရန်ကုန်ဘူတာကြီး တည်ဆောက်ထားသောနေရာမှာ ရှေးအခါက ကွမ်းစိုက်ပျိုးသူများ နေထိုင်သော ကွမ်းခြံရှိသည့်နေရာပင်ဖြစ်၏။

နောက်ပိုင်း ဘူတာကြီး ဆောက်လုပ်ပြီးသောအခါ ထို





ကွမ်းခြံများကို အစွဲပြုပြီး ကွမ်းခြံဘူတာကြီးဟုပင် ခေါ်ဝေါ်ခဲ့ကြလေသည်။

ရန်ကုန်ဘူတာကြီး တည်ထောင်ကာစက မူလနေရာမှာ ယခုမြင်တွေ့နေရသောနေရာ မဟုတ်ပေ။

ယခု တည်ရှိသောနေရာမှာ မီးရထားလမ်းများ၏ မြောက်ဘက်နေရာမှာ ရှိပြီး ယခင်နေရာဟောင်းမှာ မီးရထားလမ်းများ၏တောင်ဘက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ကပ်လျက်နေရာ၌ တည်ရှိပေသည်။

ကိုလိုနီခေတ်ဦးကာလက ကွမ်းခြံဘူတာကို ပင်မဘူတာအဖြစ် အသုံးပြုခဲ့ကြပြီး နောက်ပိုင်းရောက်တော့မှ မီးရထားလမ်းမြောက်ဘက်သို့ ရွှေ့ပြောင်းခဲ့ကြခြင်းဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဒဏ်ကြောင့် ရန်ကုန်ဘူတာကြီး ပျက်စီးသွားခဲ့သောကြောင့် စစ်ပြီးခေတ်၌ ပြန်လည်ပြုပြင်ခဲ့ရပေသည်။

မြန်မာနိုင်ငံ ပထမဆုံး မီးရထားလမ်းဖြစ်သော ရန်ကုန်ပြည် မီးရထားလမ်းကို (၁၈၇၇)ခုနှစ် မေလ(၁)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ဘူတာကြီးကိုလည်း ထိုနေ့မှာပင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်လေသည်။

ထိုသို့ဖွင့်လှစ်ခဲ့စဉ်က (၁၆၁)မိုင် ကွာဝေးသော ပြည်မြို့အထိ ခုတ်မောင်းခြင်း မဟုတ်ဘဲ ရန်ကုန်မြို့မှ (၉)မိုင်သာ ကွာဝေးသော အင်းစိန်မြို့အထိသာ ခုတ်မောင်းခဲ့ခြင်းဖြစ်လေသည်။

နံနက်(၆)နာရီတွင် ကွမ်းခြံဘူတာ(ရန်ကုန်ဘူတာကြီးမှ)မှ ထွက်ခွာပြီး ည(၈)နာရီတွင် ပြန်လည်ရောက်လေသည်။

ထိုခေတ်အချိန်က ရထားရပ်နားသွားသော ဘူတာစခန်းများမှာ. . .

ရန်ကုန်၊ ဘုရားလမ်း၊ လမ္ဘတော်(လမ်းမတော်)၊ မြို့ညီလမ်း၊ ဟုန်းလမ်း၊ မစ်ရှင်လမ်း၊ ကျင်မခနာ၊ ကြည့်မြင်တိုင်၊ ဟံသာဝတီလမ်း(ဟံသာဝတီ)၊ အုတ်ကျင်း၊ သမိုင်း၊ ကြို့ကုန်း၊ ရွာမ၊ အင်းစိန် စသည့်နေရာများဖြစ်သည်။

ထိုအချိန်က ရန်ကုန်၊ မင်္ဂလာဒုံဘက်သို့ သီးသန့်ပြေးဆွဲသော ရထားလမ်းဘူတာရုံများလည်း ရှိခဲ့လေ၏။

၎င်းတို့မှာ ရန်ကုန်၊ ပုဇွန်တောင်၊ မလွှကုန်း၊ တာမွေကန်ဘူ၊ ဘောက်ထော်၊ ရေကူ၊ ဘီတားလေး၊ ပုရွက်ဆိတ်ကုန်း၊ မင်္ဂဒုံ(မင်္ဂလာဒုံ) စသည်တို့ဖြစ်သည်။

ထို့ပြင် သဃ်္ကန်းကျွန်းဘက်သို့ ပြေးဆွဲသောရထားမှာလည်း ရန်ကုန်၊ မလွှကုန်း၊ နှင်းဆီကုန်း၊ သင်ယန်းကျွန်း(သင်္ဃန်းကျွန်း) စသောဘူတာများ၌ ရပ်နားပြေးဆွဲခဲ့ပေသည်။

မီးရထားသည် နိုင်ငံခြားတွင် (၁၈၂၅)ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သောကြောင့် မြန်မာနိုင်ငံသို့ နှစ်ပေါင်း(၅၀) ကျော် နောက်ကျပြီးမှ ရောက်ရှိခဲ့ခြင်းဖြစ်လေသည်။

ဤနေရာတွင် မီးရထားခေါင်းနှင့် ဘူတာရုံများ စတင်ပေါ်ပေါက်လာသော သမိုင်းကြောင်းကိုလည်း အလျဉ်းသင့်သောကြောင့် ဖော်ပြပေးပါမည်။





"အာဝါးရထားခေါင်းနှင့် မီးရထားဘူတာရုံ" ဟူသောခေါင်းစဉ်အောက်တွင် ပထမဦးစွာ ဒေါ်ရာရှ အဒေါ် အဝေါ် စကားလုံးများ၏အကြောင်းကို ဖော်ပြရာတွင် "မီးရထားခေါင်း" ၏ သမိုင်းအတိုချုပ်ကို ရှေးဦးစွာ ရှေ့သွားဖော်ပြမှ ပြည့်စုံပေမည်။

"ရေနွေးငွေ့အင်ဂျင်စက်"(Steam engine)ခေါ် "မီးရထားခေါင်း" ကို ခရစ်နှစ် တစ်ဆယ့်ကိုးရာစုအစက တီထွင်ကြောင်း သိရပါသည်။

အင်္ဂလန်နိုင်ငံတွင် ကျောက်မီးသွေးတွင်းများ၌ကျောက်မီးသွေးများကို လွယ်ကူစွာနှင့် စရိတ်သက်သာစွာ တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ရန်အလို့ငှာ "ဂျိမ်းဝပ်" (James Watt)နှင့် "ဝီလျံမားဒေါက်"(William Murdock)တို့က နှစ်ပေါင်းများစွာ ဉာဏ်စွမ်းရှိသမျှ အားထုတ်ကြိုးစား၍ မီးရထားခေါင်းကို တီထွင်ခဲ့ကြောင်း လေ့လာသိရှိပါသည်။

နောက်မှတဖန် ပညာရှင် "ဂျော့စတီဖင်ဆန်"(George Stephenson)က လူစီးနှင့် ကုန်စည်တင်ဆောင်ရန်အတွက် မီးရထားခေါင်း တီထွင်ပြီးစီးသောအခါ (၁၈၂၅)ခုနှစ်က၍ အင်္ဂလန်နိုင်ငံတွင် ရှေးဦးစွာ စတီဖင်ဆန်၏မီးရထားခေါင်းကို "စတော့တန်" (Stockton)နှင့် "ဒါလင်တန်"(Darlington) မီးရထားလမ်းအတွက် လူစီးမီးရထားအဖြစ် စတင်အသုံးပြုလေသည်။

ယင်းမီးရထားသည် တစ်နာရီလျှင် (၈)မိုင်နှုန်းမျှသာ သွားနိုင်ပေသည်။

ယခုအခါတွင် မီးရထားကို တစ်နာရီလျှင် မိုင်(၆၀) ကျော်ခန့် ဆွဲနိုင်သော မီးရထားခေါင်းများ ပေါ်ပေါက်နေပြီ။

မီးရထားခေါင်း တီထွင်နိုင်သော ဉာဏ်စွမ်းရှိသည့် အထက်တွင် ဖော်ပြသော ပညာရှင်ကြီးသုံးဦး၏ကျေးဇူးကို နှောင်းလူများ မမေ့သင့်ပေ။

လွတ်လပ်ရေး မရမီက အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံများကို ဗြိတိသျှက အုပ်စိုးခဲ့သဖြင့် ယင်းနိုင်ငံများတွင် "မီးရထား" ပေါ်ပေါက်လာပုံကို ဆက်လက်ဖော်ပြပါမည်။

အင်္ဂလန်နိုင်ငံတွင် မီးရထား ပေါ်လာပြီးသည့်နောက် နှစ်ဆယ့်ရှစ်နှစ်ကြာသောအခါ (၁၈၅၃ ခုနှစ်) အိန္ဒိယနိုင်ငံတွင် "ဘုံဘေနှင့်ထာနာ" (Bombay and Thana)မီးရထားလမ်းကို စတင်ဖွင့်သဖြင့် ထိုလမ်းကို ရှေးဦးစွာ ဖောက်လုပ်သော အိန္ဒိယ မီးရထားလမ်းအဖြစ် မှတ်သားရာ၏။

ထို့နောက် နှစ်ဆယ့်လေးနှစ် ကြာသောအခါ (၁၈၇၇ ခုနှစ်) မြန်မာနိုင်ငံတွင် "ရန်ကုန်နှင့်ပြည် မီးရထားလမ်း" ကို စတင်ဖွင့်ကြောင်းကို မှတ်သားမိပါသည်။

(၁၈၇၇)ခုနှစ် မေလ(၁)ရက်နေ့တွင် လူစီးနှင့် ကုန်တင် ရထားအဖြစ် ရန်ကုန်မြို့မှ ပြည်မြို့သို့ မီးရထားအဖြစ် စတင် ထားသည်။

ရန်ကုန်-ပြည် မီးရထားလမ်းသည် မိုင်ပေါင်း(၁၆၁)မိုင် ရှည်လျား၏။

ရှေးဦးစွာ ဖောက်သော ယင်း ရန်ကုန်-ပြည် မီးရထား





လမ်းကို "ဧရာဝတီ နိုင်ငံတော် မီးရထားလမ်း" (Irrawaddy State Railway)ဟု ခေါ်တွင်လေသည်။

မီးရထားလမ်း သမိုင်းဝင် စာတင်ထားသော အခြား မှတ်သားဖွယ်တစ်ရပ် ရှိပေသေးသည်။

ဝန်ရှင်တော်မင်းကြီးချုပ် ဆာအက်ရှလေအီဒင် (Chief Commissioner Sir Ashley Eden)၏ အထူးတလည် ကြိုးပမ်း ဆောင်ရွက်မှုကြောင့် "ရန်ကုန်-ပြည် မီးရထားလမ်း ဖောက်လုပ် နိုင်ခွင့်အမိန့်" ကို ဗဟိုအိန္ဒိယအစိုးရထံမှ (၁၈၆၉)ခုနှစ် ရောက်မှ သာ ရရှိသည်ဟု မှတ်သားမိသည်။

မီးရထားလမ်း ဖောက်လုပ်ရန်အတွက် မြေသိမ်းခြင်း၊ လျော်ကြေးပေးရခြင်း၊ မြေတိုင်းခြင်း၊ မြေဖို့ခြင်း၊ တံတားများ လုပ်ရခြင်း၊ ကြေးနန်းတိုင်များ စိုက်ရခြင်းနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များကို တားဆီးရန် သံတိုင်များ စိုက်၍ သွပ်နန်းကြိုး ကာခြင်း၊ စောင့်ရန်းများ ကာဆီးပေးရခြင်း စသည်ဖြင့် (၈)နှစ်ခန့် ကြာသောအခါမှ မီးရထားလမ်းနှင့် မီးရထား ဘူတာရုံများ ပြီးစီး လေသည်။

မီးရထားလမ်းသမိုင်းတွင် (၁၈၆၉)ခုမှ (၁၈၈၆)ခုနှစ် အထိ မီးရထားလမ်းမိုင်ပေါင်း (၃၃၃)မိုင် ရှိသည်ဆိုရာ၌လည်း ပြည်လမ်းနှင့် တောင်ငူလမ်းနှစ်ရပ် ပေါင်းလျှင် ၃၂၇ (၁၆၁+၁၆၆)မိုင်သာ ရှိသဖြင့် (၆)မိုင်ကွာခြားနေသည်ကို မှတ် သားထားသည့်အတိုင်း ဖော်ပြလိုပေသည်။

(၁၈၆၉-၁၈၈၇)ခုနှစ်တွင် ဖောက်လုပ်သည့် ရန်ကုန်-

ပြည်လမ်းသည် (၁၆၁)မိုင်ရှိသည်။ (၁၈၆၉-၁၈၇၇)ခုနှစ်တွင် ဖောက်လုပ်သည့် "မှော်ဘီမှ ကျောက်စလစ်ကုန်း (မှော်ဘီနယ်) လမ်းသည့် (၆)မိုင်" ရှိသည်။ (၁၈၈၁)မှ (၁၈၈၅)ခုနှစ်တွင် ဖောက်လုပ်သည့် ရန်ကုန်-တောင်ငူလမ်းသည် (၁၆၆)မိုင် ရှိသဖြင့် စုစုပေါင်းလျှင် (၃၃၃)မိုင် ရှိလေသည်။

အဆိုပါ (၆)မိုင်ရှည်သော မှော်ဘီ ကျောက်စလစ်ကုန်း လမ်းအကြောင်းကို ဖော်ပြလိုပေသည်။

မှော်ဘီ(မှော်စာ) ဘူတာရုံ၏ (၆)မိုင်ကွာအရပ်ရှိ ကျောက်ကုန်း(ကျောက်စလစ်ကုန်း)မှ ကျောက်စလစ်များ သယ်ယူရန် မီးရထားလမ်းကို ဖောက်လုပ်၏။

ယင်းကျောက်စလစ်များကို မီးရထားပလက်ဖောင်း စကြံန်များနှင့် မီးရထားလမ်းများပေါ်တွင် ခင်းရန် အသုံးပြုသည်။

အဆိုပါ လမ်းခင်းကျောက်စလစ် (ကျောက်စရစ်) သယ်ယူသော ကျောက်စရစ်တင် မီးရထား(Bailast train)ကို (၁၅)နှစ်ခန့်ကြာသောအခါ ကျောက်စရစ်များ နည်းပါးသွားသဖြင့် သယ်ယူရကျိုး မနပ်သောကြောင့် ပိတ်ပစ်ဟန်တူသည်။

ထို့နောက် ယင်းကျောက်စရစ်အစား မုပလ္လင်မှကျောက်များကို အသုံးပြုလေသည်။

ရှေးဦးစွာ အသုံးပြုသော "မီးရထားခေါင်း" ခေါ် "ရေနွေးငွေ့အင်ဂျင်စက်" (Steam engine)ကို အင်္ဂလိပ်လို AO-1(အေအို-ဝမ်း)ဟု အမည်ပေးထားသည်ကို မြန်မာလူမျိုး





များက အသံကြားသည်ကို မြန်မာစကားဖြင့် "အာဝါး" ဟု ခေါ်ကြောင်း ပြောစမှတ်ပြုကြ၏။

ထို "အာဝါး မီးရထားခေါင်း" တပ်ဆင်ထားသဖြင့် ယင်း ရန်ကုန်-ပြည်သွား မီးရထားကိုလည်း "အာဝါးမီးရထား" ဟု ခေါ်တွင်လေသည်။

"ဘူတာရုံ" ဟူသောဝေါဟာရ ဖြစ်ပေါ်လာပုံကို ဖော်ပြလိုပေသည်။

(၁၈၇၇)ခုနှစ်ခန့်တွင် ရန်ကုန်-ပြည်လမ်း မီးရထားအတွက် ကျွမ်းကျင်သော အလုပ်သမား အရာထမ်း၊ အမှုထမ်းများ မရှိသဖြင့် အိန္ဒိယနိုင်ငံ မီးရထားဌာနမှ အိန္ဒိယနိုင်ငံသား အမှုထမ်းအရာထမ်းများကို ခေါ်ယူ၍ ထိုက်သင့်သော အလုပ်အကိုင် လစာများ ပေး၍ မီးရထားလုပ်ငန်းများကို ဆောင်ရွက်ခဲ့ဖူးသည်။ ခေါ်ယူသည့် အမှုထမ်းအရာထမ်းများမှာ အဖိုးအိုများဖြစ်သည်။

အဆိုပါ အိန္ဒိယနိုင်ငံသားအဖိုးကြီးများကို (၁)ရုံပိုင်ကြီး (၂)ညရုံပိုင် (၃)သံကြိုးစာရေးကြီး (၄) လက်မှတ်ရောင်းစာရေးကြီး (Booking Clerk) (၅) ကုန်ရုံစာရေးကြီး (Goods Clerk) (၆)လက်မှတ်စစ် (Travelling Ticket Examiner, T.T.E) (၇) စက်မောင်းဆရာ (Driver) (၈) မီးထိုး (Fire-man) (၉) ဗရိတ်စင်း (Brakeman) (၁၀) ဂါတ်ဗိုလ် (Guard) (၁၁) ပေါ်တာ (Porter) (၁၂) ဂျမဒါ (Jamader) အစရှိသည်တို့ ဖြစ်သည်။

မီးရထားလမ်း ဖောက်လုပ်ရာ၌ မြေတူးပေါက်လုပ်ငန်း

အတွက် အူရိယာ(Uriya) ကုလားများနှင့် ကုန်တင်ကုန်ချ လုပ်ငန်းများအတွက် ဂေါ်ရင်ဂျီကုလားလူမျိုးများလည်း မြန်မာနိုင်ငံသို့ မြောက်မြားစွာ လာကြ၏။

မီးရထားထွက်ရာ ရပ်ရာ(ရုံ) ရုံးကိုလည်း မြန်မာလို အမည်ပေးရန် စဉ်းစားလာရသည်။ ဟိန္ဒူစတန်နီစကား တတ်သော ရန်ကုန်သားများက ဟိန္ဒီစကားဖြင့် "ဗူစာကေအော့ဖစ်(စ)" (Budha ke office)ဟု ခေါ်သည်ကို မြန်မာများက "ဘူတာရုံ" (သို့မဟုတ်) အဘိုးကြီးရုံ(ရုံး)ဟု အမည်ပေးကြကြောင်းကို လွန်ခဲ့သည့်နှစ်ပေါင်း(၈၀)ကျော်ခန့်က ပေါင်းတည်သား မီးရထားရုံပိုင် ကြီးဦးဖိုးလွင်ထံမှ မှတ်သားရဖူးပါသည်။

ရန်ကုန်-ပြည် မီးရထားလမ်းအတွက် မီးရထား အမှုထမ်း-အရာထမ်းများသည် အိန္ဒိယလူမျိုးများအပြင် မြန်မာလူမျိုးများလည်း ဝင်ရောက်၍ အလုပ်သင် အမှုထမ်းကြရာ ရန်ကုန်သား၊ ပြည်သား၊ ပေါင်းတည်သားနှင့် လက်ပံတန်းသား အများအပြား ပါဝင်ကြလေသည်။

မီးရထားဘူတာရုံကို အိန္ဒိယနိုင်ငံတွင် စတေးရှင်း(Station)အစား "တေးရှင်း" ဟုသာ အင်္ဂလိပ်စကားကို မွေးစားစကား(Loan-Word)အဖြစ် ခေါ်ကြသဖြင့် ကုလားလို ဝေါဟာရ သီးခြားမရှိကြောင်း သိရပါသည်။

ဘူတာ ခေါ် အဖိုးကြီးကို ဟိန္ဒူအက္ခရာမှ မြန်မာအက္ခရာသို့ ဖလှယ်လျှင် ဗူစာ(ပါဠိလို ဝုဍ္ဎက) ဖြစ်ချေမည်။ ဗထက်ချိုင့်နှင့် "ဗူတာ၊ ဗူဒါ" စသဖြင့် မြန်မာမှုလုပ် ဖလှယ်နိုင်





ည်ဖြစ်သည်။ "ဘူတာ" ဟု ခေါ်ဆိုရေးသားလျှင် မူရင်း ဟိန္ဒူဘာသာစကားလုံးနှင့် အနက်အဓိပ္ပါယ် အလှမ်းဝေးသည်။

မြန်မာဘာသာစကားတွင် ယာဉ်တို့၏ဆိုက်ရာ ထွက်ရာ အရပ်များကို လှေဆိပ်၊ သင်္ဘောဆိပ်၊ မော်တော်ကားဆိပ်၊ လေယာဉ်ဆိပ်(လေဆိပ်)၊ ဆိုက်ကားဆိပ်၊ မြင်းလှည်းဆိပ်ဟု ခေါ်သကဲ့သို့ "ဘူတာရုံ" သည် "မီးရထားဆိပ်" ဟု သိမှတ်သင့်ပေသည်။

သို့သော်လည်း မီးရထားလမ်းများ စတင်ပေါ်ပေါက်ခဲ့စဉ်က ယခုကာလကဲ့သို့ ချောမွေ့ဖြောင့်ဖြူးခြင်းတော့ မရှိခဲ့ကြပေ။

မီးရထားလမ်းများ ပျက်စီးမှုကြောင့်သော် လည်းကောင်း၊ မီးရထားများ ကြွခိုင်မှု မပြည့်ဝသည်ကတစ်ကြောင်းကြောင့် တိမ်းမှောက်ပျက်စီးမှုများစွာတို့နှင့် ကြုံတွေ့ခဲ့ရသည်။

ထိုအထဲတွင် သောင်းကျန်းသူ အဖျက်သမားများ အပါအဝင် မသမာသူများလက်ချက်ကြောင့် ရထားများ ပျက်စီးခဲ့သဖြင့် လူ့အသက်ပေါင်းများစွာ သေကျေပျက်စီးမှုများ ရှိခဲ့လေသည်။

မီးရထားသည် သင်္ဘောပြီးလျှင် လူအများဆုံး အသုံးပြုသော ယာဉ်တစ်မျိုးဖြစ်သည်။

သို့ကြောင့် မီးရထား တိမ်းမှောက်မှုမျိုး ဖြစ်သောအခါ လူပေါင်းများစွာ သေကျေပျက်စီးမှုမျိုး ဖြစ်ကြရလေသည်။

ထိုကဲ့သို့ သေကျေပျက်စီးသွားသော လူတို့၏ဝိညာဉ်

များသည် မီးရထားပေါ်မှာပင် ရှိနေကြသည်။ ၎င်းတို့သည် မီးရထား သွားလေရာသို့ လိုက်ကာ အစုန်အဆန် ခရီးသွားလာနေကြသည်။

အချင်းချင်း စကားပြောသူကပြော၊ ကလေးများကို ချော့မြူနေသူကချော့မြူ၊ သတင်းစာ၊ စာအုပ်ဖတ်နေသူက ဖတ်နေပြီး ယခင်အတိုင်းပင် ဟန်မပျက် ခရီးသွားလာလျက် ရှိနေကြလေသည်။

အချို့လည်း ၎င်းတို့ သေဆုံးသွားပြီးနောက် တမလွန်ဘဝရောက်နေသည်ကိုပင် မသိကြပေ။

ကာလရှည်ကြာသောအခါ ရထားပေါ်မှ ဝိညာဉ်များမှာ သမ္မာရင့်ဝိညာဉ်များ ဖြစ်လာကြကာ ကမ္မဇိဒ္ဓိလည်း ရှိလာကြသည်။

အကောင်အထည်မမြင်ရသောဘဝမှ ကိုယ်ထင်ပြနိုင်ကြသောအဆင့်သို့ ရောက်လာကြသည်။

ပစ္စည်းများကို တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်းနိုင်သော စွမ်းအားမျိုး ရှိလာကြသည်။

တရိပ်ရိပ် ပြေးနေသောရထားကို အမှီလိုက်နိုင်သည်။ အရှိန်ဖြင့် သွားနေသောရထားပေါ်မှ တက်ချည်ဆင်းချည် ပြုလုပ်နိုင်ကြသည်။

အလုံပိတ်ထားသောနံရံများ၊ တံခါးများကို ထိုးဖောက်ကာ လိုရာသို့ သွားနိုင်ကြသည်။

ထိုသို့ရှိနေသည်ကိုတော့ သာမန်လူတို့ မသိနိုင် မမြင်





နိုင်ကြပေ။

အဲ. . . တစ်ခုတော့ ရှိသည်။

ရထားပေါ်သို့ နောက်ထပ်ဝိညာဉ်တစ်ကောင် အသစ်ရောက်လာလျှင်တော့ လက်ရှိနေသော ဝိညာဉ်များက နေရာဖယ်မပေးလိုသောကြောင့် နေရာလုပွဲများ ဖြစ်ပေါ်ခဲ့ကြလေသည်။

တစ်ခါတစ်ရံလည်း သာမန်သွားလာနေကြသည့်လူများက မသိလိုက်ကြပေ။

တစ်ခါတစ်ရံမှာတော့ ထူးခြားမှုများနှင့် တွေ့ကြုံကြရလေသည်။

ရထားတွဲပေါ်မှာ တစ္ဆေခြောက်သကဲ့သို့၊ ပွက္ကာကတိုက်သကဲ့သို့ လူမမြင်ရဘဲနှင့် ပစ္စည်းကိရိယာများ လွင့်ပျံလာသည်ကို တအံ့တဩနှင့် တွေ့ကြရသည်။

နောက်ပိုင်းမှာတော့ လူမပါဘဲ မောင်းနှင်သွားလာနေသော တစ္ဆေရထားများကို တွေ့မြင်သူများ ရှိလာလေသည်။

တစ္ဆေရထားများ၏ထူးခြားမှုမှာ မြင်ရသည့်သူသာ မြင်ရပြီး အတော်များများကတော့ မမြင်နိုင်ကြပေ။

သို့သော်လည်း ရထားပေါ်မှ ဝိညာဉ်များအကြောင်းနှင့် ပတ်သက်သည့်ဆန်းကြယ်မှုများကတော့ ရှိခဲ့ပေသည်။

ရထားတစ်စင်းလုံး သေဘေးအန္တရာယ်နှင့် တွေ့ကြုံရမည့် အခြေအနေမျိုးတွင် ရထားပေါ်မှ ဝိညာဉ်များက ဝင်ရောက်ကယ်တင်သွားသော အဖြစ်အပျက်များလည်း ရှိခဲ့ပေ

သည်။

ရှေးနှစ်ပေါင်းများစွာကတည်းက ကြုံခဲ့ကြရသော ဆန်းကြယ်မှုများမှာ ယခုလည်း ရှိနေသလို နောင်တစ်ချိန်၌လည်း ရှိနေဦးမည်သာ ဖြစ်ပေတော့သည်။





## အခန်း(၂)

# ရင်ခွဲရုံတစ္ဆေ

(၁၈၇၇)ခုနှစ်မတိုင်မီက တည်ဆောက်ခဲ့သော ရန်ကုန်ဘူတာကြီးကို ထိုနှစ် မေလ(၁)ရက်နေ့တွင် ဖွင့်လှစ်အသုံးပြုခဲ့ကြသည်။

ရှေးက ဆိုခဲ့သည့်အတိုင်း ရှေးယခင်က မီးရထားသံလမ်းတောင်ဘက်မှာ ရှိခဲ့ပြီး ကိုလိုနီခေတ်ဦးကာလ၌ ပင်မဘူတာကြီးအဖြစ် အသုံးပြုခဲ့ကြသည်။

နောက်ပိုင်း မီးရထားသံလမ်းများ မြောက်ဘက်နေရာ

သို့ ရွှေ့ပြောင်းတည်ဆောက်ကြပြီး အသုံးပြုခဲ့ကြသည်။

မီးရထားလမ်းတောင်ဘက်မှာ ရှိစဉ်က သာမန်အနေအထားမျှသာ ရှိသော ရန်ကုန်ဘူတာကြီးမှာ အဆောက်အဦးအဟောင်းကို ဖျက်၍ မြောက်ဖက်နေရာ၌ တည်ဆောက်သောအခါ အတော်အသင့် ခေတ်မီသော အဆောက်အအုံတစ်ခုဖြစ် လာခဲ့လေသည်။

ဗြိတိသျှ လက်ထက်က တည်ဆောက်ခဲ့သော အဆောက်အအုံများအနက် ဂျူဗလီဟော၊ ဟိုက်ကုတ်(ယခု ဗဟိုတရားရုံး)၊ ဝန်ကြီးများရုံးများ ဆောက်လုပ်ခဲ့သည့် ပုံသဏ္ဌာန်အတိုင်း တည်ဆောက်ခဲ့ပေသည်။

မီးရထားလမ်းမြောက်ဘက်တွင် တည်ဆောက်ပြီးစီးသွားသော ဘူတာရုံသစ်ကြီး (၁၈၇၇)ခုနှစ် မေလ(၁)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်းမှာလည်း အခါအားလျော်စွာ အခမ်းအနားများ ပြုလုပ်ခဲ့လေသည်။

ထိုကဲ့သို့ ပြုလုပ်သည့်အခါတိုင်း မြို့ပေါ်ရှိ အမှုထမ်းအရာထမ်းများ၊ အရာရှိကြီးများနှင့် လူကုံထံအသိုင်းအဝိုင်းများကို ဖိတ်ကြားလေ့ရှိသည်။

ထိုသို့ဖိတ်ကြားသောဧည့်သည်များထဲမှာ ဒေါက်တာမင်းထင်ကျော်နှင့် စာရေးဆရာ အောင်မင်းအောင်တို့လည်း ပါဝင်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် ခရီးသွားနေသည့်အခါနှင့် တိုက်ဆိုင်နေသောအခါမှသာ ထိုအခမ်းအနားမျိုးသို့





မတက်ရောက်နိုင်သော်လည်း ရန်ကုန်မှာ ရှိနေသောအချိန်အခါနှင့် ကြုံကြိုက်သည့်အခါမှာတော့ မဖြစ်မနေ ရောက်အောင်သွားလေ့ရှိသည်။

အဘယ့်ကြောင့်ဆိုသော် ထိုအခမ်းအနားမျိုးတွင် လူစုံတွေ့ရသလို ဗဟုသုတမျိုးစုံလည်း ရနိုင်သောကြောင့်ဖြစ်သည်။

ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးများထံမှ တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတများစွာတို့ ရနိုင်လေသည်။

အများအားဖြင့်တော့ အလုပ်တာဝန်မှ အနားယူခဲ့ပြီးသော ပင်စင်စားကြီးများ ဖြစ်ကြပေရာ တစ်ယောက်နှင့်တစ်ယောက် တွေ့ကြသည်နှင့် ရှေးဟောင်းနှောင်းဖြစ်များကို စကားလက်ဆုံ ပြောမကုန်အောင် ရှိကြလေသည်။

ထိုအထဲတွင် ဒေါက်တာမင်းထင်ကျော်နှင့် ခင်မင်ရင်းနှီးပြီးသူအချို့လည်း ပါကြလေသည်။

စက်ရှင်တရားသူကြီး ဦးသော်မောင်ထံမှ ဆန်းကြယ်လှသော အမှုအခင်းများအကြောင်းကို ကြားသိရသည်။

ပုလိပ်မင်းကြီးဟောင်း ဦးကျော်ဒင်ထံမှာ ၎င်းကိုင်တွယ်ဖြေရှင်းခဲ့ရသော ရာဇဝတ်မှုကြီးများအကြောင်းကို ကြားရသည်။

ဆရာဝန်ကြီးကက်နက်လှကျော်ထံမှ ဆန်းကြယ်လှသော ရောဂါမဟုတ်သည့် ရောဂါများအကြောင်းကို ကြားရသည်။

ထိုရောဂါများမှာ သာမန်ဖြစ်ရိုးဖြစ်စဉ်ရောဂါများမဟုတ်ဘဲ စုန်း၊ တစ္ဆေ၊ ကဝေ အစရှိသော အမှောင့်ပယောဂ

များ စွဲကပ်နှောင့်ယှက်မှုကြောင့် ဖြစ်ရသောရောဂါများဖြစ်ပေသည်။

ထိုရောဂါများမှာ သာမန်ရောဂါများထက် ကုသရန်ခက်ခဲတတ်ပြီး စိတ်ဝင်စားစရာလည်း ကောင်းလှပေသည်။

ခရိုင်ရာဇဝတ်ဝန် ဦးသာမြတ် စုံစမ်းဖော်ထုတ်ခဲ့ရသောအမှုအခင်းများအပြင် ဝတ်လုံတော်ရ ဦးမင်းစိန်ထံမှ တရားခွင်များပေါ်မှ ကမ္ဘာကျော် လျှောက်လဲချက်များ၊ ဥပဒေနှင့် ပတ်သက်ပြီး ကျွမ်းကျင်လိမ္မာလာသောအခါ လက်တစ်လုံးခြား ပြုမူဆောင်ရွက်ကြသည့်အကြောင်းများကိုသာ သိရလေသည်။

၎င်းတို့ စကားဝိုင်းမှာ တစ်ခါတစ်ရံ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပြီး တစ်ခါတစ်ရံမှာလည်း အကြိတ်အနယ် ငြင်းခုန်ပြောဆိုရသည့်အခါများ ရှိလေသည်။

၎င်းတို့အဖွဲ့သားများထဲတွင် အသက်အရွယ်အငယ်ဆုံးမှာ ဒေါက်တာမင်းထင်ကျော်သာ ဖြစ်ပြီး ကျန်လူများမှာ ၎င်းထက် အသက်အရွယ်ကြီးကြလေသည်။

လူလတ်ပိုင်းအရွယ်ဟု ဆိုရမည့် စာရေးဆရာ အောင်မင်းအောင်နှင့် ဝတ်လုံတော်ရ ဦးမင်းစိန်တို့ပင်လျှင် လေးဆယ်ပတ်ဝန်းကျင်အရွယ် ရှိနေကြပေပြီ။

ဦးမင်းစိန်မှာ အသက်အရွယ် ငယ်သေးသော်လည်း အတွေ့အကြုံများသော ရှေ့နေတစ်ဦးဖြစ်သည်နှင့်အညီ ၎င်းအနေနှင့် မှန်သည်ဟု ထင်လျှင် အလျှော့ပေးလေ့ မရှိသူဖြစ်သည်။





"ကျုပ်တို့တတွေလည်း မတွေ့ရ မဆုံဖြစ်ကြတာ အတော်ကလေး ကြာပေါ့၊ အခုလို စုံစုံညီညီ ပြန်တွေ့ရတာ ဝမ်းသာလှသဗျာ"

စက်ရှင်တရားသူကြီး ဦးသော်မောင်က ဆေးပြင်းလိပ်ကို တစ်ဖွာနှစ်ဖွာ ဖွာရင်း ပြောလိုက်လေသည်။

၎င်းသောက်သော ကြောင်ခေါင်းတံဆိပ် ဆေးပြင်းလိပ်မှာ တစ်ခေတ်တစ်ခါက နာမည်ကြီး လူကြိုက်များလှသော ဆေးပြင်းလိပ် ဖြစ်ရာ မီးခိုးငွေ့နှင့်အတူ ရနံ့တသင်းသင်း ပျံ့နှံ့နေသည်။

"ကိုင်း. . . အခုလို လူစုံတုန်း ဒီတစ်ပတ်တော့ အတွေ့အကြုံသစ်ကလေးတွေ ကြားစမ်းပါရစေ"

စာရေးဆရာ အောင်မင်းအောင်က ကုန်ကြမ်းအသစ်အဆန်း လိုချင်သော စာရေးဆရာပီပီ သူလိုချင်သောစကားလမ်းကြောင်းကို မသိမသာ ဦးတည်ပေးလိုက်လေသည်။

"ခင်ဗျားက ဒီအကြောင်းတွေ ရတာနဲ့ စိတ်ကူးနဲ့ ချဲ့ပြီး ဝတ္ထုရေးဦးမှာ မဟုတ်လား ဦးမင်းအောင်"

ဝတ်လုံတော်ရ ဦးမင်းစိန်က ဝင်မေးလိုက်သည်။

"ကျွန်တော့်အတွက်ကတော့ ဒီစကားဝိုင်းက ရတဲ့ ဗဟုသုတတွေဟာ တန်ဖိုးမဖြတ်နိုင်တဲ့ကုန်ကြမ်းတွေပဲဗျာ၊ အခုလို ခင်ဗျားတို့ဆီက ရတဲ့ ကုန်ကြမ်းအချက်အလက်တွေနဲ့ ဝတ္ထုရေးရတာ ကျေးဇူးလည်း တင်ပါတယ်"

"ဒီလို ပါးစပ်နဲ့ ကျေးဇူးတင်နေရုံနဲ့တော့ ဘယ်ဖြစ်ပ့ါ

မလဲ ကိုမင်းဇေအောင်ရဲ့ ကျုံကြီးလမ်းမှာ ရှိတဲ့ ဟောင်ကောင် ပျော်ပွဲစားရုံမှာ တရုတ်အစားအစာတွေ အတော်ကောင်းဆိုပဲ၊ ကျွန်တော်တို့ တစ်ဖွဲ့လုံး ခေါ်ပြီး ဒကာခံဖို့ အစီအစဉ်လေးများ မရှိဘူးလား"

ပုလိပ်မင်းကြီးဟောင်း ဦးကျော်ဒင်က ပုလိပ်ညာဉ် မပျောက်သေးသကဲ့သို့ အခွင့်အရေး ပေါ်လာသည်နှင့် စားဖို့ အကွက်ဖန်တီးလိုက်သည်။

"ရပါတယ်ဗျာ. . . ရပါတယ်၊ ဒီတစ်ခါ စာမူခလေးများ ရရင်တော့ ခင်ဗျားတို့တစ်ဖွဲ့လုံးကို ကျွေးပါ့မယ်"

ဟု ကတိပေးရလေသည်။

ထို့နောက်. . .

အခမ်းအနား ကျင်းပနေသောအဖွဲ့မှ လက်ဖက်ရည်နှင့် မုန့်များ လာရောက်ချပေးသဖြင့် စားသောက်ရင်းနှင့်ပင် စကား ပြောနေကြရာ ခရိုင်ရာဇဝတ်ဝန် ဦးသာမြတ်က ဝင်ပြောလေ သည်။

"ကျွန်တော်ပြောတာလေးလည်း တဆိတ်လောက် နား ထောင်ပေးကြပါ၊ ဟုတ်မဟုတ်ဆိုတာလည်း ချင့်ချိန်ပေးကြပါ"

"ဘာများလဲ ဦးသာမြတ်ရဲ့၊ စကားနိဒါန်းတွေဘာတွေ ခံနေရလောက်အောင် ခင်ဗျားပြောမယ့်အကြောင်းက ဘယ်လို အကြောင်းမျိုးမို့လဲ"

ဆရာဝန်ကြီးကက်နက်လှကျော်က ဝင်မေးလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူး၊ ဝိညာဉ်တို့ တစ္ဆေသရဲတို့





ဆိုတာ တကယ်ရှိမရှိ သိချင်လို့ပါ"

"ဘာကြောင့် မေးတာလဲ"

"တလောက ဗဟန်းဂါတ်တဲက အစီရင်ခံစာတစ်စောင် တက်လာတယ်၊ ချာချီလမ်း(ယခုကိုယ့်မင်းကိုယ့်ချင်းလမ်း)ထဲက အိမ်ကြီးတစ်ဆောင်မှာ ပုဏ္ဏကတိုက်သလို ကျိန်စာမိနေသလို ဖြစ်နေပြီး နေတဲ့လူတိုင်း သေနေကြလို့ ပုလိပ်ကို လာအကြောင်း ကြားတယ်၊

ဗဟန်းဂါတ်တဲက အမှုလိုက် ရာဇဝတ်အုပ်နဲ့ ဆား ပုလင်းတွေ သွားပြီးစုံစမ်းကြည့်တော့လည်း ဘာမှအဖြေမသိခဲ့ရ ဘူး၊

ဒါပေမယ့် အဲဒီအိမ်ကြီးမှာ နေတဲ့လူတွေကတော့ မကြာခဏဆိုသလို လက်သည်မပေါ်ဘဲနဲ့ တစ်ယောက်ပြီးတစ် ယောက် သေနေတော့တာပဲ၊

သူတို့အစီအရင်ခံစာမှာတော့ တစ္ဆေသရဲတွေ လက် ချက်လိုလို ကျိန်စာသင့်နေသလိုလိုနဲ့ မတင်မကျ ဖော်ပြထား တယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က သောက်လက်စ စီးကရက်ကို ပြာခွက်ထဲသို့ ချေချရင်း ဝင်မေး လိုက်သည်။

"ဆရာပြောတဲ့အိမ်က ချာချီလမ်း ခြံအမှတ် 23 B ကို ပြောတာထင်တယ်"

"ဟုတ်တယ်. . . ဟုတ်တယ်"

"အဲဒီခြံနဲ့အိမ်ကြီးက မူလပထမက ရှမ်းစော်ဘွားတစ်ဦး ပိုင်ဆိုင်ခဲ့တဲ့နေရာပဲ၊ ရှမ်းစော်ဘွားရဲ့စော်ဘွားကတော် နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြတယ်လေ"

"ဟုတ်မယ် ထင်တယ်ဗျ. . . . အစီရင်ခံစာထဲမှာတော့ အဲဒီအကြောင်းတွေ မပါဘူး၊ ခင်ဗျားသိသမျှ ပြောပြပါဦး ကိုမင်းထင်ကျော်ရဲ့"

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ကျိန်စာသင့်နေသည်ဟု ယူဆနေကြသော ထိုအိမ်ကြီးအကြောင်းကို အောက်ပါအတိုင်း ပြောပြလေသည်။

ချာချီလမ်း အမှတ်(၂၃ ဘီ) ခြံနေရာ၌ ဆောက်လုပ်ထားသောအိမ်ကြီးမှာ ရှေးအခါက ရှမ်းစော်ဘွားတစ်ဦး ပိုင်ဆိုင်ခဲ့သော ရှေးဟောင်းအိမ်ကြီးပင်ဖြစ်သည်။

ရှမ်းစော်ဘွားနေထိုင်စဉ်ကာလမှာပင် အနှောင့်အယှက်အမျိုးမျိုး၊ ကြောက်မက်ဖွယ်ရာအန္တရာယ်ဆိုးများနှင့် တွေ့ကြုံခဲ့ရကာ နောက်တော့ စော်ဘွားကတော်နှစ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ပေသည်။

(နောက်ပိုင်းတွင် ထိုစော်ဘွားနှင့် ပတ်သက်သော စိတ်ဝင်စားဖွယ်အကြောင်းအရာအချို့ကို ဖော်ပြပေးပါမည်)

သို့ကြောင့် ထိုနေရာ၌ မနေဝံ့သောကြောင့် အခြားနေရာသို့ ရွှေ့ပြောင်းသွားခဲ့လေသည်။

နောက်ပိုင်းမှာလည်း ထိုအိမ်မှာ လာရောက်နေထိုင်သူတို့ တစ်ယောက်ပြီးတစ်ယောက် သေကြရသည်။





၎င်းတို့ပြောပြချက်အရ ညဉ့်အချိန်ရောက်လာသည့်အခါ ဘီလူးနှင့်တူသော မည်းမည်းသဏ္ဍာန်များနှင့် ဆင်ရိုင်းနှင့်တူသော မည်းမည်းသဏ္ဍာန်ကြီးများ ဝင်ရောက်လာပြီး လူများကို သတ်ဖြတ်ကြောင်း သိရလေသည်။

အချို့ကလည်း ထိုအိမ်ကြီးကို ပုဏ္ဏက တိုက်သည်ဟု ယူဆကြသောကြောင့် "ပုဏ္ဏကစံအိမ်" ဟု ခေါ်သည်။

အချို့ကလည်း မကောင်းဆိုးဝါးဝိညာဉ်များ ရှိနေသည်ဟု ယူဆသောကြောင့် ဝိညာဉ်လှောင်အိမ်ဟု အမျိုးမျိုး ခေါ်ဝေါ်ကြလေသည်။

ဗြိတိသျှအစိုးရကလည်း ထိုအကြောင်းများကို သိသော်လည်း ဂရုမစိုက်ဘဲ ဥပေက္ခာပြုထားကြလေသည်။

နောက်ပိုင်း နေဝံ့မည့်သူ မရှိသော ထိုအိမ်ကြီးကို ဒီအတိုင်း ပိတ်ထားခဲ့ရာမှ (၁၉၁၉)ခုနှစ် ဧပြီလတွင် သီပေါမင်း၏ မိဖုရားခေါင်ကြီးဖြစ်သူ စုဖုရားလတ် ရန်ကုန်သို့ ရောက်လာသောအခါ ဗြိတိသျှ အရာရှိများက ထိုအိမ်မှာ နေရန် စီစဉ်ပေးကြလေသည်။

ရတနာဂီရိတွင် သီပေါမင်း နတ်ရွာစံသွားပြီးနောက် (၁၉၁၉)ခုနှစ် ဧပြီလတွင် စုဖုရားလတ်သည် ရန်ကုန်မြို့သို့ ပြန်လာလေသည်။

မျက်နှာဖြူများက ချာချီလမ်း အမှတ်(၂၃-ဘီ) ခြံကြီးမှာရှိသော ထိုအိမ်ကြီးကို ငှားရမ်းပေးခဲ့ကြသည်။

ဗြိတိသျှအစိုးရက ထိခိုက်သည်ဟု နာမည်ကြီးသဖြင့်

နေဝံ့မည့်သူ မရှိသော ထိုအိမ်ကြီးကို တစ်လလျှင် ကျပ်(၅၀၀)ဖြင့် နှစ်နှစ်စာချုပ် ချုပ်ကာ ငှားရမ်းပေးခဲ့လေသည်။

ထိုအိမ်ကြီးအကြောင်းကို သိတန်သရွေ့ သိသော စတုတ္ထ သမီးတော်က နေထိုင်ရန် ငြင်းဆန်ခဲ့လေသည်။

ထိုအခါ ဗြိတိသျှအစိုးရက ထိုအိမ်သို့ ပြောင်းရွှေ့ နေထိုင်ခြင်း မပြုပါက နှစ်နှစ်စာ ငွေ(၁၂၀၀၀) ပေးလျော်ရမည်ဆိုသောကြောင့် ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။

သို့သော်လည်း ကြာရှည်မနေနိုင်ကြပေ။

အနှောင့်အယှက်များသောကြောင့် နောက်ဆုံးမနေဝံ့ကြတော့သဖြင့် (၁၉၂၂)ခုနှစ်တွင် အမှတ်(၂၄) စံအိမ်တော်သို့ ပြောင်းရွှေ့နေထိုင်ရလေသည်။

မိဖုရားကြီးသည် ချာချီလမ်း၊ အမှတ်(၂၄)စံအိမ်၌ နေထိုင်ရင်းနှင့်ပင် (၁၉၂၅)ခု နိုဝင်ဘာလတွင် နတ်ရွာစံခဲ့လေသည်။

မိဖုရားကြီးနေထိုင်သွားခဲ့သော စံအိမ်တော်မှာ ဗဟန်းရဲစခန်းနှင့်တည့်တည့် အုတ်နံရံကွေ့အထက်ဘက် ယခု ဇီဝိတဒါန ဆေးရုံဝင်းအတွင်း၌ ရှိခဲ့လေသည်။ နောက်ပိုင်း ဆေးရုံအဆောင်များ တိုးချဲ့ဆောက်လုပ်သောအခါ ဖျက်သိမ်းခဲ့ကြလေသည်။

ရှေးယခင်က နေထိုင်ကြသည့်လူတိုင်း သေဆုံးခဲ့ကြသောကြောင့် ခိုက်သည်ဟု နာမည်ကြီးခဲ့သော အမှတ်(၂၃-ဘီ)ခြံနှင့်အိမ်ကြီး တည်ရှိခဲ့သောနေရာမှာ ယခု ကီးတော်ကျန်





းတော်ဆက် ရှိသော အတွင်းပိုင်း၌ ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က သူသိသမျှအကြောင်းများ ပြောပြလိုက်သောအခါ ခရိုင်ရာဇဝတ်ဝန် ဦးသာမြတ်သာ ကျန်လူများကပါ စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

“ခြံအမှတ်(၂၃-ဘီ)မှာ နေသမျှ လူတွေ ဘာကြောင့် သေတယ်လို့ ခင်ဗျားယူဆသလဲ ပြောပါဦး”

“ကျိန်စာတစ်ခုခုကြောင့် ဖြစ်ချင်ဖြစ် ဒါမှမဟုတ်ရင် ဘော့ ဝိညာဉ်တွေ နှောင့်ယှက်လို့ပဲ ဖြစ်မယ်ထင်ပါတယ်”

ဒေါက်တာမင်းထင်ကျော်စကားကို အတော်များများက က်ခံကြသော်လည်း ခေတ်ပညာတတ်လည်းဖြစ်၊ နိုင်ငံခြားမှ ဒေါက်တာဘွဲ့ ယူလာခဲ့သော ဆရာဝန်ကြီး ကက်နက်လှကျော် တော့ လက်ခံချင်ပုံ မရပေ။

“ယုံကြည်စွဲလန်းမှုနဲ့ သက်ဆိုင်တဲ့ အယူအဆတစ်ခုကိုတော့ အငြင်းမပွားလိုပါဘူး၊ ဒါပေမယ့် ကျွန်တော့်အမြင် ပြောရင်တော့ ဝိညာဉ်လောကသားတွေဟာ ရှိကောင်းရှိနေကြပေမယ့် လူတွေကိုတော့ ဒီလိုသေကြအောင် မလုပ်နိုင်ပါဘူး၊ အဲဒီအိမ်မှာ သေတယ်ဆိုတာကလည်း အခြားအကြောင်းတစ်ခုကြောင့်ပဲ ဖြစ်မယ်ထင်ပါတယ်၊

ကျွန်တော် ဆရာဝန်ဘဝနဲ့ နေရာအနှံ့ သွားခဲ့ရင်း အတွေ့သရဲနဲ့ ပတ်သက်တဲ့အတွေ့အကြုံတွေ အများကြီး တွေ့ခဲ့ကြုံခဲ့ရပါတယ်၊ ဒါပေမယ့် သေသေချာချာ စုံစမ်းကြည့်တော့

လည်း အထင်နဲ့အမြင် လွဲနေတာတွေပဲ တွေ့ရပါတယ်"

"ပြောပါဦး ဆရာကြီး"

"တစ္ဆေသရဲနဲ့ ပတ်သက်ပြီး တွေ့ကြုံခဲ့ရတာတွေတော့ အများကြီး ရှိပါတယ်၊ ဒီအထဲက ရန်ကုန်ဆေးရုံကြီးမှာ တာဝန်ကျတုန်းက ကြုံခဲ့ရတဲ့ သရဲခြောက်ပုံလေး ပြောပြပါ့မယ်"

ဆရာဝန်ကြီး ကက်နက်လှကျော်မှာ မန္တလေးမှ ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့လာချိန်က ဆေးရုံကြီးအတွင်းမှာ ရှိသော ရင်ခွဲရုံတဝိုက်မှာ သရဲတစ္ဆေခြောက်သည်ဟု နာမည်ကြီးနေသောအချိန်ဖြစ်ပေသည်။

ဈေးသည်များအနေနှင့် ဈေးရောင်းမကောင်းသောအခါ ဈေးဗန်းကို အလေးဖြင့် ခေါက်ပါက ဈေးရောင်းကောင်းလာတတ်သည်ဟု အယူရှိလေသည်။

လူသေထည့်သော ခေါင်းတလား ပြုလုပ်ရောင်းချသူများကလည်း အရောင်းအဝယ် မကောင်းသည့်အခါ ခေါင်းတလားများကို ခေါက်ပေးပါက လူများ တစ်ယောက်ပြီးတစ်ယောက် သေကာ ခေါင်းတလားများ အရောင်းသွက်သည်ဟု ယူဆလေသည်။

ဆေးရုံများမှာလည်း ခွဲစိပ်ခန်းထဲမှာ တစ်စုံတစ်ခု ကြမ်းပေါ်သို့ လွတ်ကျပါက ခွဲစိပ်လူနာများ ရောက်လာတတ်သည်ဟု ထင်မြင်ယူဆကြသည်။

ထို့ပြင် ရင်ခွဲရုံသန့်ရှင်းရေး လုပ်မိပါက ဆေးရုံသို့ လူသေအလောင်း ချက်ချင်းရောက်လာတတ်သည်ဟု ထင်မြင်ကြ





သည်။

ယုံကြည်မှုလည်း ရှိကြသည်။

ညအချိန်မတော် ရင်ခွဲရုံ ရှိရာဘက်မှ ခွေးအူသံများ ကြားရခြင်း၊ ငှက်ဆိုးထိုးသံများ ပေါ်ထွက်လာပါက ဆေးရုံအတွက်သော်လည်းကောင်း၊ ဆေးရုံမှာ ရှိနေကြသည့် လူနာများအတွက် နိမိတ်မကောင်းဟု အယူရှိကြသည်။

ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံတဝိုက်မှာ ညအချိန်ရောက်လာသည့်အခါ ခွေးအူသံများ ကြားရခြင်း၊ ငှက်ဆိုးထိုးသံများ ပေါ်ထွက်လာပါက မည်းမည်းသဏ္ဍာန်များ သွားလာလှုပ်ရှားနေသည်ကို ဝိုးတဝါး လှမ်းမြင်ရခြင်း၊ ထိုသို့မြင်ရပြီး မကြာမီ ရင်ခွဲရုံ ဘံခါးပေါက်မှာ ထွန်းထားသောမီးလုံးမှာ ရုတ်တရက် ငြိမ်းသွားတတ်ခြင်းများ ဖြစ်တတ်လေသည်။

အချို့မယုံကြည်သူများက တစ်ယောက်နှင့်တစ်ယောက် အဖော်ညှိပြီး မနီးမဝေး ရောက်အောင် သွားကြည့်ကြသည်။

ထိုအခါ မီးလုံးအလင်းရောင် မရှိတော့သဖြင့် မှောင်ည်းနေသော ပတ်ဝန်းကျင်တဝိုက်တွင် မည်းမည်းသဏ္ဍာန်ကြီးများ သွားလာနေရုံမက တစ်ခါတစ်ရံ ရင်ခွဲရုံအပေါက်ဝနားမှာ ဆေးလိပ်မီးတရဲရဲနှင့် ဆောင့်ကြောင့်ထိုင်နေသော မည်းမည်းသဏ္ဍာန်အချို့ကိုပါ တွေ့ကြရသည်။

တစ်ခါတစ်ရံလည်း ပိတ်ထားသောရင်ခွဲရုံအတွင်းမှ မီးရောင်အချို့ကို မြင်ရသောကြောင့် ဆက်မနေဝံ့ကြတော့ဘဲ

မြန်ပြေးကြရလေသည်။

"နောက်တော့ အဖြေဘယ်လိုပေါ် သလဲဆိုတာပါ ပြော
ပါဦး ဆရာကြီးရဲ့"

ဟု ဝတ်လုံတော်ရ ဦးမင်းစိန်က စိတ်မရှည်တော့သည့်
ထပ်မေးလိုက်သည်။

ဆရာဝန်ကြီး ကက်နက်လှကျော်က စားပွဲပေါ်မှ ကော်
ပန်းကန်ကို ယူပြီး တစ်ကျိုက်မော့သောက်လိုက်သည်။

"နောက်တော့ ရင်ခွဲရုံတစ္ဆေအကြောင်းကို သိချင်တာနဲ့
ကျွန်တော်ကိုယ်တိုင်ပဲ ဆင်းပြီးလေ့လာကြည့်တော့မှ အဖြေသိ
တော့တယ်"

"ဘယ်လိုတဲ့လဲဗျ"

"ရင်ခွဲရုံဆိုက ညဘက် ခွေးအူသံတွေက အချိန်မတော်
ရင်ခွဲရုံနားက လူဖြတ်သွားတာ မြင်လို့ အူကြတာပဲ၊ ငှက်ဆိုးထိုးသံ
တွေကလည်း ဒီအတိုင်းပဲ၊ ရင်ခွဲရုံအပေါ်မှာ မိုးနေတဲ့ ကုက္ကိုပင်
ကြီးတွေပေါ်မှာ ငှက်တွေ လာအိပ်ကြတယ်၊ အနားမှာ လူရိပ်မြင်
တော့ လန့်အော်ကြတာပဲဗျ၊ အဲဒီသစ်ပင်မှာ ဖျိုင်းအောက်တွေ
ရှိတယ်"

"ထားပါတော့. . . ဒါထက် မည်းမည်းသဏ္ဌာန်တွေက
ရော ဘယ်သူတွေလဲ"

"တခြားမဟုတ်ပါရိုးလား. . . ဆေးရုံမှာ သန့်ရှင်းရေး
လုပ်တဲ့ ကုလားတွေပဲ၊ ဒီကောင်တွေက ညဘက်ရောက်ရင်
ရင်ခွဲရုံနားကို သွားကြတယ်၊ ဒီတော့ ခွေးတွေအူ၊ ငှက်တွေ လန့်





အော်နဲ့ပေါ့ဗျာ"

"သူတို့က ဘာသွားလုပ်ကြတာလဲ"

"ဒီကုလားတွေက ညဘက်ရောက်ရင် ရင်ခွဲရုံမီးလုံးကို
ဖြုတ်ပြီး အမှောင်ထဲမှာ ဆေးခြောက်ရှုကြတာပဲ၊ ဒါကြောင့်
အမှောင်ထဲမှာ ကြည့်ရင် မည်းမည်းကြီးတွေ ထိုင်နေပြီး မီးရောင်
တရဲရဲနဲ့ လှမ်းမြင်ရတာပဲ"

"တယ်လည်း အကြံပိုင်ပါလား"

"ပိုင်ဆို ညဘက်ရောက်ရင် ရင်ခွဲရုံနားကို ဘယ်သူမှ
မလာဝံ့မှန်း သိတော့ သူတို့အတွက် အခွင့်ကောင်းပေါ့ဗျာ၊
နောက်တော့ ဒီအကြောင်းတွေကို ကျွန်တော်သိသွားပြီး ဒီ
ကုလားတွေကို ရုံးခန်းမှာ ခေါ်ကြိမ်းတော့မှ ရင်ခွဲရုံတစ္ဆေကိစ္စ
လည်း ပြီးသွားတော့တယ်"

ဆရာဝန်ကြီး ကက်နက်လှကျော်စကား အဆုံးသတ်
သွားသောအခါ ကျန်လူများက မိမိတို့ ဆင်ခြေ ယူဆချက်များကို
အသီးသီး ဝင်ရောက်ပြောဆိုကြပြီးနောက် အခမ်းအနား ပြီး
သောအခါ လူစုခွဲကြလေတော့သည်။







# အခန်း(၃)

# အိပ်မက်ထဲမှ မဟူရာဒေဝီ

ဒေါက်တာမင်းထင်ကျော်မှာ မိမိနေအိမ်သို့ ပြန်ရောက်လာပြီးနောက်တွင် ချာချီလမ်း၊ အမှတ်(၂၃-ဘီ)အိမ်ကြီးနှင့် ပတ်သက်သောအကြောင်းများအပြင် မူလပိုင်ရှင်ဖြစ်ကြသော ရှမ်းစော်ဘွားအကြောင်းနှင့် ပတ်သက်သောအကြောင်းများကို မှတ်တမ်းဟောင်းများ၌ လိုက်ရှာကြည့်သော်လည်း တိတိကျကျ မသိရပေ။

နောက်ဆုံးမှာတော့ ထိုအကြောင်းများကို ကျကျနန ပြောပြနိုင်သော ဆရာကြီးသူရရွှေအား သတိရမိပေသည်။

☺ အောင်မြင်စာပေ ☺

သို့ကြောင့် ဆရာကြီးသူရဋ္ဌ နေထိုင်သော ရွှေတောင်ကြား အတွင်းပိုင်းဘက်သို့ သွားလေသည်။

ဆရာကြီးသူရဋ္ဌ နေသောနေရာမှာ ဒေါက်တာမင်းထင်ကျော်နှင့် တစ်ရပ်ကွက်တည်းဖြစ်ပြီး မဝေးလှပေ။

ဒေါက်တာမင်းထင်ကျော် ရောက်သွားတော့ ဆရာကြီးသူရဋ္ဌက ဘုရားခန်းဘက်မှ ထွက်လာလေသည်။

ဆရာကြီးသူရဋ္ဌမှာ အသက်(၆၀)ကျော်အရွယ်ရှိနေပြီဖြစ်သော်လည်း ကျန်းမာကြံ့ခိုင်လျက်ရှိနေပြီး ပြဒါးပြာ၊ ရွှေပြာများ၏အစွမ်းသတ္တိကြောင့် အသားအရေမှာ ဖြူဝင်းစိုပြည်လျက်ရှိလေသည်။

ဆရာကြီးသူရဋ္ဌက ဧည့်ခန်းသို့ ခေါ်သွားပြီး ကော်ဖီ၊ လက်ဖက်ရည်၊ အကြမ်းခါးခါးတို့ဖြင့် ဧည့်ခံလေသည်။

"ဘာကိစ္စအကြောင်းထူးများ ရှိလို့လဲ မောင်ထင်ကျော်ရဲ့"

"သိချင်တာလေး ရှိလို့ပါ ဆရာကြီး"

"ဘာများလဲ"

"ချာချီလမ်းမှာ အမှတ်(၂၃-ဘီ)ဆိုတဲ့ ခြံနဲ့အိမ်ကြီး အကြောင်းကို ဆရာကြီး ကြားဖူးတယ် မဟုတ်လား"

ဆရာကြီးသူရဋ္ဌက အတန်ငယ် စဉ်းစားနေပြီးမှ ပြောသည်။

"စုဖုရားလတ် နေသွားတဲ့အိမ်ကို ပြောတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"





"အဲဒီအိမ်ရဲ့မူလပိုင်ရှင်က ရှမ်းစော်ဘွားတစ်ဦးပဲ"

"ကျွန်တော်က အဲဒီစော်ဘွားနဲ့ ပတ်သက်တဲ့အကြောင်းကို သိချင်တာပါ၊ ဆရာကြီးများ သိတန်သလောက် သိမယ်ထင်လို့ လာမေးတာပါ"

"နည်းနည်းပါးပါးလောက်ပဲ သိတယ် မောင်ထင်ကျော်ရဲ့၊ လူတွေက အဲဒီအိမ်ကြီးကို ခိုက်တယ်၊ ကျိန်စာသင့်နေတယ်လို့ ပြောနေကြတယ်၊ ဒါကလည်း တခြားမဟုတ်ပါဘူး၊ ရှမ်းစော်ဘွားနဲ့ ပတ်သက်တဲ့ ပစ္စည်းတစ်ခုခုကြောင့် အခုလို ဖြစ်နေတာလို့ ယူဆစရာ ရှိပါတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားသွားလေသည်။

"ဘယ်လိုပစ္စည်းမျိုး ဖြစ်မယ်လို့ ဆရာကြီး ထင်ပါသလဲ"

"လူတွေနဲ့ မထိုက်တန်တဲ့ သိဒ္ဓိရှိတဲ့ ပစ္စည်းတစ်မျိုးမျိုးဖြစ်မှာပေါ့၊ အဲဒီအကြောင်းတွေကို ဂဃနဏ သိချင်ရင်တော့ သူနဲ့ အဆက်အနွယ်ရှိတဲ့လူတွေကို မေးမြန်းစုံစမ်းကြည့်မှပဲ သိရမှာပဲ"

ဟု ပြောပြလေသည်။

"ရှမ်းစော်ဘွားရဲ့အဆက်အနွယ်တွေက ဘယ်မှာ ရှိတဲ့လဲ ဆရာကြီး"

"ကျုပ်သိရသလောက်တော့ စော်ဘွားကြီးကုန်းဘက်မှာ နေကြတယ်လို့ သတင်းကြားတာပဲ၊ မောင်ထင်ကျော် စုံစမ်းကြည့်ရင် တွေ့နိုင်ပါလိမ့်မယ်၊

အဲဒီဘက်မှာ ရှမ်းစော်ဘွားအဆက်အနွယ်တွေ အများကြီး ရှိတာပဲ"

"အခုလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ် ဆရာကြီး"

"ဒါထက် မောင်ထင်ကျော်က ဒီကိစ္စကို ဘာကြောင့် ဒီလောက်စိတ်ဝင်စားနေတာလဲ"

"ကျွန်တော်လည်း ဆရာကြီးထင်သလိုပါပဲ၊ သိဒ္ဓိရှိတဲ့ ပစ္စည်းတစ်ခုခု၊ ဒါမှမဟုတ် အန္တရာယ်ရှိတဲ့ပစ္စည်းတစ်ခုခုကြောင့် အခုလို ဖြစ်ခဲ့သလားလို့ ထင်မိနေလို့ပါ"

"စုံစမ်းကြည့်ပေါ့ကွာ. . . အကြောင်းထူးတစ်ခု ရလာတော့လည်း ကိုယ့်အတွက် အကျိုးရှိနိုင်တာပေါ့။

ဒါထက် မောင်ထင်ကျော် စုံစမ်းလို့ တစ်ခုခု ထူးခြားတာ သိရရင် ကျုပ်ကိုလည်း ပြောပြဦးနော်"

"စိတ်ချပါ ဆရာကြီး"

ထို့နောက်. . .

ဒေါက်တာမင်းထင်ကျော်မှာ ဆရာကြီးသူရဇ္ဇကို နှုတ်ဆက်ပြီးနောက် မော်တော်ကားကို မောင်းထွက်ခဲ့လေသည်။

သူသည် စော်ဘွားကြီးကုန်း ရှိရာဘက်သို့ သွားမည်ဖြစ်ရာ ဘောင်ဒရီလမ်း(ယခု မဟာစေတီလမ်း)အတိုင်း မြေနီကုန်း ရောက်အောင်မောင်းခဲ့ပြီးမှ ပြည်လမ်းအတိုင်း မြောက်ဘက်သို့ ဦးတည်မောင်းခဲ့လေသည်။

စော်ဘွားကြီးကုန်းမှာ အင်းစိန်မြို့နယ်အတွင်း၌ ပါဝင်ပြီး လမ်းသစ်လမ်းနှင့် အင်းစိန်ဘူတာရုံလမ်းတို့ ဆုံရာတဝိုက်ကို





စော်ဘွားကြီးကုန်းဟု သတ်မှတ်ခေါ်ဝေါ်ကြလေသည်။

စော်ဘွားကြီးကုန်းမှာ ရှေးနှစ်ပေါင်းများစွာကပင် ရွှေတိဂုံစေတီတော်ကြီး တည်ရှိရာ သိင်္ဂုတ္တရကုန်းတော်ကို ဝန်းရံနေသော ကုန်းပေါင်း(၉၉)ကုန်းတွင် ပါဝင်ခဲ့ကြောင်း ဆိုကြလေသည်။

ထိုဝန်းရံနေသော ကုန်း(၉၉)ကုန်းတို့တွင် စော်ဘွားကြီးကုန်း၊ စော်ဘွားလေးကုန်း၊ မရမ်းကုန်း၊ မြေနီကုန်း စသောနေရာများ ပါဝင်လေသည်။

စော်ဘွားကြီးကုန်းဟု အမည်တွင်ခဲ့ရသောအကြောင်းမှာ ရှေးအခါက ထိုနေရာသို့ စော်ဘွားကြီးတစ်ဦး လာရောက်နေထိုင်ရာမှ နောက်ပိုင်း ထိုစော်ဘွားကြီးမှာ ဝိဇ္ဇာဘိုးတော်ဘဝသို့ ရောက်ရှိသွားခဲ့လေသည်။

(၁၉၅၀)ခုနှစ်ဝန်းကျင်တဝိုက်တွင် ထိုနေရာသို့ ဆေးဝက်ပါ ဆရာတော်ကြီး ကြွရောက်လာပြီး သာသနာပြုလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ ဝိဇ္ဇာဘိုးတော်စော်ဘွားကြီးကို မြန်လည် အကူအညီပေးသည့်အနေဖြင့် စော်ဘွားကြီးအတွက် စံနန်းတော်ကို ဆေးဝက်ပါဘုရားဝင်းအတွင်းမှာပင် ဆောက်လုပ်ပေးထားလေသည်။

ရှေးအခါက အင်းစိန်၊ မရမ်းကုန်း၊ မြေနီကုန်း၊ စမ်းချောင်းတဝိုက်မှာ ရှမ်းလူမျိုးများစွာ လာရောက်နေထိုင်ခဲ့ကြသည်။

ရှမ်းလူမျိုးများချည်း သီးသန့်နေသောလမ်းကို 'ရှမ်း

လမ်း' ဟု ယခုထက်တိုင် ခေါ်ဝေါ်ခဲ့ကြသည်။

အင်းဝမင်းဆက်ကို စတင်တည်ထောင်ခဲ့သော သတိုးမင်းများလက်ထက်တွင် ရှမ်းစော်ဘွားမောင်နှမသုံးဦးတို့ စော်ဘွားကြီးကုန်းသို့ ရောက်လာကြသည်။

၎င်းမောင်နှမသုံးဦးမှာ သမာဓိ၊ သီရိကဥ္စနနှင့် ကျမိုင်းသီဟရာဇာတို့သုံးဦး ဖြစ်ကြလေသည်။

၎င်းတို့ ပေါ်ဆောက်၍ လာရောက်နေထိုင်ကြသော နေရာမှာ စော်ဘွားကြီးကုန်း၏တောင်ဘက် ယခု လေယာဉ်ကွင်း ပြုလုပ်ထားသော နေရာတောင်ကုန်းထိပ်၌ ဖြစ်ပေသည်။

နောက်ပိုင်းမှာလည်း ရှမ်းစော်ဘွားအဆက်အနွယ်များ ရန်ကုန်မြို့သို့ တဖြည်းဖြည်းနှင့် ရောက်ရှိလာပြီး အခြေချနေထိုင်ခဲ့ကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ စော်ဘွားကြီးကုန်းတဝိုက်သို့ ရောက်လာသောအခါ ချာချီလမ်းမှာ နေထိုင်သွားသော စော်ဘွား အဆက်အနွယ်များကို မေးမြန်းစုံစမ်းရလေသည်။

ရှေးအခါက စော်ဘွားကြီးကုန်းနှင့် မင်းဓမ္မတောင်တစ်ဝိုက်မှာ လူသူနေထိုင်မှု မရှိလှသေးဘဲ တောတောင်ထူထပ်သောနေရာများဖြစ်ပေသည်။

ထိုနေရာများမှာ ဂျပန်ခေတ်ကာလအထိ နေထိုင်မည့်သူ မရှိဘဲ တောတောင်ထူထပ်ပြီး လျှိုမြောင်ချိုင့်ဝှမ်း ပေါများသောအရပ်ဖြစ်သည်။

လူသူအရောက်အပေါက်မရှိသောကြောင့် မြွေဟောက်





ကြီးများနှင့် တောရိုင်းတိရစ္ဆာန်များ ပေါလှပေသည်။

(၁၉၄၅)ခုနှစ်နောက်ပိုင်းရောက်မှ ရာကျော်ဆရာတော်ကြီးအဖြစ် ထင်ရှားလာမည့် ဆရာတော်ကြီး ဦးသဒ္ဓမ္မဒေဝကိတ္တိ ရောက်လာပြီး မင်းဓမ္မတောင်ရှိ ဘိုးရာဇာကုန်းထက်၌ ဝါးကျောင်းကလေးထိုးကြီး တရားကျင့်ကြံအားထုတ်ခဲ့ပေသည်။

မင်းဓမ္မတောင်မှာ ရှေးအခါက တမဂတ္တတောင်ဟု အမည်ရှိခဲ့ပြီး ဥက္ကလာပမြို့စားဓမ္မရာဇာ တရားကျင့်ကြံအားထုတ်ခဲ့ရာမှ 'မင်းဓမ္မတောင်' ဟု အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။

ထိုနေရာသို့ လာရောက်ကာ တရားအားထုတ်နေသော ဥက္ကလာမြို့စားအား နှမဖြစ်သူက လိုက်လံရှာဖွေသောအခါ ပုန်းအောင်းနေသောကြောင့် "မင်းပုန်းတောင်" ဟုလည်း အမည်ရှိခဲ့သေးသည်။

ထိုနေရာတဝိုက်မှာ ရှေးအခါက သာမန်လူတို့ လာရောက်နေထိုင်ကြခြင်း မရှိဘဲ တရားကျင့်သော ရဟန်းသံဃာ၊ သူတော်စင်တို့သာ လာရောက်လေ့ ရှိကြလေသည်။

လွတ်လပ်ရေး ရပြီးနောက်ပိုင်းမှာတော့ ရှမ်းစော်ဘွားတို့၏အဆက်အနွယ်အချို့နှင့် ခြံစိုက်ပျိုးသူများ တစ်စတစ်စနှင့် လာရောက်နေထိုင်ကြလေသည်။

လွတ်လပ်ရေး ရပြီးကာစနောက်ပိုင်းတွင် ထိုနေရာများမှာ ရှမ်းလူမျိုးအတော်များများ ရှိနေကြပေသေးသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုနေရာတဝိုက် ရောက်သောအခါ ချာချီလမ်းမှာ နေထိုင်သွားခဲ့ကြသည့် စော်ဘွား

အဆက်အနွယ်များကို လိုက်လံစုံစမ်းရင်းမှ ကျုံမိုင်းစော်ဘွားထံမှာ အမှုထမ်းခဲ့ဖူးသော ဦးစိုင်းလူဆိုသူ၏အမည်ကို စုံစမ်းသိရလေတော့သည်။

ဦးစိုင်းလူမှာ စော်ဘွားကြီးကုန်းမြောက်ဘက်(ယခု မော်တော်ကားလမ်း) မဝေးလှသောနေရာတွင် ခြံစိုက်ပျိုးနေသူဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က မော်တော်ကားကို ကားလမ်းမနံဘေးမှာ ရပ်ထားခဲ့ပြီးနောက် ဦးစိုင်းလူ ခြံစိုက်ပျိုးနေသောနေရာသို့ ခြေလျင်သွားရလေသည်။

လမ်းဟူ၍ မယ်မယ်ရရ မရှိသောကြောင့် စိုက်ခင်းများရှိရာဘက်မှ သင့်တော်သလို သွားရလေသည်။

တစ်ချိန်က ကျုံမိုင်းစော်ဘွားထံမှာ အမှုထမ်းခဲ့သော ဦးစိုင်းလူမှာ ခုတော့လည်း အေးချမ်းသောဘဝမျိုးဖြင့် နေဟန်ရှိသည်။

ရာသီအလိုက် စိုက်ပျိုးထားသော စိုက်ခင်းများကြားမှာ သာမန်အိမ်တစ်လုံးကိုသာ တွေ့ရလေသည်။

တဲနှင့် မနီးမဝေး ရောက်တော့ ခွေးဟောင်သံ အရင်ကြားရပြီး ခဏကြာတော့ တဲအတွင်းမှ အသက်(၆၀)အရွယ်ခန့်ရှိသော လူတစ်ယောက် ထွက်လာလေသည်။

၎င်းသည် အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ကတုံးပြောင်အောင် တုံးထားလေသည်။

"ဟင်းရွက်ဟင်းသီး လိုချင်လို့များလား မောင်ရင်"





အနည်းငယ် ဝဲနေသောလေသံဖြင့် လှမ်းမေးလေသည်။

"မဟုတ်ပါဘူး. . . ဦးစိုင်းလူနဲ့ တွေ့ချင်လို့ပါ။ ဦးကြီးက ဦးစိုင်းလူများလား"

"ဟုတ်ပါတယ်. . . တဲပေါ် ကိုသာ လာခဲ့ပါ"

ဟု ပြောကာ အနားမှာ ရှိသောခွေးကို တစ်နေရာသို့ မောင်းထုတ်လိုက်သည်။

တဲအတွင်းရောက်တော့မှ ၎င်း၏တဲမှာ တစ်ဝက်သာ ကြမ်းဖြင့် ခင်းထားပြီး ကျန်တစ်ဝက်က ကုန်းမြေအတိုင်း ထားသာ ထိုနေရာတွင် မြေစိုက်ပြုလုပ်ထားသောစားပွဲနှင့် ကုလားထိုင်များ ရှိသောကြောင့် ထိုနေရာမှာ ဝင်ထိုင်လိုက်သည်။

ဦးစိုင်းလူက လက်ဖက်ခြောက်များများ ခပ်ထားသော လက်ဖက်ရည်တစ်ခွက် ငှဲ့ပေးသည်။

"အမောပြေ သောက်ပါဦး၊ ကျုပ်နာမည်ကို တကူးတက မေးပြီး ရောက်လာပုံထောက်တော့ အရေးကိစ္စ တစ်စုံတစ်ရာများ ရှိနေလို့လား"

"ဟုတ်ကဲ့. . . သိချင်တာလေးတွေ ရှိလို့ပါ ဦးကြီး"

"ဒါထက် မောင်ရင်က ပုလိပ်ဘက်ကများလား"

"မဟုတ်ပါဘူး. . . ကျွန်တော်က သာမန်အရပ်သား တစ်ယောက်ပါပဲ၊ ဦးကြီးက ကျုံမိုင်းစော်ဘွားဆီမှာ အမှုထမ်းခဲ့တယ်ဆိုတာ ဟုတ်ပါသလား"

လက်ဖက်ရည်ကြမ်း သောက်ရင်း ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်. . . အမှုထမ်းခဲ့တယ်ဆိုပေမယ့် အရာထမ်းတစ်ယောက်တော့ မဟုတ်ပါဘူး၊ စော်ဘွားလေးရဲ့လက်စွဲတော် လူယုံတစ်ဦးဘဝနဲ့ပါ"

"ဒီလိုဆိုရင်တော့ စော်ဘွားလေး ဒီရန်ကုန်ကို ရွှေ့ပြောင်းနေထိုင်တော့ ဦးကြီးလည်း ပါလာခဲ့တာပေါ့နော်"

"မှန်ပါတယ်. . . ဒါထက် မောင်ရင်က ဘာများ သိချင်နေတာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ချာချီလမ်းက အမှတ်(၂၃-ဘီ)ခြံနဲ့အိမ်ကြီးအကြောင်းကို သိချင်တာပါ၊ စော်ဘွားလေး ရန်ကုန်ရောက်တော့ အဲဒီအိမ်ကြီးမှာ နေထိုင်ခဲ့တာ မဟုတ်လား"

ထိုစကားကြားသောအခါ ဦးစိုင်းလူက ရေနွေးကြမ်းကိုပင် ဆက်မသောက်တော့ဘဲ အပြင်ဘက်သို့ ငေးကြည့်နေသည်။

အတန်ကြာတော့ သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

"တကယ်တော့ ဒီအကြောင်းတွေကို ပြန်မပြောချင်ပါဘူး၊ ပြန်ပြောရင်လည်း အသစ်က အဟောင်းပြန်ဖြစ်ရဦးမှာ အမှန်ပါပဲ၊ ကျမိုင်းစော်ဘွားလေးဟာ ကျုပ်ရဲ့အရှင်သခင်ဆိုလည်းဟုတ်၊ ကျေးဇူးရှင်တွေဆိုရင်လည်း ဟုတ်ပါတယ်၊ သူတို့တတွေ ကံကြမ္မာဆိုးတွေနဲ့ ကြုံခဲ့ရတာကတော့ အခြားမဟုတ်ပါဘူး၊ ဆင်စွယ်နက်တွေကြောင့်ပါပဲကွယ်"

"ဆင်စွယ်နက် ဟုတ်လား ဦးကြီး"

"ဟုတ်ပါတယ်. . . မမျှော်လင့်ဘဲ ဆင်စွယ်နက်တစ်စုံ





ြီးတဲ့နောက်မှာ သူတို့မိသားစုတွေရဲ့ဘဝဟာ အန္တရာယ်ဆိုး၊ ...မှာဆိုးတွေနဲ့ တွေ့ရပြီး သေကျေပျက်စီးခဲ့ကြရတာပါပဲ၊ မောင် ...် စိတ်ဝင်စားတယ်ဆိုရင် ကျုပ်ပြောပြပါ့မယ်"

ဟု အောက်ပါအကြောင်းအရာများကို ပြောပြလေ ...ည်။

ထိုအချိန်က ကျမိုင်းစော်ဘွားကြီး ကန်ဆီဒူဝါသည် ...ိုင်းတစ်နယ်လုံးကို အုပ်ချုပ်ရပြီး ကျမိုင်းစော်ဘွားလေးက ...င်ဖြစ်သူ၏အရိုက်အရာကို အုပ်ချုပ်ရမည့်သူဖြစ်ပေသည်။

ကျမိုင်းစော်ဘွားလေးမှာ စော်ဘွားကြီး၏တစ်ဦးတည်း ...း ဖြစ်သည့်အပြင် ရုပ်ရည်ကလည်း ယောကျ်ားပီသသူ ဖြစ် ...ာကြောင့် ချစ်ခင်သူ များလေသည်။ ထို့ပြင် ကျမိုင်းစော်ဘွား ...းမှာ တောလည်၍ အမဲပစ်ခြင်းကိုလည်း ဝါသနာပါသူဖြစ် ...ာကြောင့် အချိန်ရသည်နှင့် ဦးစိုင်းလူကို အဖော်ခေါ်ပြီး ...ာပစ်ထွက်လေ့ရှိသည်။

တစ်နေ့သောအခါ သားကောင်နောက်လိုက်ရင်းမှ ခရီး ...န်သွားပြီး တောနက်အတွင်းသို့ ရောက်သွားလေသည်။

သူတို့နှစ်ယောက်မှာ မကြာခဏဆိုသလို တောထဲမှာ ...အိပ်ညဥ့်နေ နေရသောကြောင့် အထူးအဆန်းတော့ မဖြစ်ကြ ...ာ့ပေ။

ညနေပိုင်း နေဝင်ရီတရောအချိန်တွင် တောင်ကုန်း ...င်ခုပေါ်၌ စခန်းချနေကြစဉ် ထူးခြားသောပုံရိပ်တစ်ခုကို လှမ်း ...ရသည်။

အခြားမဟုတ်ပေ။

တစ်ကိုယ်လုံး အနက်ရောင်များ လွှမ်းခြုံထားသော အမျိုးသမီးတစ်ယောက်၏ပုံရိပ်ပင်ဖြစ်လေသည်။

ထိုအမျိုးသမီးမှာ သူတို့နှစ်ယောက် စခန်းချနေသော နေရာနှင့် မဝေးလှသော တောစပ်တစ်နေရာမှ ရပ်ကာ သူတို့ ရှိရာသို့ လှမ်းကြည့်နေခြင်းဖြစ်လေသည်။

"စော်ဘွားလေး. . . ဟိုမှာ အမျိုးသမီးတစ်ယောက် ကျွန်တော်မျိုးတို့ ရှိရာကို လှမ်းကြည့်နေတာကို မြင်ပါသလား"

"အင်း. . . မြင်တော့မြင်တယ်၊ ဒါပေမယ့် ဒီလောက် နက်တဲ့တောထဲမှာ အမျိုးသမီးတစ်ယောက်တည်း တွေ့နေရ တာတော့ ထူးဆန်းသလိုပဲ"

"ဒီလိုတောနက်ကြီးတွေထဲမှာ နာနာဘာဝတွေ၊ ပရ လောကသားတွေ အများကြီး ရှိနိုင်လေတော့ သာမန်လူတော့ မဟုတ်နိုင်ဘူး၊ ပရလောကသားတွေပဲ ဖြစ်မယ်ထင်ပါတယ်"

"ကျွန်တော်ကတော့ ဝိညာဉ်လောကအကြောင်းကို သိပ်မယုံချင်ဘူး၊ ဒီအမျိုးသမီးဟာ တောထဲမှာ နေတဲ့ ရွာတစ်ရွာ က ဖြစ်နိုင်တာပေါ့"

ဦးစိုင်းလူကတော့ စော်ဘွားလေးနှင့် ဖက်ပြိုင်ပြီး အငြင်းအခုံ မပြုလိုတော့သဖြင့် ငြိမ်နေလိုက်သည်။

တောစပ်မှာ ရပ်နေသောအမျိုးသမီးက အတန်ကြာ သည်အထိ ထိုနေရာမှာ ရှိနေသောကြောင့် ကျမိုင်းစော်ဘွား လေး စိတ်ထဲမှာ စနိုးစနောင့် ဖြစ်လာသည်။





"သူ့မှာ အကူအညီတစ်ခုခု လိုလို့များလား မသိဘူး၊ ာချာ. . . သွားကြည့်ရအောင်"

"ဒီအချိန်မျိုးမှာ အရဲမကိုးသင့်ပါဘူး စော်ဘွားလေး"

"သိပ်ဝေးဝေးသွားမှာမှ မဟုတ်တာ. . . လာပါ"

ဟု ပြောဆိုကာ လေးမြားလက်နက်တို့ကို ယူဆောင်၍ မျိုးသမီး ရပ်နေသောနေရာသို့ သွားကြလေသည်။ တစ်ကိုယ် ုံး အဝတ်အနက်များ ခြုံထားသော အမျိုးသမီးက သူတို့လာ ာ မြင်တော့ တောထဲသို့ ပြန်လှည့်ဝင်သွားလေသည်။

မကျေနပ်သဖြင့် ထိုနေရာတဝိုက်မှာ လိုက်လံရှာဖွေ ကြည့်သော်လည်း အစအနမျှပင် မတွေ့ရတော့ပေ။

စော်ဘွားလေးက စိတ်မကျေနပ်သောကြောင့် တော က်ထဲ ရောက်သည်အထိ လိုက်ကြည့်ရာ ထိုအမျိုးသမီးကို တွေ့ရတော့ဘဲ တစ်ကိုယ်လုံး အမွေးအမှင်များ ဖုံးအုပ်နေပြီး ီလုံးမျက်နှာနှင့် တူသော လူကြီးတစ်ယောက်ကိုသာ တွေ့ရ သဖြင့် နောက်ကြောင်းပြန်လှည့်ခဲ့ကြလေသည်။

ကျမိုင်းစော်ဘွားလေးစိတ်ထဲမှာတော့ အမှတ်မထင် တွေ့မြင်လိုက်ရသော ထိုအမျိုးသမီးလေး၏မျက်နှာကို စွဲလန်း နေသကဲ့သို့ ရှိနေလေသည်။

ညဘက်တွင် ထူးဆန်းသောအိပ်မက်တစ်ခုကို မြင်မက် လေသည်။ အိပ်မက်ထဲတွင် အနက်ရောင်အဝတ်အစားများနှင့် အမျိုးသမီးကို နောက်တစ်ကြိမ် ပြန်တွေ့ရလေသည်။

"ရှင် ကျွန်မကို စွဲလန်းနေပြီ မဟုတ်လား"

"ဒါထက် မင်းဘယ်သူလဲ၊ ဒီတောထဲမှာ ဘာလာ
နေတာလဲ၊ အဖော်တွေရော မပါဘူးလား"

"ကျွန်မနာမည်က မဟူရာလို့ ခေါ်ပါတယ်၊ ကျွန်မ
အဖော်တွေလည်း ရှိပါတယ်၊ ကျွန်မတို့က ဒီတောထဲမှာ ပစ္စည်း
တစ်ခုကို စောင့်ရှောက်ဖို့ လာနေကြတာပါ"

"ဘယ်လိုပစ္စည်းတွေလဲ"

"မဟူရာဆင်စွယ်နက်"

"ဘယ်လို. . မဟူရာဆင်စွယ်နက်. . ဟုတ်လား"

"ဟုတ်ပါတယ်"

အမျိုးသမီးက ပြုံး၍ခေါင်းညိတ်ပြသည်။

ကျမိုင်းစော်ဘွားလေးအနေနဲ့ ဆင်ဖြူတော်နှင့် ဆင်
စွယ်နက်များအကြောင်းကို အခြားသူများ ပြောသည်ကိုသာ
ကြားဖူးပြီး တစ်ကြိမ်တစ်ခါမှ မမြင်ဖူး မကြုံဖူးသေးပေ။

ထို့ပြင်. . .

ဆင်ဖြူတော်နှင့် ဆင်စွယ်နက်တို့မှာ သိဒ္ဓိရှိသောပစ္စည်း
များဖြစ်သောကြောင့် သုံးစွဲသူတို့အတွက် ဘုန်းတန်ခိုးတက်
နိုင်သည်ဟု ကြားဖူးထားသောကြောင့် များစွာစိတ်ဝင်စားမိသော
သည်။

"ဘယ်မှာရှိတာလဲဟင်"

"အခု ရှင်တို့ ရောက်နေတဲ့နေရာနဲ့ မနီးမဝေးနေရာမှာ
ရှိပါတယ်၊ အဲဒီနေရာမှာ မဟူရာဆင်စွယ်နက်အပြင် ဆင်အမြီး
တေလည်း ရှိသေးတယ်"





"ဟင်. . ."

"ဆင်အမြီးတေဆိုတာ ရှင်ကြားဖူးသလား"

"ကြား. . ကြားဖူးပါတယ်"

"ရှင် အဲဒါတွေကို မလိုချင်ဘူးလား"

"လို. . လိုချင်တာပေါ့"

အမျိုးသမီးက တစ်ချက်ပြုံးလိုက်လေသည်။

"ရှင် တကယ်လိုချင်တယ်ဆိုရင်တော့ ရှင့်အတွက်
ကျွန်မ ရအောင်ကူညီပေးနိုင်ပါတယ်၊ ဒါပေမယ့် ဒီပစ္စည်းတွေက
တန်ခိုးသိဒ္ဓိရှိပြီး တန်ဖိုးလည်း ရှိလေတော့ ရှင့်ဘက်ကလည်း
တစ်ခုခုတော့ ပြန်ပေးရလိမ့်မယ်"

"ဘာတွေပေးရမလဲဟင်"

"မဟူရာဆင်စွယ်နက်နဲ့ ဆင်အမြီးတေကို စောင့်ရှောက်
ပေးနေရတာက ကျွန်မတစ်ယောက်ထဲတော့ မဟုတ်ဘူး၊ တခြား
အစောင့်တွေလည်း ရှိသေးတယ်၊ သူတို့အတွက်တော့ လူ့
အသက်ကို ပြန်ပေးရလိမ့်မယ်"

ထိုစကားကြားသောအခါ ကျမိုင်းစော်ဘွားလေးမှာ များ
စွာ ထိတ်လန့်ကြောက်ရွံ့သွားကြလေသည်။

"ဘယ်သူ့အသက်ကို ပေးရမှာလဲဟင်"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့လေ၊ ရှင့်ရဲ့အသက်
ကိုတော့ မယူပါဘူး၊ ရှင်က စော်ဘွားတစ်ဦး မဟုတ်လား၊ စော်
ဘွားဆိုတော့ အခြွေအရံတွေ အများကြီး ရှိတာပဲ၊ သူတို့အသက်
ကိုပဲ ယူမှာပါ၊ ဘယ်လိုလဲ. . . ရှင်သဘောတူပြီလား"

ကျမိုင်းစော်ဘွားလေးက အယောင်ယောင်အမှားမှား နှင့် ခေါင်းညိတ်ပြလိုက်လေသည်။

"ကောင်းပြီလေ. . . ရှင် သဘောတူပြီဆိုရင်တော့ မနက်ဖြန် ဆင်စွယ်နက်နဲ့ ဆင်အမြူတေ ရှိတဲ့နေရာကို ကျွန်မ ပြပေးပါ့မယ်၊

ဒါပေမယ့် ရှင့်ဘက်က ကတိတော့ တည်ရမယ်နော်၊ တကယ်လို့ ကတိဖျက်ရင်တော့ ရှင့်ရဲ့အသက်လည်း ချမ်းသာရာ ရမှာမဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားပါ"

ဟု ပြောဆိုကာ အနက်ရောင်အမျိုးသမီးက အမှောင် ရိပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။





## အခန်း(၄)

# ကျိန်စာသင့်ခဲ့သော ကတိသစ္စာ

ကျမိုင်းစော်ဘွားလေးမှာ အိပ်ပျော်နေရာမှ ပြန်နိုးလာသောအခါ ဦးစိုင်းလူအား ထိုအကြောင်းများ ပြန်ပြောပြလိုက်လေသည်။

ဦးစိုင်းလူမှာ ပရလောကသားများနှင့် ပတ်သက်သည့် အကြောင်းများကို ယုံကြည်မှု ရှိသောကြောင့် ထိုစကားကြားသောအခါ များစွာကြောက်ရွံ့တုန်လှုပ်သွားလေသည်။

"စော်ဘွားလေးက ဘယ်လိုကတိပေးလိုက်သလဲ၊ လူ့အသက်တွေကို ပေးပါ့မယ်ဆိုတဲ့ ကတိမျိုး ပေးလိုက်မိသလား ဟင်"

"ဟုတ်တယ်. . . ပေးလိုက်တယ်"

"ဒုက္ခတွေတော့ များတော့မှာပဲ စော်ဘွားလေးရယ်၊ ပရလောကသားတွေဆိုတာ လူတွေကို အခု ကတိပေးပြီး အခုပြန်ဖျက်လို့မရဘူး၊ ကျုပ်တို့တော့ ဒုက္ခများတော့မယ် ထင်ပါရဲ့ဗျာ"

"ဒီလောက်လည်း ကြောက်မနေပါနဲ့ ဦးစိုင်းလူရယ်၊ ခင်ဗျားတို့ကသာ ပရလောကသားတွေကို ယုံကြည်ပြီး ကြောက်လန့်နေကြတာပါ၊ ကျုပ်ကတော့ ဒါတွေကို ယုံလည်း မယုံဘူး ကြောက်လည်း မကြောက်ပါဘူး၊

တကယ်လို့သာ အိပ်မက်ပေးတဲ့အတိုင်း မဟုတ်ရာ ဆင်စွယ်နက်နဲ့ ဆင်အမြှုတေကိုသာ ရမယ်ဆိုရင် ကျွန်တော့်တစ်သက်မှာ ဘယ်တော့မှ မဆင်းရဲနိုင်တော့ဘူးဆိုတာ မြဲမြဲမှတ်ထားပါ"

ဟု ပြောဆိုကာ နေ့အလင်းရောင် ရလာသောအခါ ထိုနေရာတဝိုက်သို့ လိုက်လံရှာဖွေကြည့်ရန် ထွက်ကြလေသည်။

တစ်နေ့လုံးမှာတော့ မည်သည့်ထူးခြားမှုမျိုးမှ မတွေ့ကြရပေ။

ထိုသို့မတွေ့ရသောကြောင့် ဦးစိုင်းလူမှာ အတန်အသင့် စိတ်သက်သာရာ ရမိလေသည်။

ညနေပိုင်းရောက်သောအချိန်အထိ ထူးထူးခြားခြား မတွေ့ရသောအခါ သာမန်အိပ်မက်တစ်ခုဖြစ်မည်ဟုသာ ထင်မိလေသည်။





သို့သော်လည်း သူထင်သလိုတော့ ဖြစ်မလာခဲ့ပေ။ နေဝင်ရီတရောအချိန်တွင် စခန်းချရာနေရာသို့ ပြန်ရန် ပြင်တော့မှ မနေ့ညနေပိုင်းက တွေ့လိုက်ရသော အမျိုးသမီးနှင့် ပြန်တွေ့ရလေသည်။

သူတို့ကို မြင်သောအခါ ထိုအမျိုးသမီးက သူမနောက်သို့ လိုက်ခဲ့ရန် လက်ဟန်ခြေဟန်ဖြင့် ပြကာ တောထဲသို့ ပြန်ဝင်သွားလေသည်။

သို့ကြောင့် စော်ဘွားလေးက သူမခေါ်ရာနောက်သို့ လိုက်သွားရန် ပြင်သောအခါ ဦးစိုင်းကလည်း မငြင်းသာသောကြောင့် နောက်မှ လိုက်သွားရလေသည်။

အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားသော ထိုအမျိုးသမီးမှာ တောက်လျှောက်မြင်နေရသည် မဟုတ်ဘဲ ပျောက်ကွယ်သွားလိုက် မြင်ရလိုက်နှင့် ဖြစ်နေလေသည်။

တစ်နေရာရောက်သောအခါ ထိုအမျိုးသမီးကို မတွေ့ရတော့ဘဲ တစ်နေရာမှ အလင်းရောင်များ ဖြာတက်နေသည်ကို လှမ်းမြင်ကြရသည်။

နှစ်ယောက်သား ထိုအလင်းရောင်များ မြင်နေရသော နေရာသို့ သွားသောအခါ တောစပ်တစ်နေရာ၌ ရပ်နေသော အမျိုးသမီးကို ပြန်တွေ့ရသည်။

ထိုနေရာမှာ တောင်ကုန်းမြင့်တစ်ခုဖြစ်ပြီး အလင်းရောင်များက ထိုနေရာမှ ဖြာတက်နေခြင်းဖြစ်ပေသည်။

ထိုအမျိုးသမီးက သူရှိနေသောနေရာသို့ လာရန် အမူ

အယာဖြင့် လှမ်းခေါ်သဖြင့် တောင်ကုန်းပေါ် တက်သွားကြလေသည်။

ထိုတောင်ကုန်းထိပ်မှာ မည်သည့်သစ်ပင်မှ မပေါက်ဘဲ ပြောင်ရှင်းနေလေသည်။

အလင်းရောင်များက ဘယ်နေရာမှ လာနေသည်ကို မသိရသော်လည်း ထိုတောင်ကုန်းထိပ်တဝိုက်မှ ထွက်နေသည်ကတော့ အသေအချာပင်ဖြစ်ပေသည်။

အမျိုးသမီးက တောင်ကုန်းထိပ်အလယ်နေရာသို့ လက်ညှိုးထိုးပြသဖြင့် အသေအချာ ကြည့်လိုက်သောအခါ တောင်ကုန်းအလယ်နေရာလောက်တွင် အနက်ရောင်ငုတ်တိုတစ်ခုအပေါ်သို့ ပြူထွက်နေသည်ကို တွေ့ကြရသည်။

စော်ဘွားလေးက အနီးသို့ ကပ်သွားပြီး အသေအချာငုံ့ကြည့်သည်။

ပြီးမှ ဦးစိုင်းလူကိုပါ ခေါ်ပြလေသည်။

ဦးစိုင်းလူက ဒူးထောက်ထိုင်ပြီး အသေအချာ ကိုင်ကြည့်လေသည်။

စိတ်ထဲမှာ ထိတ်ကနဲဖြစ်သွားသည်။

မြေပေါ်သို့ တစ်မိုက်ခန့် ပြူထွက်နေသောအရာမှာ အခြားမဟုတ်ပေ။

တစ်ခုလုံး အနက်ရောင်ဖြစ်နေသည့် ဆင်စွယ်တစ်ချောင်း၏အဖျားပိုင်းပင်ဖြစ်ပေတော့သည်။

ဆင်စွယ်နက်ကို မြင်သောအခါ ဦးစိုင်းလူစိတ်ထဲမှာ





ဝမ်းသာခြင်းနှင့်အတူ စိုးရိမ်စိတ်များပါ ဝင်လာမိလေတော့သည်။

တစ်သက်တစ်ခါ တွေ့ရခဲသော ဆင်စွယ်နက်ကို တွေ့ရသောကြောင့် ဝမ်းသာသွားခြင်းဖြစ်ပြီး အိပ်မက်ထဲမှအတိုင်း နောက်ဆက်တွဲဆိုးကျိုးများဖြစ်လာမည်ကို တွေးမိသောကြောင့် စိုးရိမ်သွားခြင်းဖြစ်လေသည်။

"ဦးစိုင်းလူ. . . ဒါ ဆင်စွယ်နက် မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ် စော်ဘွားလေး"

"ဒါဖြင့်လည်း တူးတော့လေဗျာ၊ ဘာဝိုင်နေတာလဲ"

"ဒီဆယ်စွယ်နက်ကို ယူသွားလို့ သင့်ပါ့မလား စော်ဘွားလေး"

ဟု မရဲတရဲ ပြောလိုက်လေသည်။

"ဘာကြောင့်လဲဗျ"

"အိပ်မက်ထဲကအတိုင်း လူတွေရဲ့အသက်ပေးရရင်ခက် မယ်ထင်တယ်"

"ခင်ဗျားကလည်း ပူစရာမရှိ တွေးပူနေပြန်ပါပြီ၊ အိပ်မက်မက်တာကို စိတ်စွဲလန်းပြီး တစ်သက်တစ်ခါတောင် တွေ့ရခဲတဲ့ ဆင်စွယ်နက်ကို တွေ့နေပါလျက်နဲ့ ဒီအတိုင်း ထားခဲ့ရင်ကျွန်တော်တို့လောက် မိုက်မဲတဲ့သူ ရှိပါတော့မလား၊ ကဲ. . . အချိန်ကြာပါတယ်ဗျာ၊ တူးကြည့်ရအောင်"

ဟု ပြောဆိုပြီး ဆင်စွယ်နက် တစွန်းတစ ပေါ်နေသောနေရာသို့ နှစ်ယောက်သား တူးကြရာ နောက်ဆုံး ဆင်စွယ်နက်တစ်ချောင်း ပေါ်လာလေတော့သည်။

ဆင်စွယ်နက်မှာ အဖျားပိုင်း သေးသွယ်သော်လည်း အရင်းပိုင်းမှာ တုတ်ခိုင်ကြီးမားလှသည်။

အစွယ်တစ်ခုလုံး နက်မှောင်ပြောင်ချောလျက်ရှိသည်။ အနက်မှာလည်း သာမန်အနက်မျိုး မဟုတ်ဘဲ ကြွေသားကဲ့သို့ ပြောင်လက်နေသည့် အနက်ရောင်မျိုးဖြစ်ပေသည်။

အရင်းမှ အဖျားသို့တိုင်အောင် (၅)ပေသာသာခန့် ရှည်လျားပြီး လုံးပတ်မှာ (၁၅)လက်မခန့် ရှိလေသည်။

ဦးစိုင်းလူတစ်သက်မှာတော့ ထိုမျှလောက် ကြီးမားသော ဆင်စွယ်မျိုးကို မတွေ့မြင်ဖူးသေးပေ။

ကျမိုင်းစော်ဘွားလေးကတော့ မမျှော်လင့်ဘဲ ထိုမျှ ကြီးမားရှည်လျားသော ဆင်စွယ်နက်ကြီးတစ်ချောင်းကို ရခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

ဆင်စွယ်နက်တစ်ချောင်းကို တူးဖော်ရရှိပြီးနောက် မနီးမဝေးမှာ ရပ်နေသော အမျိုးသမီးကို ပြန်ကြည့်သောအခါ ထိုနေရာ၌ မတွေ့ရတော့ပေ။

ထို့နောက် ပတ်ဝန်းကျင်မှာလည်း အမှောင်ရိပ်များ သမ်းလာပြီဖြစ်သောကြောင့် ဆင်စွယ်နက်ကြီးကိုပါ ယူဆောင်လာပြီး စခန်းချသောနေရာသို့ ပြန်လာခဲ့ကြလေသည်။

ထိုညမှာတော့ ဦးစိုင်းလူမှာ ကောင်းစွာမအိပ်ဝံ့သောကြောင့် မီးပုံကြီးတစ်ပုံ ဖိုထားပြီး လက်နက်လေးမြား စသည်တို့ကို အနားမှာ ချကာ လက်ဖက်ရည်ကြမ်း သောက်ရင်း တစ်ညလုံး ထိုင်စောင့်လေသည်။





ထိုညကတော့ အနက်ရောင်အမျိုးသမီးကို ထပ်မတွေ့ရတော့ဘဲ အမွေးစုတ်ဖွားနှင့် ကြောက်စရာကောင်းလှသည့် ဘီလူးမျက်နှာနှင့် လူများကိုသာ မကြာခဏ တွေ့ရလေသည်။

ထိုကဲ့သို့ တွေ့ရသော်လည်း အနားကပ်လာပြီး ရန်မူခြင်းမျိုးတော့ မရှိဘဲ မနီးမဝေးမှ အရိပ်အခြည် စောင့်ကြည့်နေကြဟန်ဖြင့် ပေါ်လာလိုက်၊ အမှောင်ထဲ ဝင်ကာ ပျောက်သွားလိုက်နှင့် ရှိနေကြသည်။

မနက်မိုးလင်းသောအခါ ကျမိုင်းစော်ဘွားလေးက ပြောလေသည်။

"ဆင်စွယ်ဆိုတာ တစ်စုံရှိတာဆိုတော့ အခုတစ်ချောင်းတွေ့ပြီး နောက်တစ်ချောင်းလည်း ဒီနေရာတစ်ဝိုက်မှာ ရှိနေဦးမယ် ထင်တယ်"

"ဒါပေမယ့် မသေချာပါဘူး စော်ဘွားလေး၊ အခု ကျွန်တော်တို့ တောထဲ ရောက်နေတာလည်း ရက်အတော်ကြာသွားပြီဆိုတော့ စော်ဘွားကြီး စိတ်ပူလှရော့မယ်၊ ဆင်စွယ်နက်တစ်ချောင်းလည်း ရပြီးပြီဆိုတော့ ဟော်နန်းကို ပြန်ကြတာ သင့်မယ်ထင်ပါတယ်၊ တကယ်လို့ စော်ဘွားလေး စိတ်မကုန်လို့ ရှာချင်သေးတယ်ဆိုရင်လည်း ဟော်နန်းက ရဲမက်တွေ ခေါ်လာပြီး လူအင်အားနဲ့ တူးဖော်ရှာဖွေကြရင် ပိုကောင်းမယ်ထင်ပါတယ်"

ဦးစိုင်းလူက ညက တွေ့မြင်ရသောအကြောင်းများကိုတော့ ပြောမပြတော့ပေ။

သို့ကြောင့် စော်ဘွားလေးက ချက်ချင်းပြန်လိုဟန် မရှိ

သေးဘဲ ဆင်စွယ်နက်အပြင် ဆင်အမြုတေတွေကိုပါ ဆက်ရှာချင်သည့်ဆန္ဒ ရှိနေသေးသည်။

"ဒီလိုလုပ်ဗျာ ဦးစိုင်းလူ၊ ကျွန်တော် ချက်ချင်းကြီးတော့ ဟော်နန်းကို မပြန်ချင်သေးဘူး၊ ဟိုအမျိုးသမီး ပြောသွားတဲ့အတိုင်း ဆင်အမြုတေတွေကိုတော့ တစ်ရက်လောက် ဆက်ရှာချင်သေးတယ်"

ဟု စိတ်အားထက်သန်စွာ ပြောနေလေရာ ဦးစိုင်းလူမှာ မတားသာတော့ပေ။

ထိုနေ့မနက်ပိုင်းမှာပင် မနေ့က ဆင်စွယ်နက် တူးဖော်ရသောနေရာတဝိုက်သို့ တူးဖော်ရှာဖွေကြသော်လည်း နောက်ထပ် ဆင်စွယ်နက်တစ်ချောင်းကိုလည်း မတွေ့ရ။

ဆင်အမြုတေတွေကိုလည်း အစအနမျှပင် မတွေ့ကြရပေ။

ညနေပိုင်းအချိန်ရောက်မှ ထိုနေရာမှ ပြန်ထွက်ကြရန် ပြင်နေကြစဉ် အနက်ရောင်အမျိုးသမီး ရောက်လာသည်။

သူမနောက်မှာလည်း ဘီလူးနှင့် ပုံသဏ္ဌာန်တူသော လူကြီးနှစ်ယောက်လည်း ပါလာလေသည်။

"ရှင် ရှာဖွေနေတဲ့ ဆင်အမြုတေက ကျွန်မတို့ ယူထားပါတယ်၊ ရှင်ယူသွားချင်ပါသလား"

ဟု မေးသည်။

"ခင်ဗျားပေးမယ်ဆိုရင်တော့ ယူသွားချင်ပါတယ်"

"ရှင်ပေးထားတဲ့ကတိအတိုင်း ကျွန်မတို့ လိုချင်တဲ့ လူအသက်တွေကို ပြန်ပေးမယ်ဆိုတာကရော အမှန်ပဲလား"





"ခင်ဗျားလိုချင်တာ ပေးပါ့မယ်"

ထိုစကားကြားသောအခါ အမျိုးသမီးက သဘောကျသော အမူအယာဖြင့် ပြုံးလိုက်သော်လည်း နံဘေးနားမှာ ရှိနေသော ဦးစိုင်းလူကတော့ များစွာထိတ်လန့်သွားလေသည်။

"ရှင်က စော်ဘွားတစ်ယောက်ဆိုတော့ တစ်နေ့ကျရင် မြို့ရွာနယ်ပယ်တွေကို ပိုင်ဆိုင်တဲ့ စော်ဘွားကြီးတစ်ယောက်ဖြစ်လာမှာ အမှန်ပဲ၊ ဒီလိုဆိုရင် ရှင်ပိုင်ဆိုင်တဲ့ မြို့ရွာနယ်ပယ်က လူတွေမှန်သမျှ ကျွန်မတို့လည်း ပိုင်ဆိုင်ခွင့်ရမှာပေါ့နော်"

"ဒါ. . ဒါကတော့. ."

"ကဲပါလေ. . . ဒီလောက်လည်း စိုးရိမ်ကြောင့်ကျမှုဖြစ်ပါနဲ့၊ ရှင်နဲ့ ပတ်သက်တဲ့ မိဘဆွေမျိုးတွေကိုတော့ ကျွန်မတို့ မနှောင့်ယှက်ပါဘူး၊ ကျွန်မပြောတာကို သဘောတူမယ်ဆိုရင်တော့ ဆင်အမြုတေကို အခုပဲ ရှင့်ကို ပေးလိုက်ပါ့မယ်"

ဟု ပြောပြီး နောက်မှာ ရပ်နေသူတစ်ယောက်ကို တစ်စုံတစ်ရာ အမိန့်ပေးလိုက်ရာ တစ်ယောက်က တောထဲသို့ ဝင်သွားလေသည်။

ခဏကြာတော့ တစ်စုံတစ်ခုကို အမျိုးသမီးအား ပေးလေသည်။ အမျိုးသမီးက လက်ဝါးဖြန့်ပြသောအခါ ပုလဲလုံးအရွယ်ခန့် ရှိပြီး အနက်ရောင် တောက်ပနေသော အမြုတေကို တွေ့ရလေသည်။

"ဒါ. . ဆင်အမြုတေပဲ၊ ရှင်တူးဖော်ရထားတဲ့ ဆင်စွယ်နက်တစ်ချောင်းနဲ့ ဒီအမြုတေကို ယူသွားပေတော့၊ မကြာခင်မှာ

ကျွန်မတို့နောက်က လိုက်ခဲ့ကြပါမယ်"

ဟု ပြောကာ ပေးသဖြင့် ကျမိုင်းစော်ဘွားလေးက လှမ်းယူထားလိုက်လေသည်။

ထို့နောက်မှာတော့ အမျိုးသမီးက အဖော်နှစ်ယောက်ကိုပါ ခေါ်ပြီး တောတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ကျမိုင်းစော်ဘွားလေးနှင့် ဦးစိုင်းလူတို့နှစ်ယောက်လည်း ထိုနေရာမှ ပြန်ထွက်လာခဲ့ကြသည်။

ထိုနေရာရောက်သောအခါ ဦးစိုင်းလူက ပြောလက်စစကားကို ရပ်ပြီး လက်ဖက်ရည်ကြမ်းတစ်ခွက်ကို မော့သောက်လိုက်လေသည်။

နံဘေးနားမှာ ရှိနေသော ဒေါက်တာမင်းထင်ကျော်မှာ စိတ်ဝင်စားမှု ကောင်းနေသောအချိန် ရောက်တော့မှ စကားစကရပ်သွားသောကြောင့် သက်ပြင်းတစ်ချက် ချကာ စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိဖွာလိုက်လေသည်။

"နောက်တော့ ဘယ်လိုတွေ ဆက်ဖြစ်တယ်ဆိုတာ ဆက်ပြောပြပါဦး ဦးစိုင်းလူ"

"အဲဒီအချိန်ကစပြီးနောက်ပိုင်း ကျမိုင်းဟော်နန်းမှာ ကြောက်စရာကောင်းတဲ့အန္တရာယ်တွေ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ရောက်လာတယ်လို့ ဆိုရမှာပါပဲ"

ဟု ရေနွေးကြမ်းပန်းကန်ကို ပြန်ချပြီး စကားပြန်ဆက်လေသည်။

ကျမိုင်းဟော်နန်းသို့ ပြန်ရောက်သောအခါ စော်ဘွား





လေးက ၎င်းရရှိလာသော ဆင်စွယ်နက်ကြီးတစ်ချောင်းကို ကျမိုင်းစော်ဘွားကြီးအား အပ်နှံလိုက်လေသည်။

ကျမိုင်းစော်ဘွားကြီးမှာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ရွှေကလပ်၊ ငွေကလပ်များ ပြုလုပ်စေကာ ဟော်နန်းခန်းမဆောင်အတွင်း၌ ဆင်စွယ်နက်ကြီးအား ထားလေသည်။

စော်ဘွားလေးကတော့ ၎င်းရရှိလာသော ဆင်အမြီးတကိုတော့ မည်သူမှ အသိမပေးဘဲ လျှို့ဝှက်စွာ သိမ်းဆည်းထားလေသည်။

ဟော်နန်းသို့ ပြန်ရောက်ပြီး တစ်ပတ်ခန့်ကြာသည်အထိတော့ ထူးခြားမှု မရှိသေးသောကြောင့် မေ့မေ့ပျောက်ပျောက်ဖြစ်နေစဉ် တစ်ညမှာတော့ ထူးထူးဆန်းဆန်းအိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် တောထဲ၌ တွေ့ခဲ့ရသော အမျိုးသမီး ရောက်လာသည်။

ထိုအမျိုးသမီးနောက်မှာလည်း ဘီလူးနှင့် အသွင်သဏ္ဍာန်တူပြီး ကြောက်မက်ဖွယ်ကောင်းသော လူနှစ်ယောက်ပါလာလေသည်။

၎င်းတို့သုံးယောက်ကို မြင်သောအခါ ကျမိုင်းစော်ဘွားလေးမှာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

"ရှင်ပေးထားခဲ့တဲ့ကတိအတိုင်း ကျွန်မတို့ လိုက်ခဲ့ပြီလေ"

"မင်း . . မင်းတို့တွေ ဘာလုပ်ကြမှာလဲ"

"ရှင်နဲ့ ကတိရှိထားတဲ့အတိုင်းပဲပေါ့၊ ရှင်ပိုင်ဆိုင်တဲ့သူတွေရဲ့အသက်တွေကို ကျွန်မတို့ကို ပေးရမှာပေါ့"

"ဘယ်နှစ်ယောက်တောင် ယူမှာလဲဟင်"

"ဒါကတော့ ဆင်စွယ်နက်နဲ့ဆင်အမြုတေ ရှင်တို့လက်ထဲမှာ ရှိနေသရွေ့ ယူမှာပေါ့"

"ငါ. . မင်းကို တစ်ခုတော့ တောင်းပန်ပါရစေ"

"ဘာများလဲ"

"ငါ့မိဘတွေနဲ့ ဆွေတော်မျိုးတော်တွေရဲ့အသက်ကိုတော့ ချမ်းသာပေးပါ"

"ကောင်းပြီလေ. . . တခြားလူတွေရဲ့အသက်ကို ရနေသမျှတော့ ရှင့်မိဘဆွေမျိုးတွေရဲ့အသက်ကို မယူပါဘူးလို့ ကတိပေးပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ တခြားလူတွေဆီက မရရင်တော့ ရတဲ့ဆီကပဲ ယူတန်ယူရမှာပဲ"

ဟု ပြောဆိုကာ ပျောက်သွားလေတော့သည်။

နောက်တစ်နေ့ မနက်လင်းသော် အမင်္ဂလာ သတင်းဆိုးတစ်ခုကို စတင်ကြားရလေတော့သည်။

အခြားမဟုတ်ပေ. . .။

ဟော်နန်းအတွင်းမှာ စောင့်နေကြသော အစောင့်ရဲမက်များထဲမှ တစ်ယောက်ပျောက်နေခြင်းပင်ဖြစ်သည်။

၎င်းနှင့် အတူစောင့်နေသောရဲမက်အချို့ကို ခေါ်ယူမေးမြန်းကြည့်သောအခါ၌ ဤသို့ပြောကြသည်။

"ညတုန်းက ကျွန်တော်တို့နဲ့ အတူတူ စောင့်နေရင်းနဲ့





ညဉ့်နက်ပိုင်းရောက်တော့ တောစပ်ဘက် ထွက်သွားတာကို လှမ်းမြင်လိုက်ရပါတယ်၊

အပေါ့အပါး သွားတယ်ထင်ပြီး ကြည့်နေလိုက်တာ ပြန်မလာတော့မှ ပျောက်နေမှန်း သိရတော့တာပါ စော်ဘွားလေး"

"သိတာနဲ့ မင်းတို့ လိုက်မရှာကြဘူးလား"

"လိုက်ရှာပါတယ်. . . ဒါပေမယ့် မတွေ့ရပါဘူး"

ထို့ကြောင့် ပျောက်နေသောရဲမက်ကို တွေ့အောင် ရှာဖွေရန် ရဲမက်များနှင့်အတူ ဦးစိုင်းလူကိုပါ တာဝန်ပေးလိုက်လေသည်။

ဦးစိုင်းလူတို့မှာ လက်နက်လေးများတို့ကို အဆင်သင့်ယူဆောင်လာပြီးနောက် ရဲမက်ဝင်သွားသော တောဘက်သို့ လိုက်လံရှာဖွေကြလေသည်။

"ညက ဘယ်လိုထူးခြားမှုတွေ တွေ့ရသလဲ"

"အမှောင်ရိပ်သန်းလာတဲ့အချိန်မှာ တောစပ်နဲ့ ဟော်နန်းတဝိုက်မှာ မည်းမည်းသဏ္ဍာန်တွေ သွားလာနေတာကို လှမ်းမြင်ရပါတယ်၊ အဲဒီအထဲမှာ ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက်လည်း ပါ,ပါတယ်"

"ဟင်. . ."

ဦးစိုင်းလူ စိတ်ထဲမှာ စိုးရိမ်စိတ် ဝင်သွားလေသည်။

"မိန်းမက ဘယ်အရွယ်လောက်ရှိသလဲ"

"ငယ်ငယ်ပဲ ရှိပါသေးတယ်၊ မျက်နှာကိုတော့ သိပ်မတွေ့မြင်ရပါဘူး"

ဟု ပြောဆိုကာ ထိုနေရာတဝိုက်သို့ လိုက်လံရှာဖွေသောအခါ တစ်နေရာအရောက်တွင် သစ်ချုံများကြားမှ ဖြတ်သွားသော ခြေရာလက်ရာများကို အရင်တွေ့ကြရသည်။

ခြေရာလက်ရာများမှာ စမ်းချောင်းရှိသော လျှိုတစ်ခုအတွင်းမှ အတွင်းသို့ ဆင်းသွားဟန်ရှိလေသည်။

သို့ကြောင့် ဆင်းလိုက်သွားသောအခါ စမ်းချောင်းနံဘေးရှိ မြေသားပျော့သောနေရာသို့ ရောက်သွားသောအခါ မြေသားပေါ်မှာ ထင်ကျန်နေခဲ့သော ခြေရာအချို့ကို တွေ့ရလေသည်။

ရှေ့မှ လျှောက်သွားသော လူခြေရာမှာ ရဲမက်ခြေရာဖြစ်ဟန်ရှိလေသည်။

နောက်ဘက်မှ ကပ်ပါသွားသောခြေရာမှာ ခြေရာနှင့်တူသော်လည်း လူခြေရာတော့ မဟုတ်ပေ။

လူခြေရာထက် နှစ်ဆခန့်ကြီးပြီး ရှေ့ပိုင်းကားထွက်နေသဖြင့် ခြေရာမှာ ခွင်နေသည်။

ဖနောင့်ကလည်း တိုဟန်ရှိပြီး မြေပေါ်မှာ စူးစူးနက်နက်ဝင်နေလေသည်။

"ဒီခြေရာကြီးတွေက ဘာခြေရာလဲ"

"လူခြေရာတော့ ဟုတ်မယ်မထင်ဘူး၊ မျောက်ဝံ ဒါမှမဟုတ် လူဝံခြေရာများ ဖြစ်မလား မသိဘူး"

ဟု ပြောဆိုကာ ခြေရာခံ၍ လိုက်လာကြည့်သောအခါ စမ်းချောင်းနံဘေးရှိ ချုံတစ်ခုအနီးသို့အရောက် ရှေ့မှ သွားနေ





သောခြေရာကို နောက်မှ လိုက်လာသောခြေရာက မီသွားဟန် ပြီး လုံးထွေးသွားလေတော့သည်။

အနီးပတ်ဝန်းကျင်တဝိုက်ရှိ သစ်ပင်ချုံနွယ်များပေါ်မှာ သွေးများ စွန်းပေနေသည်ကိုလည်း မြင်ကြရသည်။

အကြောင်းတစ်စုံတစ်ရာ မရှိဘဲ စမ်းချောင်းဘက် ဆင်းသွားသောရဲမက်မှာ အန္တရာယ်နှင့် တိုးသွားဟန်ရှိလေသည်။

ဦးစိုင်းလူတို့တတွေမှာ ထိုအနီးပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေကြရာ သစ်ချုံကွယ်တစ်နေရာမှာ ပျောက်သွားသောရဲမက်အလောင်းကို တွေ့ကြရသည်။

အဝတ်အစားများကို မြင်၍သာ ပော်နန်းမှ ရဲမက်ဟု သင်ကြရသော်လည်း တစ်ကိုယ်လုံး အရိုးစုသာသာမျှသာ ကျန်တော့သည်။

အသားအရေများနှင့် ဝမ်းတွင်းမှ အူအသည်းများသည်း မရှိတော့။

နောက်ဆုံး မျက်လုံးနှင့်လျှာကိုပင် ထုတ်ယူသွားဟန်ရှိလေသည်။ ဝတ်ဆင်ထားသော အဝတ်အစားများမှာလည်း အစိပ်စိပ် အမြွာမြွာ စုတ်ပြဲနေချေပြီ။

"ဒါ. . ရဲမက်အလောင်း မဟုတ်လား"

"ဟုတ်. . ဟုတ်တယ်၊ ဒါပေမယ့် တစ်ကိုယ်လုံး အရိုးစုပဲ ကျန်ခဲ့တာဆိုတော့ ဘယ်လိုသတ္တဝါမျိုးများ စားသွားတာလဲ မသိဘူး"

"တောတိရစ္ဆာန်တွေထဲမှာ လူသားစားတဲ့သတ္တဝါတွေ

အများကြီး ရှိပါတယ်၊ အဆိုးဆုံးကတော့ ကျားပေါ့၊ တကယ်လို့
ကျားစားရင်လည်း ဒီလောက်တော့ မမြန်နိုင်ပါဘူး"

ဦးစိုင်းလူမှာ အစဉ်းစားရ ကျပ်သွားလေသည်။

"တောခွေးအုပ်တွေနဲ့ တွေ့သွားလို့များလား အဘ"

"တောခွေးအုပ်နဲ့ တွေ့ရင် ခြေရာတွေအများကြီး တွေ့ရမှာပေါ့၊ နောက်ပြီး ကျင်ငယ်ရည်နံ့တွေပါ ကျန်ခဲ့မှာပေါ့၊ အခု ဒီနေရာမှာ ဘာမှထူးခြားမှုမှ မရှိတာ"

"သောင်ပြန့်ပေါ် လျှောက်လာတုန်းက သူ့နောက်က ကပ်လိုက်သွားတဲ့ခြေရာကြီးက ဘာလဲ၊ မျောက်ဝံခြေရာလား လူဝံခြေရာလား"

"မျောက်ဝံ လူဝံ ဖြစ်တယ်ဆိုရင်တောင် လူကို အငြိုးနဲ့ သတ်ရင်သတ်မယ်၊ အခုလို တစ်ကိုယ်လုံး အရိုးကျအောင်တော့ မစားဘူး"

"ဒါဖြင့် ဘီလူးစားတာပဲ ဖြစ်မှာပေါ့"

ရဲမက်တစ်ယောက်က စိတ်ထဲ ရှိတာကို လွှတ်ကနဲ ပြောလိုက်သော်လည်း ဘီလူးဆိုသောစကားကို ကြားလိုက်ရသည်နှင့် ဦးစိုင်းလူမှာ တောထဲမှာ တွေ့မြင်ခဲ့ရသောအကြောင်းများကို ပြန်သတိရပြီး ခေါင်းနားပန်းကြီးသွားလေတော့သည်။

"သူတို့ပြောတဲ့အတိုင်း တကယ်များ ဖြစ်လာလေရော့သလား"

ဟု တစ်ယောက်တည်း ရေရွတ်လိုက်လေသည်။

ထို့နောက်မှာတော့ အရိုးကျနေပြီဖြစ်သော ရဲမက်၏





အလောင်းကို ထိုနေရာမှာပင် မြေမြှုပ်သင်္ဂြိုဟ်ပြီးနောက် ထိုနေရာမှ ခပ်သုတ်သုတ် ပြန်ထွက်ခဲ့ကြလေသည်။





## အခန်း (၅)

# ကတိသစ္စာကြောင့် သေရသောသူ

ဒေါက်တာမင်းထင်ကျော်မှာ ဦးစိုင်းလူ ပြောပြသော အကြောင်းအရာများကို စိတ်ဝင်စားသောကြောင့် မီးညှိထားသော စီးကရက်ကိုပင် မသောက်ဖြစ်တော့ဘဲ တိုသွားသောကြောင့် လွှင့်ပစ်လိုက်ရလေသည်။

ဦးစိုင်းလူကတော့ စကားပြောလိုက်၊ မောသွားသည်နှင့် ရေနွေးကြမ်းသောက်လိုက်နှင့် ရှိနေသည်။

"နောက်တော့ ကျုမိုင်းဟော်နန်းမှာ လက်သည်မပေါ်ဘဲနဲ့ လူတွေ တစ်ယောက်ပြီးတစ်ယောက် သေကြတော့တာပါပဲ၊

သေတဲ့လူတွေလည်း တစ်ယောက်မှ ရုပ်မမြင်ရတော့ပါဘူး၊ ရုပ်ပျက်ဆင်းပျက်နဲ့ အရိုးကျနေတာပဲ တွေ့ရတာပါပဲ”

“ဘယ်လည်း ကြောက်စရာကောင်းပါလား”

“ကြောက်စရာကောင်းဆို အဲဒီအချိန်တုန်းက ကျုပ်တို့ဆိုရင် သွေးပျက်ပြီး အသက်ထွက်သွားမလားလို့တောင် ထင်ရတယ်၊ ကိုယ့်မျက်စေ့ရှေ့မှာတင် လူတွေ တစ်ညတစ်ယောက်သေတာ မြင်လာရတော့ ကိုယ့်အလှည့် ဘယ်တော့များ ရောက်မလဲဆိုပြီး နေ့တထိတ်ထိတ် ညကထိတ်ထိတ်နဲ့ပါပဲ”

“ဒီလိုဖြစ်တာတွေရဲ့တရားခံဟာ ကျမိုင်းစော်ဘွားလေးပဲ မဟုတ်လား၊ သူက ဘာမှမဖြေရှင်းပေးဘူးလား”

“ဘယ်ဖြေရှင်းဝံ့တော့မလဲ. . ဒီအခြေအနေမျိုး ရောက်မှ ဖြေရှင်းလိုက်ရင် အပြစ်တွေက သူ့အပေါ် ပုံကျလာတော့မှာဆိုတော့ ဒီအတိုင်းပဲ ငြိမ်နေလိုက်တာပါပဲ”

“နောက်တော့ ဘာတွေ ဆက်ဖြစ်သေးသလဲ ဦးစိုင်းလူ”

“နောက်တော့ ရဲမက်တွေ တစ်ယောက်ပြီးတစ်ယောက် သေကြရုံမကဘူး၊ ဟော်နန်းထဲက လူတွေပါ ထပ်သေလာတော့ မှူးမတ်တွေက ဆင်စွယ်နက်ကြီး ဟော်နန်းထဲ ရောက်လာပြီးမှ လူတွေ သေတယ်ဆိုတာကို သိတော့ စော်ဘွားကြီးကို အကျိုးအကြောင်း ပြောပြကြတယ်”

“ဒီတော့ စော်ဘွားကြီးက ဘယ်လိုစီစဉ်သလဲ”

“ဆင်စွယ်နက်ကြီးကို မထားဝံ့တော့တာနဲ့ ဟော်နန်းရဲ့မြောက်ဘက်မှာ ရှိတဲ့ သေလာယကွတောင်မှာ စေတီတစ်ဆူ





တည်ပြီး ဌာပနာထည့်ထားလိုက်တယ်”

“အဲဒီလို ထည့်လိုက်တော့ အန္တရာယ်တွေက ရှင်းသွားရောလားဟင်”

“ဘယ်ရှင်းမှာလဲ မောင်ရင်ရယ်၊ ဆင်စွယ်နက်ကြီး မရှိတော့ပေမယ့် ဆင်အမြုတေက စော်ဘွားလေးဆီမှာ ရှိသေးတယ်၊ နောက်တစ်ချက်က စော်ဘွားလေးမှာ ကျိန်ခဲ့တဲ့ကတိတွေကလည်း ရှိနေသေးတော့ လူတွေ သေတာ ရပ်မသွားပါဘူး၊ ဆက်တိုက်သေကြတာပါပဲ၊ နောက်ပိုင်းမှာ ဟော်နန်းတဝိုက်မှာလည်း သေသွားတဲ့ဝိညာဉ်တွေက ခြောက်လိုက်တာ မပြောပါနဲ့တော့”

“ဘယ်လည်း ကြောက်စရာကောင်းပါလား”

“ကြောက်စရာကောင်းဆို နောက်ပိုင်းမှာ ကျမိုင်းဟော်နန်းမှာတောင် မနေဝံ့ကြတော့တာနဲ့ တနယ်တကျေးကို ပြောင်းပြေးကြရတယ်”

“ပြောင်းရမှာပေါ့”

“နောက်ပိုင်းမှာတော့ နေဝင်ချိန်ရောက်မှာကိုပဲ လူတွေက ကြောက်နေကြတော့တယ်၊ နေဝင်ပြီဆိုတာနဲ့ ဟော်နန်းပတ်ဝန်းကျင်မှာ သွားလာနေကြတဲ့ မည်းမည်းသဏ္ဌာန်တွေကို အတိုင်းသား တွေ့ကြရတယ်၊ မိုးချုပ်ပြီဆိုတာနဲ့ မှောင်ရီသမ်းလာရင် ခွေးအူသံတွေ ငှက်ဆိုးထိုးသံတွေကို အဆက်မပြတ် ကြားနေရတော့တာပဲ၊ နောက်တစ်နေ့ ရောက်တာနဲ့ တစ်ယောက်နှစ်ယောက်တော့ သေကြပြန်တာပါပဲ၊

အဲဒီအချိန်တုန်းက ကျမိုင်းဟော်နန်းကြီးဟာ ဘာနဲ့ တူသလဲဆိုတော့ ရှေးတုန်းက ဝေသာလီတိုင်းပြည် ဘီလူးသရဲတွေ ဝင်နေတဲ့အတိုင်းပါပဲ"

"ဦးစိုင်းလူ ပြောတဲ့ စကားနားထောင်ရရုံနဲ့ ကျွန်တော်တောင် ကျောချမ်းလာသလိုပဲ"

ဒေါက်တာမင်းထင်ကျော်က ပခုံးနှစ်ဖက်ကို တွန့်ပြရင်း ပြောလိုက်လေသည်။

"မောင်ရင်က စကားကြားရရုံနဲ့ ဒီလောက်ကြောက်နေရပြီဆိုတော့ ကိုယ်တွေ့ကြုံခဲ့ကြရတဲ့ ကျုပ်တို့တတွေဆိုရင် ဘယ်လောက်များ ကြောက်မယ်ဆိုတာ တွေးသာကြည့်ပါတော့၊ နေ့သေမလား ညသေမလား ရင်တမမနဲ့ စောင့်နေရသလိုပါပဲ၊ မနက်လင်းမှပဲ ငါ မသေသေးပါလားဆိုပြီး သက်ပြင်းချနိုင်တဲ့ ဘဝမျိုးပေ့ါ၊ နောက်တော့ မကြာပါဘူး၊ စော်ဘွားကြီးနဲ့ စော်ဘွားကတော်တွေပါ တစ်ယောက်ပြီးတစ်ယောက် သေကြပါရော"

"ဟင်. . ."

"အဲဒီတော့မှ ဟော်နန်းတစ်ခုလုံး ဘီလူးတွေ ဝင်နေပြီဆိုတာ သိကြရပြီး ဘေးလွတ်ရာ ထွက်ပြေးကြရတော့တယ်၊ ကျမိုင်းစော်ဘွားလေးလည်း ဆက်မနေဝံ့တော့တာနဲ့ စော်ဘွားကတော်တွေနဲ့ နောက်ပါအခြွေအရံအချို့ကို ခေါ်ပြီး ရန်ကုန်ကို ဆင်းပြေးလာခဲ့တယ်၊ ဒါပေမယ့် ဘေးမလွတ်ခဲ့ပါဘူး"

"ကျမိုင်းစော်ဘွားလေး ရန်ကုန်ရောက်စ နေတဲ့နေရာက ချာချီလမ်းက (၂၃-ဘီ)မဟုတ်လား"





"ဟုတ်ပါတယ်. . . အဲဒီမှာ ပြောင်းနေပြန်တော့လည်း စော်ဘွားလေးဟာ ဘေးအန္တရာယ်တွေနဲ့ ကြုံခဲ့ရသေးတယ်"

"ဒါထက် သူ့ဆီမှာ ရှိတဲ့ ဆင်အမြူတေကလည်း သူနဲ့ အတူတူ ပါလာခဲ့တာပေ့ါ ဟုတ်လား"

"ကျုပ်က စော်ဘွားလေးရဲ့လက်စွဲတော်ဆိုတော့ သူသွားရာနောက်ကို လိုက်ရတာပေ့ါ၊ ဒါကြောင့်လည်း ဒီအကြောင်းတွေကို ပြန်ပြောပြနိုင်တာပေ့ါ"

"သူ ဘယ်လိုဒုက္ခရောက်ခဲ့ရတယ်ဆိုတာကိုလည်း ပြောလက်စနဲ့ ပြောပြပါဦး"

ဦးစိုင်းလူက လက်ဖက်ရည်ပန်းကန်အတွင်းသို့ လက်ဖက်ရည် ထပ်ဖြည့်သောက်ပြီးမှ စကားပြန်ဆက်သည်။

ရှေးအခါက ငါးထပ်ကြီးဘုရားတဝိုက်၊ ရွှေခုံတိုင်(ယခု ရွှေဂုံတိုင်)တဝိုက်၊ ရွှေတိဂုံဘုရားမြောက်ဘက်(ယခု ရွှေတောင်ကြားဟု ခေါ်နေသည့်နေရာများ)၊ ချာချီလမ်းဘက်တစ်ဝိုက်တို့မှာ လူနေအိမ်ခြေ မများလှဘဲ တောထူထပ်သောနေရာများဖြစ်သည်။ အချို့နေရာများမှာတော့ ခြံစိုက်ပျိုးသူများနှင့် နို့စားနွားမွေးသော ကုလားခြံများသာ အနေများကြလေသည်။

ယခု ရွှေတောင်ကြားတဝိုက်မှာ နွားမွေးမြူသောခြံအများအပြား ရှိသောနေရာပင်ဖြစ်ပေသည်။

ရှေးအခါက ချာချီလမ်း(ယခု ကိုယ့်မင်းကိုယ့်ချင်းလမ်း) တဝိုက်မှာ သစ်ပင်ကြီးငယ်တို့ဖြင့် အုံ့အုံ့ဆိုင်းဆိုင်း ရှိလေသည်။

ထိုလမ်းဘက်မှာ နေသူများမှာလည်း ခြံဝန်းကျယ်ကြီး

များဖြင့် အနေများကြသည်။

အမှတ်(၂၃-ဘီ)မှာ တောင်ကုန်းတစ်ခုပေါ်မှာ ရှိပြီး ထိုနေရာတဝိုက်၌လည်း သစ်ရိပ်ဝါးရိပ်များ ကောင်းလှပေသည်။

ကျမိုင်းစော်ဘွားလေးသည် ရှမ်းပြည်နယ်မှ ရန်ကုန်သို့ ပြောင်းရွှေ့လာပြီးနောက် နေအိမ်ကို ဟော်နန်းသဖွယ် ပြုပြင်စီမံပြီး မိသားစုများ၊ အခြွေအရံများဖြင့် နေထိုင်လေသည်။

သူ့အနေနှင့် မျက်စိရှေ့မှာ လူအမြောက်အမြား သေဆုံးသွားကြသည်ကို တွေ့မြင်ရပြီးနောက် ချောက်ခြားနေသော်လည်း ယခုအခြေအနေ ရောက်မှတော့ ဘယ်လိုဆက်လုပ်ရမှန်း မသိပေ။

ရန်ကုန်ရောက်ပြီး ရက်အတန်ကြာသည်အထိတော့ အခြေအနေ မထူးခြားဘဲ နောက်ပိုင်း တစ်ပတ်ခန့်ကြာသောအခါ အဝတ်နက်များ ဝတ်ဆင်ထားသောအမျိုးသမီးကို ပြန်တွေ့ရလေသည်။

ထိုသို့ပြန်တွေ့ရသည်မှာ အိပ်မက်၊မက်နေခြင်းမျိုး မဟုတ်ဘဲ ညအချိန်တွင် စော်ဘွားလေး အိပ်သောအခန်းထဲသို့ ရောက်လာခြင်းဖြစ်ပေသည်။

“ရှင်ဘယ်လိုပဲပြေးပြေး ကျွန်မလက်က မလွတ်နိုင်ပါဘူး၊ ရှင်ပေးထားခဲ့တဲ့ကတိကို မေ့သွားပြီလား”

“ငါပေးတဲ့ကတိကို မမေ့ပါဘူး၊ ဒါပေမယ့် ငါ့ရဲ့မိဘဆွေမျိုးတွေရဲ့အသက်ကို ချမ်းသာပေးမယ်ဆိုပြီးမှ ငါ့ရဲ့မိဘတွေကို ဘာကြောင့် သတ်ပစ်ခဲ့တာလဲ”





“တခြားလူတွေ မရှိတော့လို့ သူတို့ကို သတ်ရတာပါ”

“ဒါဖြင့် ငါ့အသက်ကိုရော ချမ်းသာမပေးတော့ဘူးပေါ့လား”

အမျိုးသမီးက ကြောက်မက်ဖွယ်ကောင်းသောမျက်နှာမျိုးဖြင့် ရယ်နေပြီးမှ ပြောသည်။

“ရှင့်အသက်ကိုတော့ နောက်ဆုံးမှပဲ ယူမှာပါ”

“မင်းတို့က ဘယ်သူတွေလဲ”

“ရှေးနှစ်ပေါင်းများစွာကတည်းက ဆင်စွယ်နက်နဲ့ ဆင်အမြီးတောကြောင့် သေခဲ့ရပြီး ဘီလူးဘဝ ရောက်နေရတဲ့သူတွေပါ။ ကျွန်မတို့က ဆင်စွယ်နက်ကို စောင့်ရှောက်နေရတဲ့သူတွေဆိုရင်လည်း မမှားပါဘူး”

ဟု ပြောဆိုကာ ပြန်ထွက်သွားလေသည်။

ကျမိုင်းစော်ဘွားလေးမှာ သူ့အလှည့်ရောက်တော့မည်ဆိုမှ များစွာတုန်လှုပ်ချောက်ခြားသွားလေတော့သည်။

နောက်တစ်နေ့မနက်ပိုင်း ရောက်တော့ ဦးစိုင်းလူကိုခေါ်ပြီး အကြံဉာဏ်တောင်းသောကြောင့် ဦးစိုင်းလူက ၎င်းဆန္ဒရှိသည့်အတိုင်း ပြောလိုက်သည်။

“စော်ဘွားလေး ကိုယ့်ရဲ့အသက်ကို နှမြောတယ်ဆိုရင်တော့ လက်ထဲမှာ ရှိနေတဲ့ ဆင်အမြီးတောကို စွန့်ပစ်လိုက်တာအကောင်းဆုံးဖြစ်မယ်ထင်ပါတယ်”

“ဒီလို စွန့်ပစ်လိုက်ရင်ကော သူတို့ရန်က အေးပါ့မလား”

“သူတို့နဲ့ ပတ်သက်တဲ့ပစ္စည်း မရှိရင်တော့ ဒီရန်တွေ

အေးသွားမယ်လို့ ကျွန်တော်ထင်ပါတယ် စော်ဘွားလေး"

"ဒီလိုဆိုရင်တော့ ကျွန်တော်အမြန်ဆုံး စွန့်ပစ်ဖို့ လုပ်ပါ့မယ်၊ ဦးစိုင်းလူကလည်း ကျွန်တော့်ကို အကူအညီပေးပါ"

"ကျွန်တော်မျိုး အသက်စွန့်ပြီး အကူအညီပေးပါ့မယ်"

ထိုသို့ပြောဆိုတိုင်ပင်ပြီး မကြာမီမှာပင် ထိုအိမ်ကြီးသို့ မကောင်းဆိုးဝါးများ ရောက်လာပြီး စော်ဘွားကတော်နှစ်ယောက် တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားလေတော့သည်။

ထိုသို့သေဆုံးပြီးနောက်တွင် စော်ဘွားလေးက ဦးစိုင်းလူကို ခေါ်ပြောသည်။

"ဦးစိုင်းလူ. . . ကျွန်တော်တော့ ကတိပေးတာ တစ်ချက်မှားခဲ့တာနဲ့ အသက်ပေးရတော့မယ်၊ မကြာခင် ကျွန်တော်သေရမယ့်အလှည့် ရောက်လာတော့မယ်၊ ဒီတော့ ကျွန်တော်ပြောခဲ့တဲ့အတိုင်း ကျွန်တော့်ကို အကူအညီပေးပါ"

"ဘယ်လိုအကူအညီပေးရမှာလဲ စော်ဘွားလေး"

"ကျွန်တော့်ဆီမှာ ရှိနေတဲ့ ဆင်အမြွတေကို ယူပြီး မူလနေရာကိုသာ ပြန်ပို့ပေးလိုက်ပါတော့ဗျာ"

ဟု ပြောကာ ၎င်းလျှို့ဝှက်သိမ်းဆည်းထားသော ဆင်အမြွတေကို ထုတ်ပေးလေသည်။

ဦးစိုင်းလူ စိတ်ထဲမှာတော့ လူပေါင်းများစွာအသက်ကို သေစေခဲ့သော ထိုအမြွတေကို လက်မခံချင်ပေ၊ သို့သော်လည်း မိမိ၏ကျေးဇူးရှင်လည်းဖြစ်၊ အရှင်သခင်လည်းဖြစ်သော စော်ဘွားလေးအတွက်ဆိုတော့လည်း ငြင်းဆန်၍ မသင့်သောကြောင့် လက်ခံယူလိုက်ရလေသည်။





"ကောင်းပါပြီ. . . ကျွန်တော်မျိုး ပြန်ပို့ပေးပါ့မယ်"

ဟု ပြောတော့မှ စော်ဘွားလေးမှာ စိတ်ကျေနပ်သွားဟန် ရှိလေသည်။

နောက်တစ်ရက်မှာတော့ စော်ဘွားလေး သေဆုံးသွားလေတော့သည်။

ထို့နောက်ပိုင်းမှာတော့ ချာချီလမ်းမှ အိမ်ကြီးတွင် ဘယ်သူမှ မနေဝံ့ကြတော့ပေ။

စော်ဘွားလေးနှင့် အတူလိုက်ပါလာသော အခြွေအရံများမှာလည်း တစ်ယောက်ပြီးတစ်ယောက် သေဆုံးကုန်သောကြောင့် အချို့သာ ကျန်တော့သည်။

ထိုကျန်သူများမှာလည်း စော်ဘွားလေး မရှိသည့်နောက်ပိုင်းမှာ လွတ်လပ်သွားပြီဖြစ်သောကြောင့် အသီးသီး နေရပ်သို့ ပြန်သွားကြလေတော့သည်။

"ကျုပ်လည်း စော်ဘွားလေး မှာသွားတဲ့အတိုင်း ဆင်အမြွတေကို ယူပြီးတော့ ကျမိုင်းကို ပြန်သွားခဲ့ပါတယ်၊ တစ်ချိန်က ခမ်းနားထည်ဝါလှတဲ့ ဟော်နန်းကြီးတစ်ခုလုံး နေမယ့်သူမရှိဘဲ သစ်ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးနေခဲ့ပါပြီ၊

ဟော်နန်းမြောက်ဘက် သေလာယက္ခ တောင်ကုန်းပေါ်မှာ စော်ဘွားကြီး တည်ခဲ့တဲ့စေတီလည်း ပျက်စီးနေပါပြီ"

"တည်ထားခဲ့တာ အချိန်သိပ်မကြာသေးဘဲနဲ့ ဘယ်လို

ကြောင့် ပျက်စီးသွားတာလဲ"

"မသမာသူတွေက ဖျက်ဆီးသွားတာ ဖြစ်မှာပေါ့ဗျာ၊ ကျုပ်ရောက်သွားတဲ့အချိန်မှာ ပေါ်နန်းကုန်းတဝိုက်မှာ အင်္ဂလိပ်မျက်နှာဖြူအချို့နဲ့ သူ့ရဲ့တပည့်တပန်းတွေ အတော်ကလေး ခြေရှုပ်နေတာ တွေ့ခဲ့ရတယ်၊ ဘုရားမှာ ဌာပနာထည့်ထားခဲ့တဲ့ ဆင်စွယ်နက်ကြီးလည်း ရှိဟန်မတူတော့ဘူး၊ အင်္ဂလိပ်မျက်နှာဖြူတွေ ရသွားကြပြီနဲ့ တူပါတယ်"

"ဒါထက် ဦးစိုင်းလူဆီက ဆင်အမြဲတောရော၊ သူ့ရဲ့မူလနေရာ ရောက်အောင် ပြန်ထားဖြစ်သေးလား"

"မထားဖြစ်ပါဘူး. . . တောင်ကုန်းပေါ်က ဘုရားပျက်နေရာကို သွားကြည့်နေတုန်း သူ့လူတွေနဲ့ တွေ့ပြီး အဖမ်းခံလိုက်ရတယ်၊ ပါသွားတဲ့အမြဲတောကိုလည်း သူတို့ပဲ သိမ်းယူထားလိုက်၊ ဆင်စွယ်နက်တစ်ချောင်းလည်း သူတို့ ရထားဟန်ရှိတယ်၊

မျက်နှာဖြူတွေကျ ဘယ်လိုကျိန်စာမှ မသင့်ကြဘူးလား မသိဘူး"

"သူတို့က တိုင်းတပါးသားတွေ ဖြစ်တာကတစ်ကြောင်း၊ မူလပိုင်ရှင်အစောင့်တွေနဲ့ ဘယ်လိုကတိသစ္စာမျိုးမှ မရှိလေတော့ အန္တရာယ်မတွေ့နိုင်ဘူးပေါ့၊

စော်ဘွားလေးတို့မိသားစုတွေ ဒုက္ခရောက်သွားကြတာ၊ တောထဲမှာ သူ မဆင်မခြင် ပေးခဲ့တဲ့ကတိသစ္စာကြောင့် အခုလို သေသွားကြတာပဲ"

"ဟုတ်မှာပါ. . . နောက်ပြီး ကျုပ်ကို ဖမ်းမိတော့ ဆင်





အမြဲတောကို ယူတဲ့အပြင် ဆင်စွယ်နက်အကြောင်းတွေကိုလည်း မေးသေးတယ်၊ ကျုပ်ကတော့ ဘာမှမသိဘူးလို့ပဲ ပြန်ပြောခဲ့တယ်၊ နောက်တော့မှ ကျုပ်ကို ပြန်လွှတ်ပေးလိုက်ကြတယ်၊

ကျုပ်လည်း ဒီကိုပြန်လာပြီး မိသားစုတွေနဲ့ ခြံစိုက်ပြီး အေးအေးပဲ နေတော့တယ်"

ဟု ဦးစိုင်းလူက သူပြောပြသော အကြောင်းအရာ အဖြစ်အပျက်များကို အဆုံးသတ်လိုက်လေသည်။

"ဒါထက် မိသားစုတွေရော မမြင်ပါလား"

"ဇနီးကတော့ ဆုံးသွားပါပြီ၊ သမီးကတော့ ရှိပါတယ်၊ ဈေးရောင်းသွားနေတယ်၊ ခြံထဲက အသီးအနှံတွေကို ရောင်းပြီး ဒီလိုပဲ တမ်းတရှာနေရတယ်"

ဒေါက်တာမင်းထင်ကျော်က ဦးစိုင်းလူ ငှဲ့ပေးသော လက်ဖက်ရည်ကြမ်းကို သောက်ရင်း အတွေးများ ဝင်နေလေသည်။

အကယ်၍သာ အင်္ဂလိပ်မျက်နှာဖြူများက ဘုရားဌာပနာ ထည့်ထားသော ဆင်စွယ်နက်တစ်ချောင်းကို ရသွားပြီဆိုပါက ကျန်နေသည့် ဆင်စွယ်နက်တစ်ချောင်းကို မရမနေလိုက်လံစုံစမ်းကြမည်မှာ အသေအချာပင်ဖြစ်ပေသည်။

ထိုမျှရှားပါးပြီး တန်ဖိုးရှိလှသော ဆင်စွယ်နက်သာ တိုင်းတပါးသို့ ရောက်သွားပါက ရတနာသိုက်တစ်ခုကို တွေ့ရသည့်ပမာ ချမ်းသာသွားကြပေလိမ့်မည်။

သို့ကြောင့် ကျန်နေသော ဆင်စွယ်နက်တစ်ချောင်းကို

မရမနေ လိုက်လံရှာဖွေပေလိမ့်မည်။

ရှားပါးပြီး တန်ဖိုးထိုက်တန်လှသော ဆင်စွယ်နက်များကိုသာ တိုင်းတပါးသားတို့က အခြားသို့ ယူဆောင်သွားပါက မိမိနိုင်ငံမှ အဖိုးတန်ပစ္စည်းတစ်ခု ဆုံးရှုံးရပေတော့မည်မှာ အမှန်ပင်ဖြစ်တော့သည်။

ထိုသို့တွေးတောနေစဉ်မှာ ဈေးတောင်းကို ပိုက်လျက်နှင့် အမျိုးသမီးတစ်ယောက် တဲအတွင်းသို့ ဝင်လာလေသည်။

သူမသည် အသက်(၂၀)ကျော်ဝန်းကျင်ခန့်ရှိပြီး မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် ချောမောလှပသူဖြစ်ပေသည်။

လွတ်လွတ်လပ်လပ် ဝင်လာသောမိန်းမပျိုသည် ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ အနည်းငယ် အရှိန်တန့်သွားပြီး ဦးစိုင်းလူအနီးမှာ သွားထိုင်လေသည်။

"ဒါ. . ကျုပ်ရဲ့မိတဆိုးသမီးလေးပါပဲ၊ သူ့နာမည်က မြလေးနွယ်လို့ ခေါ်တယ်"

ဒေါက်တာမင်းထင်ကျော်က သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို ပြန်ချလိုက်ရင်း ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် နေရာမှ ထလိုက်လေသည်။

"ကျွန်တော့်ကို အခုလို စိတ်ရှည်လက်ရှည် ပြောပြပေးတာ ကျေးဇူးတင်ပါတယ်"

"ဒါထက် မေးပါရစေဦး၊ မောင်ရင်က ဒီအကြောင်းတွေကို သိရတော့ ဘာလုပ်မှာလဲဟင်"

"ကျွန်တော်က သုတေသနသမား တစ်ယောက်ပါ၊





အဆင်ပြေရင်တော့ တောထဲမှာ ကျန်ခဲ့တဲ့ဆင်စွယ်နက်နဲ့ မျက်နှာဖြူတွေလက်ထဲ ရောက်နေတဲ့ဆင်စွယ်နက်ကို ရအောင် ကြိုးစားဖြစ်မယ် ထင်ပါတယ်"

ထိုစကားကြားသောအခါ ဦးစိုင်းလူက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဆင်စွယ်နက်ကြောင့် လူတွေအများကြီး သေခဲ့ရပြီ၊ ဒီလောက်အန္တရာယ်များတဲ့ပစ္စည်းကို တကူးတက ဘာကြောင့်များ ရှာချင်ရတာလဲ"

"ကျွန်တော်က ထူးဆန်းတဲ့အကြောင်းတွေကို စိတ်ဝင်စားပါတယ်၊ ဒါကြောင့် လိုက်ရှာမှာပါ၊ တကယ်လို့ ကျွန်တော့်အတွက် အကူအညီလိုလာရင်တော့ ဦးစိုင်းလူ ကျွန်တော့်ကို အကူအညီပေးပါ"

ဦးစိုင်းလူက အပြင်ဘက်သို့ ငေးကြည့်နေပြီးမှ အတန်ကြာအောင် စဉ်းစားနေသည်။

"ကောင်းပါပြီ. . . ကျုပ် အကူအညီပေးနိုင်တာမျိုးဆိုရင် ပေးပါ့မယ်. . . လာခဲ့ပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်ကလည်း ဦးစိုင်းလူတို့သားအဖကို နှုတ်ဆက်ပြီးနောက် တဲအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။





## အခန်း (၆)

# ပုဏ္ဏားကတိုက်ခြင်းနှင့် အနောက်တိုင်းအမြင်

ကျိုင်းစော်ဘွားလေးနှင့် မိသားစုများသာမက နောက်ထပ် ရောက်လာနေထိုင်ကြသူတိုင်း သေသူသေ၊ ထွက်ပြေးရသူ ထွက်ပြေးနှင့် ကြာရှည်မနေနိုင်သော ချာချီလမ်းမှ အိမ်ကြီးကို ပုဏ္ဏားက တိုက်ထားသောအိမ်ဟု ထင်မြင်ယူဆကြသည်။

ပုဏ္ဏားကနှင့် ပတ်သက်သောအယူအဆမှာ မြန်မာပြည်မှာသာမက ကမ္ဘာအရပ်ရပ်ကပင် လက်ခံထားသော အယူအဆလည်း ဖြစ်ပေသည်။

ထိုအကြောင်းနှင့် ပတ်သက်ပြီး ဆရာသက်လုံ ရေးသား

☺ အောင်မြင်စာပေ ☺

ခဲ့သော 'ထူးခြားအာရုံ ကြောင်းကျိုးစုံ' စာအုပ်၌ အောက်ပါ အတိုင်း ဖော်ပြထားလေသည်။

စိတ်သည် ရုပ်ဝတ္ထုပေါ် ထိန်းချုပ်နိုင်သည်ဆိုခြင်းကို လောင်းကစားပြုလုပ်သည့် စားပွဲခုံများ၊ ထူးကဲစိတ္တဗေဒ စမ်းသပ် ခန်းများအတွင်းတွင်သာ လက်ခံထားသောကိစ္စရပ် မဟုတ်ပါ။ လောင်းကစားခန်းများ၊ စမ်းသပ်ခန်းများ၏အပြင်ဘက်တွင် လည်း လက်ခံထားသောကိစ္စရပ်ဖြစ်ပေသည်။

"နေ့စဉ်. . နေ့စဉ်. . ကျွန်ုပ်သည် အဘက်ဘက်က ကောင်းလာပြီ"

ဟူသော မန္တရားကလေးဖြင့် လောကကို ကောင်းကျိုး ဆောင်ခဲ့သူ ဒေါက်တာအယ်မီးလ်ကူအေခေတ် မတိုင်မီက လည်းကောင်း၊ "အပြုသဘော တွေးတောမှု၏စွမ်းအား" ဟူသော ကျမ်းပြုဆရာ ဒေါက်တာနော်မန်၊ ဗင်းဆင့်၊ ပီးလ်ခေတ် မတိုင်မီကလည်းကောင်း လက်ခံထားနှင့်ပြီးသောကိစ္စရပ် ဖြစ် သည်။

စိတ်သည် ရုပ်ဝတ္ထုအပေါ် ထိန်းချုပ်နိုင်သည်ဆိုခြင်း သည် ဆေးဝါးနယ်ပယ်တွင် မဟာအကြောင်းအရာကြီးဖြစ်လာ နေသည်။

ဒေါက်တာရိုင်းက အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

"စိတ်ဖြင့် ရုပ်ဝတ္ထုကို ခြယ်လှယ်မှု" သည် ဆေးဝါးနယ် ပယ်ထဲသို့ ရုပ်ဖျက်၍ ဝင်ရောက်ကောင်း ဝင်ရောက်နေပါပြီ။ မည်သို့ပင်ဖြစ်စေ 'စေတသိကကာယရောဂါအတွက်ဆေးဝါး'





ဟူသော နယ်ပယ်သစ်၌ ကိုယ်အင်္ဂါတွင် ဖြစ်ပေါ်လာသော အကျိုးတရားကို ဝေဒနာရှင်၏စိတ်အခြေအနေတွင် အကြောင်း ရင်းခံသည်ဟု ဆိုနေကြပေပြီ။

"စိတ်၏အနေအထားနှင့် ဖြစ်ပေါ်လာသောရောဂါတို့ နီးစပ်စွာ ဆက်စပ်မှု ရှိနေသည်" ဆိုခြင်းကား ဆေးပညာက လက်ခံထားလေပြီ။

မျိုးဆက်တစ်ခုကလေးအရှေ့က ဤဟာသည် သူ အစွဲ မှားခြင်းဟူ၍ သမားရိုးကျဆေးသမားများက ယူဆခဲ့ကြလေ သည်။

အကယ်၍ ဤဖြစ်ပျက်မှုတစ်ခုခုတွင် ပီကေ(ဆိုင်ကို ကိုင်နီးစစ်)သာ ပါဝင်ခဲ့သည်ဆိုလျှင် စိတ်ရှည်ရှည်နှင့် ပြည့်ပြည့် စုံစုံ စူးစမ်းစစ်ဆေးမှုများ မည်မျှလောက် လုပ်ရလုပ်ရ လုပ်ရကျိုး နပ်လေသည်။

စိတ်သည် ရောဂါဝေဒနာကိုသာ ဖြစ်စေနိုင်သည် မဟုတ်၊ ကုသမှုလည်း ပြုလုပ်နိုင်ပေသည်။ 'သဒ္ဓါတိကိစ္စာ' ခေါ် 'ယုံကြည်ချက်' ဖြင့် ဆေးကုသခြင်း ဟူသည်၏ အာနိသင် ရှိမှု တွင် ယုံကြည်ခြင်းမှာ ရှေးအထက်ကျော်ကာရီကပင် ရှိခဲ့သော ယုံကြည်ခြင်းဖြစ်ပါ၏။

ရှေးကြာမြင့်စွာကပင် လက်ဖြင့် သပ်ပေးခြင်း၊ အ ဆောင်များ၊ လက်ဖွဲ့များ၊ ကြည်ညိုလေးစားအားထားရသော တန်ခိုးရှင် ပုဂ္ဂိုလ်တစ်ဦးဦးက အားထားရသော တန်ခိုးရှင် ပုဂ္ဂိုလ်တစ်ဦးဦးက ကိုင်တွယ်ပေးသော (သို့တည်းမဟုတ်) သိဒ္ဓိ

တင်ပေးထားသော အရာဝတ္ထုများနှင့် ဤအရာများအားဖြင့် ဆေးဝါးကုသခြင်းတွင် အာနိသင် ရှိသည်ဟု ယုံကြည်ထားကြသည်။

သို့သော် စိတ်၏ ဤဘက်တွင် အစွမ်းရှိခြင်းကို အသိအမှတ်ပြုလာကြခြင်းကား မကြာသေးမီ ကာလကသာ ဖြစ်ပေသည်။

"အက်ဖ်ဒဗလျူအိတ်တ်ချ် မေယား" (F.W.H Meyers) သည် 'လူသား၏လိပ်ပြာနှင့် ရုပ်ခန္ဓာသေပြီးနောက် ထိုဟာ ဆက်လက်အသက်ရှင်ခြင်း' ဟူသောကျမ်းကြီးကို ပြုစုခဲ့သည်။

သို့သော် ထိုကျမ်းကို သူသေဆုံးပြီးသည့်ကာလ(၁၉၀၃) ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

ထိုစာအုပ်ထဲတွင် လူအတ်စ်(Lourdes)အမည်ရှိဒေသ၏အံ့ဖွယ်သရဲ ထူးကဲမှုများနှင့် ခရစ်ရှင်ဆိုင်းယင့်စ်(Christian Science) ဟူသောဂိုဏ်းက မိမိဘာသာ စေ့ဆော်မှု အစီအမံအားဖြင့် ရောဂါကုသမှုများ ထိရောက်ပုံများကို ရေးသားဖော်ပြထားလေသည်။

လူအတ်မှ 'ရေကြည်၏ရောဂါကုစွမ်းအား' ဟူသောစေ့ဆော်ချက်ကို စာအုပ်များထဲတွင် အချို့ကို ဖတ်ရှုရ၍ အချို့ကို ပြောစကားများမှ ကြားသိရကြောင်း ရေးသားခဲ့၏။

'လူတို့သည် ထိုစေ့ဆော်ချက်ကို ယုံကြည်ကြသည်ဖြစ်သောကြောင့် ထိုရေထဲတွင် ရေချိုးလိုက်ကြရလျှင် ရောဂါတကယ်ပင် ပျောက်သွားခြင်းများပင် ရှိပါသည်' ဟူ၏။





အချို့က ဤသို့ယုံကြည်မှုဖြင့် ရောဂါပျောက်ကင်းသည် ဆိုသည်မှာ စေတသိက ကာယရောဂါ (ခေါ်) စိတ်တွင် အခြေခံ၍ ရုပ်တွင် ကိုယ်ထင်ပြလာသောရောဂါကဲ့သို့သော ရောဂါများသာ ပျောက်ကင်းနိုင်သည်ဟု ဆိုပြန်သည်။

မည်သို့ပင်ဆိုစေကာမူ သဒ္ဓါတိကိစ္စာသည် ရောဂါကို ကုသနိုင်သည်ဟု ဆိုခြင်းကိုတော့ ဤစကားက ဝန်ခံနေပေသည်။

မှတ်တမ်းမှတ်ရာများကို တကယ်ပင် သေချာစွာ လေ့လာခဲ့ကြသူ မှန်သမျှ ထိုအချက်နှင့် ပတ်သက်၍ သံသယ မရှိနိုင်ချေ။

စိတ်က ရုပ်ပေါ် ခြယ်လှယ်မှုကို သဒ္ဓါတိကိစ္စာ ကိစ္စရပ်တွင်သာမက ထူးကဲစိတ္တဗေဒ ပညာရှင်များ လေ့လာခဲ့ကြသည့် အခြားသော ဖြစ်ပေါ်ချက်များတွင်လည်း ပါဝင်ပတ်သက်နေလေသည်။

ဥပမာအားဖြင့် ပေါ်လတာဂိုက်စ်တ်(Poltergeist) ဟုခေါ်သော ပုဏ္ဏကတစ္ဆေကိစ္စရပ်တွင် ကြည့်ပါ။ အလိုလိုနေရင်းက လက်သည်မပေါ်ဘဲ ပုလင်းများ ကျကွဲခြင်း၊ စာအုပ်များဖြင့်ပစ်ပေါက်ခြင်း၊ တင်ထားသည့်ပစ္စည်းများ အောက်ပြုတ်ကျခြင်းများ စသည့်ဖြစ်ရပ်များ ဖြစ်ပေါ်လာလျှင် ပုဏ္ဏကတစ္ဆေခြောက်သည်ဟု အနောက်တိုင်းတွင် ဆိုစမှတ်ပြုကြ၏။

သို့သော် ယခုခေတ် သုတေသီတို့က ဤကိစ္စရပ်များသည် အနီးအနားတွင် သက်ရှိထင်ရှား ရှိနေသူတစ်ဦးဦး၏စိတ်မှ

ထွက်ပေါ်လာသည့်စိတ်က ရုပ်အပေါ် ခြယ်လှယ်သည့်စွမ်းအင် (ဆိုင်ကိုကိုင်နီးစစ်)ကြောင့်သာ ဖြစ်ရခြင်းဖြစ်သည်ဟု ရှင်းလင်းဖော်ပြကြသည်။

မည်သို့ပင် ရှင်းလင်းချက် ထုတ်စေကာမူ ပုဏ္ဏာကတစ္ဆေ၏ကြဲကြဲဖန်ဖန်တွေ ဖြစ်ပေါ်စေမှုသည် အသေးစိတ် ရှင်းလင်းပြရန်ကို တောင်းဆိုလျက်ရှိပေသည်။

ပုဏ္ဏာကတစ္ဆေဖြစ်ရပ်များသည် ထစ်ခနဲဆိုလျှင် ဖော်ထုတ်ပြသတတ်သော၊ ထစ်ခနဲဆိုလျှင် ရောက်ရှိလာတတ်သော စာနယ်ဇင်းသမားများမှတဆင့် အမေရိကန်နိုင်ငံတွင် ဟိုးလေးတကျော် ဖြစ်ကာ အမေရိကန်များသည် ပုဏ္ဏာကတစ္ဆေကို အာရုံစိုက်သူများအဖြစ် ယာယီအားဖြင့် ဖြစ်ကုန်ကြရလေတော့သည်။

(၁၉၅၈)ခုနှစ်တွင် လောင်းအိုင်လင်၊ ဆီးဖွတ်အရပ်၌ရှိသော မစ္စတာဂျိမ်းစ်၊ အမ်၊ ဟားမန်း ဇနီးမောင်နှံတို့၏အိမ်ကလေးမှာ ဗရုတ်သုတ်ခတွေ ဖြစ်ကုန်တော့သည်။

ပုလင်းများသည် ရုတ်တရက် ထ၍ ဘူးဆို့တွေကို မှုတ်ထုတ်ကြသည်။

သကြားထည့်သော ဇောက်ပန်းကန်များ လွင့်စဉ်၍လည်ထွက်ကုန်၏။

အနားတွင် မည်သူမှ မရှိခိုက် စာအုပ်ဗီရိုကြီး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားသည်။

တစ်ဆယ့်ခုနစ်ပေါင် လေးသော ဓါတ်ပုံသည် မည်သူ့ကိုမျှ မတွေ့ရဘဲ အခန်းကို ဖြတ်၍ လွင့်ပစ်ခြင်း ခံရ၏။





အခြားသော အဖိုးတန် ပိုင်ဆိုင်ပစ္စည်းများမှာ လဲပြို၍သော်လည်း ကျကုန်၏။ လွင့်ပစ်ခြင်းသော်လည်း ခံရ၏။

ဘုရားကျောင်းမှ ရေစင်တော်ရေပူးမှာလည်း မရှိမသေပြုလုပ်ခြင်း ခံရ၏။

ဤဖြစ်ရပ်ကို နိုင်ငံနှင့်အဝန်း လူတွေ သိကုန်ကြတော့၏။ အကြောင်းသော်ကား သတင်းစာနှင့်မဂ္ဂဇင်းများက လူချင်းတွေ့ဆုံမေးမြန်းမှုများ အထပ်ထပ် ပြုခဲ့ကြသည်။ ရုပ်မြင်သံကြားက ဟားမန်းမိသားစုကို ရိုက်ကူးထုတ်လွှင့်ပြသည်။

ဤအကြောင်းများကြောင့် လူသိများခြင်းဖြစ်သည်။

သူတို့မိသားစုသည် ကျော်ကြားမှုကို ကျေနပ်မည်ကားမလွဲပေ။ ထို့ပြင် ဘဝတစ်လျှောက်လုံး တိတ်ဆိတ်ငြိမ်သက်ခဲ့သော သူတို့ဘဝများထဲသို့ စိတ်ကြွစရာတွေ ဝင်ရောက်လာခြင်းကိုလည်း စိတ်လှုပ်ရှားမည်သာဖြစ်၏။

သို့ရာတွင် ဤဗရုတ်သုတ်ခများ ရပ်တန့်သွားမည်ကိုတော့ လိုလားနှစ်မြို့ကြပါသည်။

လူများစွာ၏အချိန်ကို ရယူထားနိုင်ခဲ့၏။ ထင်ရှားသောစိတ်သိပညာရှင်များက သဘောထားမှတ်ချက်များ ပေးကြ၏။ သို့သော် ပုဏ္ဏာကတစ္ဆေကို လက်ဆုပ်လက်ကိုင် ဓါတ်ပုံမပြနိုင်ခဲ့ချေ၊ ဓါတ်ပုံရိုက်ဖို့လည်း မကြိုးစားခဲ့ကြပေ။

ဟားမန်းတို့အိမ်က ငြိမ်ကျသွား၍မှ မကြာမြင့်မီပင်အင်္ဂလိန္တိုက်ပြည်နယ်၊ ရက်စ်ဟောဗင်အရပ်ရှိ ဂျိမ်းစ်မီကူလက်ကီအိမ်၌ ပုဏ္ဏာကတစ္ဆေ ခြောက်ပြန်လေသည်။

အလကားနေရင်း ကုလားဆိုင်များသည် မျက်နှာကြက်ဆီ ခရီးတဝက်လောက်အထိ မြောက်တက်ကုန်ကြသည်။

မဂ္ဂဇင်းစာအုပ်တွေ လွင့်ပျံကုန်၏။

တီဗီစက်ပေါ်တွင် အလှတင်ထားသော အစာသွတ်ကြောင်ရုပ်သည် သူ့ဘာသာသူ ခုန်ချသည်။

ဂေါ်ဖီထုပ်များ၊ ခရမ်းချဉ်သီးများ မီးဖိုထဲတွင် ဖရိုဖရဲ ပြန့်ကျဲကုန်သည်။

(၁၉၅၇)ခုနှစ်၊ ဇူလိုင်လတွင် မစ်ဇူရီပြည်နယ်၊ ဟတ်ဗီးလ်အရပ်မှ ကိုးနှစ်သမီးကလေး ဘက်တီဂျိန်းဝဒ်(Betty Jane Ward) သည် ကုန်စုံဆိုင်ကို မနှစ်သက်သော ပုဏ္ဏကတစ္ဆေ၏ အာရုံစိုက်ခြင်းကို ခံရတော့၏။

ဘက်တီကလေး သူ့မိခင်နှင့်အတူ ဈေးဝယ်ထွက်တိုင်း စင်များပေါ်မှ ကောင်တာများပေါ်မှ ကုန်ပစ္စည်းများသည် ခုန်ပျံလွင့်စဉ်ကျကုန်ကြ၏။

အိမ်ပြန်ရောက်သည့်အခါ ရေထည့်ထားသော လက်ဆွဲပုံးကြီးသည် သူ့ဘာသာသူ မှောက်ကျသွားသည်။

ဆပ်ပြာခွက်ထဲမှ ဆပ်ပြာသည် ခုန်ထွက်၏။

ဤအဖြစ်အပျက်တို့သည် အရှေ့တိုင်းတွင်ဆိုလျှင်ကား လွယ်လင့်တကူပင် တစ္ဆေခြောက်ခြင်းဟူ၍ အမျိုးအစားခွဲပြီး ပြောလိုက်ကြမည်သာဖြစ်၏။

သို့သော် အနောက်တိုင်းက သုတေသီ ပညာရှင်များကား ပုဏ္ဏကတစ္ဆေ(Noisy Ghost)ဟူ၍ ခပ်လျှောင်လျှောင်





နာမည်တပ်ကြသော်လည်း အမျိုးအစား ခွဲခြားသောအခါတွင် ထိုဖြစ်ရပ်တို့ကို 'တစ္ဆေခြောက်မှုများ' ဟူ၍ ကင်ပွန်းမတပ်ကြချေ။

ဤဖြစ်ရပ်ကား 'တစ္ဆေ' ဟူသည် ဘဝတစ်ပါးမှ တစ်ဦးတစ်ယောက်က ခြောက်လှန့်ခြင်းမဟုတ်ဘဲ ဤဘဝမှ သက်ရှိတစ်ဦးဦး(အထူးသဖြင့် လူပျိုဖော်၊ အပျိုဖော်ဝင်စ တစ်ဦးဦး)၏ မသိစိတ် (ခေါ်) မနောက ရုပ်ဝတ္ထုကို လွှမ်းမိုးခြယ်လှယ်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ကြသည်။

အချို့ပညာရှင်များ၏အယူအဆအရဆိုသော် လူပျိုဖော်ဝင်စ၊ အပျိုဖော်ဝင်စအရွယ်သာမက မည်သည့်အရွယ်ဖြစ်ဖြစ် တစ်ခါတစ်ရံ ထိုသူတို့၏စိတ်သည် ရုပ်ဝတ္ထုများကို (သူတို့ဆန္ဒမပါဝင်ဘဲနှင့်လည်း) စိုးမိုးခြယ်လှယ်သည်ဟု ယူဆကြပေသည်။

ပုဏ္ဏကတစ္ဆေနှင့် ပတ်သက်၍ အနောက်တိုင်းတွင် လူများ သဘောကွဲလွဲနေကြပေသည်။

"ပရလောကသားများ ရှိသည်" ဟု ယုံကြည်ထားကြသော သမားရိုးကျပုဂ္ဂိုလ်များက ပုဏ္ဏကတိုက်ခြင်းကိစ္စရပ်များမှာ ပရလောကမှ လူတွေ မမြင်ရသည့် သတ္တဝါတို့၏လက်ချက်ဟု ယုံကြည်ကြသည်။

သို့သော် စိတ္တဗေဒပညာရှင်များ၊ စိတ်သဘာဝ သုတေသီများကမူ ပုဏ္ဏကတစ္ဆေ ကိစ္စရပ်မျိုးမှာ စင်စစ်တွင် တစ္ဆေခြောက်ခြင်းမဟုတ်။ ထိုဖြစ်ရပ် ဖြစ်ပေါ်နေသော ပတ်ဝန်းကျင်

တွင် ရှိသော လူပုဂ္ဂိုလ်တစ်ဦး၏ မနောဓာတ်လုပ်ဆောင်ချက်ဖြစ်သည်ဟု ဆိုကြသည်။

စိတ်စွမ်းအင်ဖြင့် ရုပ်ဝတ္ထုများကို ယူငင်ရွှေ့ပြောင်း ပင်ပေါက်၍ရပါမည်လားဟူသောအမေးကို ထိုသူများက ရကြောင်းဟု ဖြေဆိုရုံမက ထိုသို့သောစိတ်စွမ်းအင်မျိုးကိုပင် "ဆိုက်ကိုကိုင်နီးစစ်" (Psychokinesis)ဟူ၍ အမည်သစ်ပေး မှည့်ခေါ် လိုက်ကြလေ၏။

မည်သို့ပင် အငြင်းပွားနေစေကာမူ သူတို့တွင် မှတ်တမ်းမှတ်ရာတွေကတော့ ပြည့်ပြည့်စုံစုံပင် ရှိနေပေသည်။

(၁၈၁၀)ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံ၊ ဆပ်ပြည်နယ်၊ စတန်တင်မြို့မှ ပိတ်ထားသောအလုံခန်းကြီးများထဲမှ ခေါင်းတလားများ ခြေရာလက်ရာတွေ ပျက်နေသည်ဆို၏။

(၁၉၂၂)ခုနှစ်တွင် ကာလီဖိုးနီးယားပြည်နယ်၊ ချီကိုအရပ်တွင် မြို့၏တစ်ဘလောက်စာနေရာသို့ ကောင်းကင်မှ ကျောက်ခဲများ တည့်တည့်မတ်မတ် ကျရောက်လာကြပြီး အခြားနေရာများသို့ လုံးဝမကျခဲ့ချေ။

အလွန်ကြာမြင့်သောကာလဖြစ်သည့် (၃၅၅)ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ ခဲများဖြင့် ပစ်ပေါက်ခြင်း၊ လူများကို အိပ်ရာမှ ဆွဲချခြင်း၊ နံရံများ တဗုန်းဗုန်း ပုတ်ခြင်းဟူသောမှတ်တမ်းများ ရှိသည်။

(၅၃၀)ပြည့်နှစ်တွင် သီယိုဒိုရစ်ဘုရင်၏သမားတော်ကြီး ဒီကွန်၊ ဟယ်လ်ပီးဒီးယပ်က သူ၏အိမ်တွင် လက်သည်မတွေ့ရ





ဘဲ ခဲမိုးရွာကြောင်း ပြောခဲ့သည်။

(၁၉၅၈)ခုနှစ်၌ ကာလီဖိုးနီးယားပြည်နယ်၊ ကလေးတင်မြို့တွင် ရေနံအလုပ်သမား အန်ထော်နီဂိုးမက်၏နေအိမ်တွင် ရက်သတ္တနှစ်ပတ်ခန့်မျှ အိမ်သုံးကိရိယာ တန်ဆာပလာများ အလိုလိုနေရင်း လွင့်စဉ်ပျံကြွကုန်သည်ဟု ဆို၏။

(၁၉၆၂)ခုနှစ်၊ မတ်လ(၁၅)ရက်နေ့ အေပီသတင်းစာတစ်ရပ်တွင် မစ္စက်ရီနိုတ်ဘက်၏နေအိမ်တွင် ဖန်ခွက်၊ ဖန်ခွက်များ လွင့်ပျံကုန်ကြောင်း ဖော်ပြထားသည်။

ဤသို့သောဖြစ်ရပ်များကို သမားရိုးကျ ယုံကြည်ထားသူများက 'ပေါလ်တာဂိုက်စ်' (Poltergeist) ခေါ် ပုဏ္ဏကတစ္ဆေ၏လက်ချက်ဟူ၍ ရိုးရိုးကလေး ယုံကြည်လက်ခံလိုက်ကြသည်။

သို့သော် ဒေါက်တာရိုင်းနှင့် အပေါင်းပါအုပ်စုတို့ကမူ လူသား၏စိတ်စွမ်းအင်ဖြစ်သော ထူးခြားအာရုံ၏အစွမ်းဟူ၍ လက်ခံယူဆထားကြသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တစ္ဆေသရဲယုံကြည်သူများက ပုဏ္ဏကတစ္ဆေဟု ပြောနေသည်ကို အချို့သော စိတ်သဘာဝ သုတေသီတို့က လူအများစု စိတ်ဓါတ်ကြောင်သွားခြင်းဟူ၍လည်းကောင်း၊ လူအများစု အာရုံအမြင်မှားခြင်းဟူ၍လည်းကောင်း၊ အများစု အိပ်မွေ့ချခံရခြင်းဟူ၍လည်းကောင်း အမျိုးမျိုးသော နောက်ခံသဘောတရားများကို ကြံဆရှင်းလင်းပြောဆိုလာကြသည်။

သူတို့ဆီက မှတ်တမ်းအတွေ့အကြုံများအရ ပုဏ္ဏက

တစ္ဆေဖြစ်ရပ်များမှာ မကြာခဏပင် ကလေးများနှင့် ဆက်စပ်မှု ရှိကြောင်း တွေ့ရှိကြရသည်ဆို၏။

အိမ်သားထဲမှာ သားဖြစ်စေ သမီးဖြစ်ပေ ကလေးတစ် ယောက်သည် လူကြီးမိဘ၏လျစ်လျူရှုခြင်းကို ခံရသဖြင့် လူကြီး မိဘများ သူ့ကို အာရုံပြုလာအောင် ပန်းကန်များ၊ ဖန်ခွက်များကို ခွဲပစ်၏။

ယင်းသို့ခွဲပစ်ရာတွင် သိလျက်နှင့် တမင်ပြုလုပ်ခြင်း လည်း ရှိ၏။ သိစိတ်က အာရုံမရှိဘဲ မနောကြောင့် ဖြစ်ပျက်ကုန် ရသည်လည်း ရှိပါ၏။

သို့သော် ပုဏ္ဏကတစ္ဆေဖြစ်ရပ်တစ်ခုလုံးမှာ ကလေး ကြောင့်သက်သက် ဖြစ်သည်ဆိုခြင်းမှာ လွန်လွန်းသည်ဟု ယူဆ သူတွေ ရှိလာကြသည်။

ဤသို့ဖြင့် ပုဏ္ဏက တစ္ဆေခြောက်မှု ဖြစ်ပွားနေခိုက်တွင် ပင် စုံစမ်းစစ်ဆေးသူတို့သည် ဖြစ်ပွားရာသို့ လာ၍ အိမ်သားထဲမှ ဖြစ်နိုင်လောက်သည့်ကလေးကို မျက်စိအောက်တွင် ထား၍ သေသေချာချာ စောင့်ကြည့်နေဆဲတွင်ပင် ဝုန်းဒိုင်းကြဲမှုများ သည် ဆက်လက်ဖြစ်ပေါ်နေကြောင်းကို တွေ့ကြရသည်။

တောင်အာဖရိကတိုက်မှ ဖြစ်ရပ်တစ်ခုမှာ အိမ်တစ် အိမ်ပေါ်သို့ ခဲတွေ ကျကျလာလေရာ အိမ်ဖော်မိန်းကလေးကို သက်ာမကင်း ဖြစ်ကြသည်ဟု ဆို၏။

သို့ဖြစ်၍ ထိုမိန်းကလေးကို အိမ်ရှေ့ခြံဝင်းထဲ ထွက်၍ ကြိုးဖြင့် တင်းကျပ်စွာ ချည်နှောင်ထားသည့်တိုင်အောင် ကျောက်





ခဲများသည် မိုးပေါ်မှနေ၍ အိမ်ပေါ်သို့ ဆက်လက်၍ ကျနေ သည်သာ ဖြစ်တော့သည်။

လေ့လာစုံစမ်းမှုများ များပြားလာလေလေ ဖြစ်ရပ်မှတ် တမ်းများလည်း စုံလင်လာလေလေ ဖြစ်တော့သည်။

အချို့သောဖြစ်ရပ်များတွင် ခေတ်ပေါ်သိပ္ပံနည်းလမ်း တွေ မည်မျှပင် စုံလင်နေသည်ထားဦး၊ လူသားလိုက်လို့မမီသည့် ဖြစ်ရပ်များပင် ရှိနေကြောင်းကို မှတ်တမ်းများအရ သိရှိရပေ၏။

မိုးပေါ်မှ ကျောက်ခဲတွေ ဆက်တိုက်ကျရောက်ခြင်းကို အချို့သောပုဂ္ဂိုလ်များက ကြယ်ပျံအပိုင်းအစတွေ လမ်းမှား၍ ကျရောက်လာခြင်းဖြစ်သည်ဟု ကောက်ချက်ချကြသေးပေရာ သူတို့က ယင်းသို့ ကောက်ချက်ချခိုက်တွင်ပင် ဖြစ်ရပ်များ တိုး တက် ထူးခြားလာကြသည်။

မီးတောက်နေသော မီးခြစ်ဆံများ မျက်နှာကြက်ဆီသို့ ကျလာခြင်း၊

ကွဲရှနိုင်သော ပန်းချီကားမှန်ပေါင်ကြီးများ ပြုတ်ကျ သော်လည်း ကွဲရှမှု မရှိခြင်း၊

တော်ရုံ ကျ၍ ကွဲပျက်စရာ မရှိသည့် စာရွက်ဖိတုံးများ အောက်ကျ၍ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားရခြင်းတို့အတွက် သိပ္ပံပညာက ဖြေရှင်းချက် မပေးနိုင်သေးချေ။

"ဘူးလေးရာ ဖရုံဆင့်" ဆိုသကဲ့သို့ ဤဖြစ်ရပ်မျိုးကို ဖြေရှင်း၍မှ မရသေးခင် နောက်ထပ်ဖြစ်ရပ်ထူးများ ထပ်ဆင့် လာပြန်၏။

ဖန်ပန်းအိုးသည် အရှိန်ဖြင့် လွင့်ပျံ၍ ကျရောက်လာသော်လည်း ဘာမျှမဖြစ်ချေ။

တစ်ဖန်. . .

ပေတုံးကြီးသည် လေထဲတွင် အေးအေးဆေးဆေး ဝဲပျံလာပြီးမှ အသာ အောက်သို့ ကျလာသည်။

ကျောက်ခဲများသည် ခေါင်မိုးများနှင့်နံရံများကို ဖြတ်သန်းရောက်ရှိလာကြ၏။

အချို့မှာ မထိမကိုင်နိုင်လောက်အောင် ပူနေပါသော်လည်း လူကို ထိမှန်ရာတွင် ဒဏ်ရာအနာတရဖြစ်ခြင်း လုံးဝမရှိချေ။

လွင့်ပျံလာသောအရာဝတ္ထုများသည် အသိဉာဏ် ရှိဘိသကဲ့သို့ အခန်းထောင့်တွေဆီ ရောက်သော် အရှိန်သတ်သွားခြင်းလည်း ရှိ၏။ အသာပြန်ကွေ့သွားခြင်းမျိုးလည်း ရှိသည်ဟု ဆို၏။

ပုဏ္ဏကတစ္ဆေခြောက်မှု သဘာဝနှင့် လှုပ်ရှားပုံ အမျိုးအစားများကို ထောက်ရှုသော် အသိဉာဏ်ရှိသူ၏လုပ်ရပ်ဟု ဆိုလောက်ပါ၏။

သို့ရာတွင် ထိုအသိဉာဏ်ရှိသူဆိုသည်မှာ ဘေးလူတွေမမြင်ရသောသူ ဖြစ်နေသည်။

အကောင်းဆုံးသော မှတ်တမ်းတစ်ရပ်သော်ကား. . .

(၁၈၅၀)ပြည့်နှစ်တွင် ကွန်နက်တီကတ်ပြည်နယ်၊ စထရက်ဖို့မှ ခရစ်ယာန်ဘုန်းတော်ကြီး အယ်လီယာကင်ဖက်





(Eliakin Phelps) မိသားစု ကြုံတွေ့ခဲ့ရသောဖြစ်ရပ်ပင်ဖြစ်သည်။

အရှိန်ဖြင့် ပစ်ပေါက်မှုများ ပါဝင်သည့် ထိုဖြစ်ရပ်မှာ ကာလအားဖြင့် ဆယ့်ရှစ်လ ကြာမြင့်သည်ဟု ဆိုသည်။

ပထမဆုံး ကြုံတွေ့မှုမှာ တနင်္ဂနွေနေ့တစ်နေ့တွင် မိသားစုသည် ဘုရားရှိခိုးကျောင်းမှ ပြန်လာသောအခါတွင်ဖြစ်၏။ အိမ်ထောင်ပရိဘောဂတွေ ဖရိုဖရဲ ပြန့်ကျဲနေသည့် အခန်းတစ်ခန်းထဲတွင်ကား အံ့စရာ ဖြစ်၏။

အဝတ်အထည်များကို လူတွေပုံသဏ္ဌာန် ပြုလုပ်ကာ စုစုပေါင်း လူဆယ့်တစ်ဦးတို့ ဘုရားဝတ်ပြုနေဟန် ပြုလုပ်ထားသည်ကို တွေ့ကြရသည်မှ ပုဏ္ဏကတစ္ဆေဖြစ်ထွေသည် စတင်ခဲ့ဟု ဆိုသည်။

ထိုအချိန်မှစ၍ အခန်းများကို ဂရုတစိုက် စောင့်ကြပ်ကြည့်ရှုသည်။

သို့တိုင်အောင် ဘုန်းတော်ကြီး အယ်လီယာကင်ဖက်က လူသားတစ်စုံတစ်ယောက် ဝင်ရောက်နိုင်ရန် မဖြစ်နိုင်ဟု ဆိုသော အခန်းထဲဝယ် ယခင်ကလို စီမံပြုလုပ်ခင်းကျင်းထားမှု ဖြစ်နေပြန်သည်။

အိမ်သားတွေ ဂရုတစိုက် စောင့်ကြည့်နေသည့်ကြားကပင် အဝတ်အစားများကို အိမ်ထဲ နေရာအနှံ့အပြားမှ လိုက်လံစုဆောင်းထားခြင်းဖြစ်၏။

ပို၍ထူးခြားသည်ကား လူတွေအနေနှင့် လုပ်သမျှပင်

ဤမျှလောက် တိုတောင်းသည့် အချိန်ကလေးအတွင်းဝယ် ဤမျှလောက် ဇာတ်ဝင်ခန်းသဖွယ် လှုပ်ရှားမှုတွေ အများအပြား ပြုလုပ်နိုင်မည် မဟုတ်ပါ။

လူတစ်ဒါဇင်က ဝိုင်းလုပ်လျှင်တောင်မှ နာရီပေါင်းများစွာ မနားမနေ လုပ်ကိုင်ကြရမည်ဟုဆိုကြ၏။

သို့တိုင်အောင် တစ်အိမ်လုံး သတိပြု ကြည့်ရှုနေသည့်ကြားက ဤသို့သောဖြစ်ရပ်များ ဖြစ်ပျက်လျက်ရှိလေသည်။

အိမ်သားများ၏မျက်စိရှေ့မှောက်တွင် အထင်ကရ ဖြစ်ပေါ်လာခြင်းကား ကြမ်းပေါ်တွင် ခင်းထားသည့် ကော်ဇောကြမ်းမှ ပန်းနှင့်အပင်ပုံသဏ္ဌာန်သည် ရုတ်တရက် ထောင်ထလာကာ တကယ့်အပင်အဖြစ် ပြောင်းလဲသွားပြီး အရွက်များပေါ်တွင် ရှေးဟောင်းအီဂျစ်စာများကဲ့သို့ အရုပ်အက္ခရာစာများ ပြည့်နှက်နေသည်ဟူ၍။

အံ့ဩစရာပင် ဖြစ်တော့သည်။

ဤသို့သောကိစ္စမျိုးများကား လူသား၏စိတ်နှင့် ပတ်သက်သည်ဟု ပြောရခက်လှပေ၏။

အခြားဘာအကြောင်းကြောင့်ဖြစ်စေ၊ လူသားတစ်ဦးတစ်ယောက်၏စိတ်နှင့် အသိရှိရှိ ပတ်သက်သည်ဖြစ်စေ၊ မသိဘဲနှင့် ပတ်သက်သည်ဖြစ်စေ တစ်စုံတစ်ရာ ပတ်သက်မှု လုံးဝမရှိလျှင်ကား လူ၏စိတ်စွမ်းအင်နှင့် သက်ဆိုင်သောဖြစ်ရပ်မဟုတ်ဟု ဆိုရပေမည်။

လူသား၏စိတ်နှင့် သက်ဆိုင်မှု မရှိလျှင်လည်း ထူးခြား





သော အာရုံခံစားမှုနယ်ပယ်အတွင်းသို့ ဝင်ရောက်လာစရာအကြောင်းမရှိပေ။

သို့ရာတွင် လောက၌ တစ္ဆေသရဲသည် ရှိကောင်းရှိမည်မှန်သော်လည်း တစ္ဆေခြောက်ပါသည်ဟူသောဖြစ်ရပ်များထဲတွင် စိတ်စွမ်းအင်၊ စိတ်သဘာဝနှင့် ပတ်သက်နေသည့်ကိစ္စရပ်များသည်လည်း များပြားစွာ ပါဝင်နေတတ်ပေရာ ယခု ရေးသားဖော်ပြနေသည့် ပုဏ္ဏတစ္ဆေခြောက်မှုဖြစ်ရပ်များထဲတွင်လည်း ထူးခြားအာရုံနှင့် ပတ်သက်နေသည့်ကိစ္စရပ်များသည် ရှိနိုင်ပေသည်။

ထို့ကြောင့် ပုဏ္ဏကတစ္ဆေဖြစ်ရပ်များကို ဆက်လက်၍ လေ့လာစေ့ငုခြင်းအားဖြင့် ထူးခြားအာရုံနှင့် ပတ်သက်သောဗဟုသုတများကို ရယူနိုင်ကြသည်။

အနောက်တိုင်းမှ သုတေသီတို့သည် ပုဏ္ဏကတစ္ဆေကိစ္စရပ်များကို သေချာစွာ စနစ်တကျ လေ့လာကြသည်တွင် သတ္တဝါ၏အသိဉာဏ် ပါဝင်ပတ်သက်နေသော အထောက်အထားများကို အချို့သောကိစ္စရပ်များတွင် လေ့လာတွေ့ရှိကြရသည်ဟု ဆို၏။

(၁၈၇၇)ခုနှစ်ကဖြစ်၏။

ဒေသမှာ အိုင်ယာလန်ပြည်တွင်ဖြစ်သည်။

ဖြစ်ရပ်ကို ကင်ပွန်းတပ်ရာတွင် "ဒါရီဂွန်နဲလီဖြစ်ရပ်" (Derry Gon Nelly Case)ဟု ကင်ပွန်းတပ်၏။

စုံစမ်းစစ်ဆေးသူ သုတေသီပုဂ္ဂိုလ်မှာ ဆာဝီလီယံဘား

ရက်(Sir William Barrett) ဖြစ်လေသည်။

ဤပုဂ္ဂိုလ်သည် သချၤာဘာသာရပ်ကို တတ်ကျွမ်းသော ပုဏ္ဏကတစ္ဆေကို တွေ့ရှိရ၏။

အိမ်ထဲတွင် ဖြစ်ပေါ်နေသော ထူးဆန်းသည့်အသံများ၊ လက်ဖြင့် ခေါက်သံများသည် အိမ်သားထဲမှ မည်သူတစ်ဦးတစ်ယောက်မျှ ပြုလုပ်ခြင်း မဟုတ်သည်မှာ သေချာသွားသည်။

အဘယ့်ကြောင့်ဆိုသော် အိမ်သားအားလုံးမှာ မျက်စိအောက်တွင် ရှိနေသောကြောင့်ဖြစ်၏။

ထိုခဏတွင် ကျောက်ခဲတစ်လုံးသည် ဘာမှမရှိသော ဟင်းလင်းပြင်ထဲမှ အောက်သို့ ကျလာသည်ကို ဘားရက် မြင်ရသည်။

ထိုအခါ ဘယ်သူမှန်း မသိရသော ထိုသူအား မိမိ၏ စိတ်ထဲက တွေးလိုက်သောနံပါတ်အတိုင်း လက်ဖြင့် ခေါက်သံအားဖြင့် အချက်အတိအကျ ခေါက်ပြနိုင်ပါက ခေါက်ပြရန် စိန်ခေါ်၏။

ပုဏ္ဏကတစ္ဆေက သူ့စိတ်ထဲမှ နံပါတ်အတိုင်း ခေါက်ပြသည်။

တစ်ဖန် ပါမောက္ခဘားရက်က သူ့လက်များကို ကုတ်အင်္ကျီအိတ်ထဲ ထည့်ထားကာ အိတ်ထဲတွင် သူဆန့်ထားသော လက်ချောင်းအရေအတွက်အတိုင်း ခေါက်သံပေးရန် စမ်းသပ်သည်။

ထိုစမ်းသပ်ချက်မျိုးကို အရေအတွက်ပြောင်း၍ လေး





ကြိမ်တိုင်အောင် စမ်းသပ်ခဲ့၏။ အကြိမ်တိုင်းတွင် အဖြေသည် မှန်ကန်နေ၏။

ဒရိုင်ဝန်နဲလီဖြစ်ရပ်နှင့် အခြားအလားတူဖြစ်ရပ်များကို စုံစမ်းစစ်ဆေးချက်များနှင့် ပတ်သက်၍ ဆာဝီလီယံဘားရက်က အောက်ပါအတိုင်း ရေးသားခဲ့၏။

ကလေးသူငယ်များက ရေအိုင်ထဲသို့ ကျောက်ခဲများ ပစ်ချသောအခါ ကျွန်ုပ်တို့သည် ထိုလုပ်ရပ်၏နောက်ကွယ်မှ အဓိပ္ပါယ် သို့တည်းမဟုတ် ရည်ရွယ်ချက်ကို မရှာဖွေခဲ့ပါ။

"သူတို့ ပျော်ချင်၍ လုပ်ကြသည်" ဟု ယူဆလိုက်လျှင် လုံလောက်နေပါ၏။

လူကြီးများ ဒေါပွကြသည်ကို မြင်လျှင် သူတို့သည် ပို၍ ပျော်ရွှင်ကြပေဦးမည်။

ပေတလောကတွင် မိုက်မဲသော၊ သို့တည်းမဟုတ် ဒုရုတ်ကျသောကလေးများ မရှိဟူ၍ ကျွန်ုပ်တို့ အဘယ့်ကြောင့် ယူဆထားကြသည်ကို မသိပါ။

ထိုလောကတွင် ဤလောကမှာလောက်ပင် ကလေးတွေ များပြားနေနိုင်ပါ၏။

ဤသို့ဖြင့် ပါမောက္ခဘားရက်က ကလေးများကို ဖော်ထုတ်ခဲ့သည်။

သို့သော် ဤအကြိမ်တွင် သူ၏နောက်ခံသဘောတရားမှာ မမြင်ရသောကလေးများဆီ ရောက်နေခြင်းပင်ဖြစ်တော့သည်။

ထူးခြားသောအာရုံဖြင့် စေ့စားလုပ်ကိုင်မှုနှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိသည့် အခြားသော ပုဏ္ဏကတစ္ဆေ ရှင်းလင်းချက်ကိုကား မဲလ်ဘုန်းတက္ကသိုလ်မှ ရေးနော်စီဂျွန်ဆင်(Raynor C.John-son) က ဖော်ပြသည်။

ပါဝင်ပတ်သက်နေသောသတ္တဝါတွင် သမိုင်းဦးလောကကဲ့သို့ ရှေးကျလှသောအတွေးစိတ်ကူးများ သို့တည်းမဟုတ် အမြဲအမူများအဖြစ် သိမြင်ကြရသည့် စိတ်ပိုင်းဆိုင်ရာအပိုင်းအစများ ရှိသည်။

သို့သော် ထိုအရာများသည် ပိတ်ဆို့သိုလှောင်ထားသော စိတ်ခံစားမှုစွမ်းအင်နှင့် ပူးပေါင်းနေကြ၏။ ထိုစွမ်းအင်သာ ပွင့်ထွက်သွားပြီဆိုလျှင် ပုဏ္ဏကတစ္ဆေသည် မရှိတော့ချေ။

စိတ်ရောဂါကုဆရာလည်းဖြစ်၊ စိတ်စွမ်းအင်သုတေသီလည်းဖြစ်သော ကွယ်လွန်သူ ဒေါက်တာနန်ဒေါဖော်ဒေါ (Dr. Nan-dor Fordor)က အထက်ပါစကားကို. . .

"လူသား၏စိတ်သည် ပင်ရင်းမှ ခွဲထွက်လာနိုင်ပြီး ထိုခွဲထွက်လာသော အစိတ်အပိုင်းအသည် သီးခြားလွတ်လပ်စွာ လုပ်ဆောင်နိုင်သည်။"

ဟူ၍ပင် ဖြည့်စွက်ပြောကြားသည်။

ဒေါက်တာဖော်ဒေါ၏အယူအဆအတိုင်းဆိုလျှင် အဖိုဖော်၊ လူပျိုဖော်ဝင်စ ကလေးငယ်တွင် ကိန်းအောင်းပိတ်လှောင်မိနေသော လိင်ပိုင်းဆိုင်ရာ စိတ်တင်းကျပ်မှုသည် ကာယကံရှင်က မသိပါဘဲလျက် ရုတ်တရက် လှိမ့်တက်လာသောစွမ်းအင်





သည် ရုပ်ဝတ္ထုများကိုပင် ထိတွေ့နိုင်ပေရာ ပုဏ္ဏကတစ္ဆေဖြစ်ရပ်များ ပေါ်ပေါက်လာရသည်ဟု ဆိုပေ၏။

နောင်တွင် ဗာဂျီးနီးယားတက္ကသိုလ်တွင် အမှုထမ်းသည့် ဒေါက်တာဂျေ၊ ဂိတ်သာပရတ် (Dr.J.Gaither Pratt) သည် ပုဏ္ဏကတစ္ဆေ လှုပ်ရှားနေခိုက်တွင် ဟားမန်းမိသားစုထံ စုံစမ်းမေးမြန်းရန် ရောက်ခဲ့၏။

သို့သော် ပုဏ္ဏကတစ္ဆေက သူ့ကို မခြောက်လှန့်ခဲ့ပါ။

သူသည် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေခိုက်တွင် နယူးယောက်တိုင်းမ်စ် သတင်းစာကြီးတွင် ဆောင်းပါးရေးသားရာ၌

"သူသည် စိတ်စွမ်းအားဖြင့် အရာဝတ္ထုများ ရွေ့လျားသည်ကို မတွေ့ဖူးပါကြောင်း၊ သို့သော်ငြားလည်း ဂျူတက္ကသိုလ်တွင် စမ်းသပ်မှုများ ပြုလုပ်ခဲ့သောအခါ ထိုစမ်းသပ်မှုများက ဘစ်နည်းအားဖြင့် စိတ်၏အရှိန်ဩဇာသည် ရုပ်ဝတ္ထုပေါ်တွင် ကျရောက်နိုင်သည်ဟူသော သေချာပေါက် တိကျသည့် ကောက်ချက်ကို ချစေရန် ဦးဆောင်ပါကြောင်း. . ."

ဟူ၍ ရေးသားဖော်ပြခဲ့လေသည်။

မယဉ်ကျေးသေးဘဲ ရှေးကျသည့်အတွေးအခေါ် ရှိသော လူမျိုးများအတွင်းတွင် အရာဝတ္ထုများ လွင့်ပျံကြလျှင် ဤဟာသည် "ပယောဂဆရာ(ဝါ)စုန်းဆရာတို့၏အရည်အချင်း" ဟူ၍ လွယ်လွယ်ပင် ပြောကြသည်။

အမေရိကန်လူနီအင်ဒီယန်းများ တောင်ပင်လယ် ကျွန်းစုများနှင့် အာဖရိကတိုက်မှ လူမျိုးစုများအကြားတွင် အတွေ့

အကြို ရရှိခဲ့ကြသော မနုဿဗေဒ ပညာရှင်များသည် သဘာဝနိယာမကို သွေဖည်၍ ဖြစ်ပေါ်သော လုပ်ဆောင်ချက်များ အကြောင်းကို မကြာခဏပင် အစီရင်ခံကြလေသည်။

ထိုလူမျိုးစုများ၏ ဘာသာရေးပွဲလမ်းများတွင် ထိုစုံစမ်းသူများသည် အလိုလိုနေရင်းက အရာဝတ္ထုများ လွင့်ပျံမြောက်တက်ခြင်း၊ မမြင်ရသောလက်များက ကျောက်ခဲများကို ပစ်ခတ်ခြင်းများကို မြင်ခဲ့ကြရရုံမက တကယ်ပင် မိုးရွာအောင် မိုးခေါ်နိုင်ခြင်းများကို မျက်ဝါးထင်ထင် မြင်ကြရလေသည်။

မနုဿဗေဒပညာရှင်ဖြစ်သည့် ဂျက်ဖရီဂေါ်ရာ (Geoffrey Gorer)က ပြောကြားရာတွင် အာဖရိကတိုက် အနောက်ပိုင်းမှ ကပွလီတစ်ယောက်သည် လူတို့၏မျက်မှောက် ရေအောက်ထဲတွင် လေးဆယ့်ငါးမိနစ်တိတိ နေသည်ဆို၏။

မြေအောက် ခြောက်ပေအနက်တွင် အသက်မသေဘဲ မြေမြှုပ်ခံပြီး နာရီပေါင်းများစွာ၊ အချို့မှာ ရက်ပေါင်းများစွာ နေနိုင်သော အရှေ့တိုင်းမှ ယောဂီများ ရှိကြပေ၏။

ဤကိစ္စများနှင့် ပတ်သက်၍ ဒေါက်တာရိုင်းက. . .

သူတို့သည် ကိုယ်ခန္ဓာ၏ရူပဗေဒ ရှင်းလင်းပြခြင်း မပြုနိုင်သောအရာတွေကိုပါ သူတို့ တကယ်လုပ်ကြပါသလား ဟူသည်ကို ကျွန်ုပ်တို့ မပြောနိုင်သေးပါ။

သို့သော် သူတို့ တကယ်လုပ်ကြသည်ဆိုလျှင်ကား လူသားအကြောင်း ပိုမိုဖော်ထုတ်သိရှိဖို့တွေ အများကြီး ရှိနေသေးသည်။





ထို့ပြင် ကျွန်ုပ်တို့ ပညာရေးပိုင်းမှ သိပ္ပံပညာတို့သည် ထိုပညာနယ်ပယ်ကြီးထဲမှ အစိတ်အပိုင်းကလေးတွင်သာ အလုပ်လုပ်နေကြသည်ဆိုခြင်းကိုလည်း ဖော်ထုတ်သိရှိရန် ရှိနေသေး၏။

ပေတပင့်ပွဲများတွင် တံပိုးခရာများနှင့် အခြားအရာဝတ္ထုများ လွင့်ပျံခြင်းများ၊ အချို့ကိစ္စရပ်တွင် ပေတလောကမှပုဂ္ဂိုလ် ကိုယ်ထင်ပြခြင်းများကို ဖြစ်ပေါ်စေနိုင်သော ပေါင်းကူးပုဂ္ဂိုလ်များ၏ထူးခြားသောအစွမ်းမှာ စိတ်ဖြင့် ရုပ်ဝတ္ထုကို ထိန်းချုပ်ခြင်း (ခေါ်) ဆိုက်ကိုကိုင်နီးစစ်ကြောင့်ဟူ၍ ဆိုကြပေသည်။

သို့သော် ယခုခေတ်တွင် စစ်မှန်၍ အားထားလောက်သော ပေါင်းကူးပုဂ္ဂိုလ်များ ရှားပါးကုန်လေပြီ။

ကွယ်လွန်သူ၏ ပေတလောကနှင့် ကျန်ရစ်သူ၏ လူ့လောကကို ပေါင်းကူးပေးနိုင်သော ပေါင်းကူးဆရာများသည် ကျန်ရစ်သူတို့၏သံယောဇဉ်ပေါ်တွင် အမြတ်ထုတ်ကာ အမျိုးမျိုးသိမ်ညာလှည့်ဖြား၍ ငွေရှာနေကြပေ၏။

မှောင်မိုက်သောအခန်းများထဲတွင် ဆန်ခါလို ပိတ်ကျဲကြီးများ ခြုံထားသူများ၊ ရော်ဘာမျက်နှာဖုံး စွပ်ထားသူများ၊ ကိုယ်ထင်ပြခြင်းများကား ကာယကံရှင် ပင့်ဖိတ်သူများကို စော်ကားရာ ရောက်ပေသည်။

ယခုခေတ်တွင် အနောက်နိုင်ငံများ၌ မျက်လှည့်ပြသရာတွင် အသုံးပြုသည့်ပစ္စည်းများ ရောင်းချခြင်းဆိုင်ရာ ကတ်တလောက်များထဲတွင် မျက်လှည့်ဆရာများ အသုံးပြုရန် အသင့်

ပြုလုပ်ပြီး ပစ္စည်းမျိုးစုံကို တွေ့ရမည်။

ထိုပစ္စည်းများ သုံး၍ ကြည့်သူများကို ပီပီပြင်ပြင် လှည့်စားနိုင်၏။

သို့ဖြစ်ရာ ယခုခေတ် ယခုအခါတွင် မှန်ကန်သော ပေါင်းကူးဆရာကို ရဖို့ ခက်လဲလှတော့သည်။ ပေါင်းကူးဆရာ အချို့ ပြသသည်မှာ အံ့သြစရာကောင်းလျှင်ကောင်းမည်။ သို့သော် လိမ်ညာမှုသာဖြစ်၏။

ဗေဒင်ပညာဆိုင်ရာ မဂ္ဂဇင်းဂျာနယ်များ၊ ဂန္ဓာရီပညာဆိုင်ရာ မဂ္ဂဇင်းဂျာနယ်များထဲတွင် မီဒီယမ်(Medium)ခေါ် ပေါင်းကူးဆရာ၊ ပေါင်းကူးဆရာမတွေ၏ကြော်ငြာများကို များစွာတွေ့နိုင်၏။ သို့သော် မည်သူသည် အစစ်အမှန်ပါဟု၍ ပြောရန် ခက်ခဲလှတော့သည်။

ထို့ကြောင့် အနောက်တိုင်းမှ သုတေသီပုဂ္ဂိုလ်များ၏ အကြံပြုချက်များကို လေ့လာကြည့်ပါက မိမိတွင် အခြားသူများထက် ထူးကဲသောစိတ်စွမ်းအင် ရှိသည့် ပေါင်းကူးပုဂ္ဂိုလ်များသည် သူတို့၏ပေတ,ပင့်ပွဲများကို မြိုးမြိုးမြိမြိ ပြုလုပ်သင့်သည်။

ထို့ပြင် မိမိတို့ကိုယ်၌ကပင် လိုလိုလားလားဖြင့် သုတေသန ပြုလုပ်နေသော သိပ္ပံပညာရှင်များ၊ ပါမောက္ခများ၊ ကျွမ်းကျင်သူများကို ပင့်ဖိတ်ပြီး အဆွေးနွေးခံသင့်သည်ဟု ဖော်ပြပြောဆိုကြသည်။

စစ်မှန်သူတွေက ရဲရဲထွက်မပေးလျှင် အတုအယောင် အလိမ်အညာတို့သည် ကြီးစိုးနေမည်သာဖြစ်၏။





စစ်မှန်သူတွေက စုံစမ်းစစ်ဆေး သုတေသနပြုသူများကို လိုလိုလားလား ပင့်ခေါ်ဆွေးနွေးပါမှ မိမိ၏စွမ်းရည်သည် လူ့လောကအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ပြီး မိမိတွင် သူများနှင့်မတူ ထူးကဲသော စိတ်စွမ်းအင်ရှိခြင်းသည် လူသားတို့အတွက် ပညာကျယ်ပြန့်ဖွယ်ရာဖြစ်သည်ဟု နှလုံးသွင်းကြပါရန် သုတေသီပုဂ္ဂိုလ်များက နှိုးဆော်လျက်ရှိကြပေ၏။

အထက်ပါ အယူအဆများမှာ အနောက်တိုင်း သုတေသီတို့၏အယူအဆများပင်ဖြစ်ပေသည်။

ပုဏ္ဏာကတိုက်ခြင်းနှင့် ပတ်သက်သော ထင်မြင်ယူဆချက်များမှာ အမျိုးမျိုး ကွဲပြားနေစေကာမူ ဖြစ်ပွားပုံများကတော့ အတူတူပင်ဖြစ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် ချာချီလမ်းမှ ပုဏ္ဏာ တိုက်သောအိမ်ကြီးအကြောင်းကို စိတ်ဝင်စားမိရာမှ ထိတ်သန့်ဖွယ်ရာကောင်းသော နောက်ဆက်တွဲဖြစ်ရပ်များမှာ တစ်ခုပြီးတစ်ခု ကြုံတွေ့ရလေတော့သည်။







## အခန်း(၇)

# စော်ဘွားကြီးနှင့် ပြန်တွေ့ကြရခြင်း

ဒေါက်တာမင်းထင်ကျော်အနေနှင့် ထိုခရီးသွားမည်ဟု ဆုံးဖြတ်ပြီးသောအခါ ဂျင်းနှင့် ခရီးထွက်ဖော်များကို သတိပေးရလေသည်။

ဦးစွာ ဆရာကြီးသူရဇ္ဇကို အသိပေးရပြီး ဦးဇန်ကောင်း၊ စာရေးဆရာအောင်မင်းအောင်တို့အပြင် အရေးရှိပါက အကူအညီ ရနိုင်ကြသည့် စောထီးနှင့်ငမဲအောင်တို့ကိုပါ မဖြစ်မနေခေါ် ရလေသည်။

☺ အောင်မြင်စာပေ ☺

ဗိုလ်တို့ကလည်း ဒေါက်တာမင်းထင်ကျော်နှင့်အတူ ခရီးထွက်ရမည်ဆိုသောအခါ များစွာဝမ်းသာနေရလေသည်။

"ဒီခရီးက ဦးစိုင်းလူလို လူတစ်ယောက် ပါလာရင် ပိုပြီး အဆင်ပြေနိုင်တယ် မောင်ထင်ကျော်ရဲ့၊ သူ့ကို ခေါ်ကြည့်ပါ လား"

"သူက ဒီအကြောင်းတွေကို အစအဆုံး သိထားတဲ့လူ ဆိုတော့ ခေါ်လို့ လိုက်ပါ့မလား"

"ဒီခရီးမျိုးက ကျွမ်းကျင်တဲ့လူ မပါရင် စမ်းတဝါးဝါး ဖြစ်နေလိမ့်မယ်၊ လိုက်တာ မလိုက်တာကတော့ သူ့သဘောပေါ့၊ အကူအညီတောင်းတဲ့အနေနဲ့တော့ ခေါ်ကြည့်သင့်တယ်"

ဟု ဦးဗန်ကောင်းက အကြံပေးသဖြင့် ခရီးထွက်ရန် ပစ္စည်းများ စုဆောင်းနေစဉ်မှာပင် ဦးစိုင်းလူရှိရာသို့ တစ်ခေါက် သွားတွေ့လေသည်။

ဒီတစ်ကြိမ်မှာတော့ သူတို့သားအဖအတွက် အစား အသောက်များ ဝယ်ယူသွားလေသည်။

သူတို့နေအိမ်သို့ ရောက်သောအခါ ဦးစိုင်းလူနှင့် မြလေးနွယ်ပါ သားအဖနှစ်ယောက်စလုံး တွေ့ရလေသည်။

ရောက်သည်နှင့် လက်ဆောင်ပစ္စည်းများ ပေးရင်း လာ သည့်ကိစ္စကို ပြောပြရသည်။

"ကျွန်တော်တို့ ခရီးထွက်ကြတော့မလို့ ဦးစိုင်းလူကို လာ ခေါ်တာပါ၊ အဓိက ရည်ရွယ်ချက်ကတော့ တောထဲမှာ ကျန်နေ ခဲ့တဲ့ ဆင်စွယ်နက်တစ်ချောင်းကို ရှာမယ်၊





နောက်တစ်ချက်ကတော့ ဗြိတိသျှတွေ မတရား ယူ ...းတဲ့ ဆင်စွယ်နက်တစ်ချောင်းနဲ့ အမြှုတေကို ပြန်ရအောင် ...ကြိုးစားချင်ပါတယ်၊ ဒါကြောင့် ဦးစိုင်းလူအနေနဲ့ ကျွန်တော်တို့ ...ကို အကူအညီ ပေးစေချင်ပါတယ်"

ထိုစကားကြားသောအခါ ဦးစိုင်းလူမှာ အတန်ကြာ ...အောင် စဉ်းစားနေလေသည်။

နံဘေးနားမှာ ရှိနေသည့် မြလေးနွယ်ကလည်း ဖခင် ...ဖြစ်သူ မည်ကဲ့သို့ အဖြေပေးမည်ကို ကြည့်နေသည်။

"ကျုပ်သဘောပြောရရင်တော့ ပထမ ပြောတဲ့ တောထဲ ...မှာ ကျန်ခဲ့တဲ့ဆင်စွယ်နက်တစ်ချောင်း ရှာဖို့ကိစ္စကိုတော့ သ ...ဘောမကျလှပါဘူး၊

အရင်တစ်ခါ ကျမိုင်းဟော်နန်း ပျက်ခဲ့ရသလို အန္တရာယ် ...တွေနဲ့ ကြုံမှာကို စိုးရိမ်လှပါတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလေသည်။

"အင်္ဂလိပ်တွေလက်ထဲ ရောက်နေတဲ့ ဆင်စွယ်နက် ...တစ်ချောင်းနဲ့ ဆင်အမြှုတေကို ပြန်ရအောင် ကြိုးစားမယ်ဆိုတဲ့ ...စကားကိုတော့ သဘောကျပါတယ်၊ ဘာကြောင့်လဲဆိုတော့ ...လိုတန်ဖိုးရှိတဲ့ပစ္စည်းတွေ တိုင်းတစ်ပါးသားတွေလက်ထဲ ပါ ...သွားတာကတော့ မကောင်းဘူးပေါ့၊

ဒါကြောင့် မောင်ရင်တောင်းတဲ့အကူအညီကို ပေးဖို့ ...ကျုပ်တို့သားအဖနှစ်ယောက်စလုံး လိုက်ခဲ့ပါ့မယ်"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်မှာ များစွာဝမ်း

သာသွားမိလေသည်။

၎င်းကြောင့် ခရီးထွက်မည့်နေ့ကို ပြောပြီး လာခေါ်မည့် အကြောင်း ပြောကာ ပြန်ခဲ့လေသည်။

ဦးစိုင်းလူတို့သားအဖနှစ်ယောက် ပါလာသောကြောင့် ခရီးထွက်မည့်အဖွဲ့မှာ (၈)ယောက်ဖြစ်သွားလေသည်။

ခရီးထွက်ကာနီးတော့ ဦးစိုင်းလူက လူများကို ရေတွက်ပြီး ရှစ်ယောက်ဖြစ်နေသည်ကို မကြိုက်ဟန်ဖြင့် ကိုးယောက်ဖြစ်စေရန် ကျောက်ခဲတစ်လုံးကို အဖော်ထည့်လေသည်။

"ကျောက်ခဲ . . ကိုးယောက်ပြည့်အောင် ငါတို့နဲ့ အဖော်လိုက်ခဲ့ပေတော့"

ဟုလည်း ပြောလိုက်သေးသည်။

ယုံကြည်စွဲလမ်းရာ ဓလေ့တစ်ခု ဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်တို့ကတော့ ဘာမှမပြောကြပေ။

သူတို့အဖွဲ့သည် လိုအပ်သောပစ္စည်းများကို စုဆောင်းပြီးနောက် (၁၉၃၈)ခုနှစ်၊ ဧပြီလ(၁၅)ရက်(၁၂၉၉ ခု၊ တပေါင်းလပြည့် အင်္ဂါနေ့)တွင် ခရီးစထွက်ခဲ့ကြလေသည်။

ထိုအချိန်က (၁၃၀၀)ပြည့်အရေးတော်ပုံ အခြေအနေကြောင့် မြန်မာတစ်နိုင်ငံလုံး နိုးကြားတက်ကြွစွာဖြင့် လှိုင်းထကစွာ ပြင်ဆင်နေသောအချိန်လည်း ဖြစ်သည်။

ထို့ကြောင့် အင်္ဂလိပ်များက တွေ့သမျှကို မျက်စိဒေါက်ထောက် ကြည့်နေသော အချိန်အခါလည်း ဖြစ်လေရာ ခရီးသွားရသည်ပင် မလွယ်လှပေ။





၎င်းတို့အဖွဲ့သည် ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ ဘကောင်းရောက်သည်အထိ မန္တလေးတိုင်း နယ်နိမိတ် ဆုံးသည်အထိ ရထားတစ်တန်၊ မော်တော်ကားတစ်တန်တို့ဖြင့် ခရီးဆက်ခဲ့ကြသည်။

တကောင်းသည် မန္တလေးတိုင်း မြောက်ဘက်နယ်နိမိတ်ဆုံးရာမြို့ဖြစ်သည်။

လူမျိုးပေါင်းစုံတို့ စုဝေးနေထိုင်ရာဒေသလည်း ဖြစ်ပေသည်။ တကောင်းရောက်သောအခါ လိုအပ်သော စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အခြားအသုံးအဆောင်ပစ္စည်းများအပြင် သေနတ်နှင့် ခဲယမ်းများကိုလည်း ထပ်မံဖြည့်ဆည်းကြလေသည်။

"ဦးစိုင်းလူ တစ်ခေါက်ရောက်တုန်းက မှုက်နှာဖြူအဖွဲ့တွေနဲ့ ဘယ်မှာ တွေ့တာလဲ"

"ကျုပ်ဆီက ဆင်အမြီတော သိမ်းယူလိုက်တဲ့အဖွဲ့တွေကို ပြောတာမဟုတ်လား၊ ကျုပ်လာတုန်းက ပော်နန်းပျက်ကြီးဘဝိုက်မှာပဲ ရှိကြသေးတယ်"

"ဘုရားမှာ ဌာပနာထည့်ထားတဲ့ ဆင်စွယ်နက်ကို တူးဖော်ယူတာလည်း သူတို့လက်ချက်ဖြစ်မှာ သေချာပါတယ်၊ ဒါပေမဲ့ မျက်နှာဖြူတွေကတော့ ဒီအကြောင်းကို သိကြဟန်မတူဘူး၊ အတွင်းဓါတ်သိတစ်ယောက်ယောက်က လက်ထောက်ချလို့သာ ဘုရားဌာပနာတိုက်အတွင်းမှာ ဆင်စွယ်နက် ရှိတယ်ဆိုတာ သိကြတာ ဖြစ်မှာပေါ့"

တကောင်းတွင် တစ်ညအိပ်ပြီးနောက် ရှမ်းပြည်နယ်

အတွင်း ပါဝင်သော တောင်ကုန်းသို့ ရောက်အောင်သွားကြလေသည်။

တောင်ကုန်းမှာ မြို့ငယ်ကလေးတစ်မြို့ ဖြစ်လေသည်။

တောင်ကုန်း၌ တစ်ညနားပြီး ရှမ်းပြည်နယ်အနောက်မြောက်ယွန်းယွန်းမှာ ရှိသော ကျမိုင်းနယ်သို့ ခြေလျင်ခရီးဖြင့် သွားကြရသည်။

ထိုလမ်းခရီးမှာ မြေပြန့်လမ်း မဟုတ်သော တောတောင်လမ်းများသာ ရှိတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ အားလုံး တောတောင်လမ်းကျွမ်းကျင်သူများဖြစ်ကြသောကြောင့် အခက်အခဲ မရှိကြပေ။

အသက်အရွယ်ကြီးသော ဆရာကြီးသူရဋ္ဌပင်လျှင် လူငယ်လူရွယ်များနှင့် ခြေရည်တူ လိုက်နိုင်သော်လည်း မောပန်းမှု မရှိလှပေ။

မြလေးနွယ်မှာလည်း ထိုအရပ်ဒေသတွင် မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်သောကြောင့် ထိုခရီးလမ်းအတွက် အခက်အခဲ မရှိလှပေ။

လမ်းခရီးတလျှောက်မှာလည်း အမဲပစ်ကျွမ်းကျင်သော ဦးစိုင်းလူ၊ စောထီး၊ ငမဲအောင်တို့သုံးယောက် ပါလာသောကြောင့် အစားအသောက်အတွက် မပူကြရပေ။

ဆရာကြီးသူရဋ္ဌက သက်သက်လွတ်စားသူ ဖြစ်သောကြောင့် ၎င်းအတွက် သစ်သီးများ ရှာဖွေပေးရသည်။





လမ်းခရီးတလျှောက်မှာ အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရဘဲ ချောမောစွာပင် ခရီးဆက်နိုင်ကြသည်။

ကျမိုင်းနယ်ဟုသာ ဆိုရသော်လည်း ထိုနေရာတဝိုက်မှာ လူနေအိမ်ခြေများများ မတွေ့ရဘဲ တစ်ခါတစ်ရံမှသာ ရှမ်းရွာစုလေးများကို တွေ့မြင်ရသည်။

အများအားဖြင့်တော့ တောင်မြင့်ကြီးများနှင့် သစ်တောများသာ ရှိပေသည်။

တောလမ်းခရီး၌ သုံးညအိပ်ပြီး လေးရက်မြောက်သောနေ့၌ နေ့လယ်ဘက်တွင် ကျမိုင်းဟော်နန်းသို့ ရောက်သွားကြလေတော့သည်။

သူတို့ရောက်သွားသောအချိန်၌ ကျမိုင်းဟော်နန်းတဝိုက်တွင် မည်သူမှ မရှိတော့ပေ။

ဟော်နန်းကြီးမှာလည်း လူသူကင်းမဲ့နေသည်မှာ အတန်ကြာပြီဖြစ်သောကြောင့် ပျက်စီးစ ပြုနေချေပြီ။

ပတ်ဝန်းကျင်မှာလည်း ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်လျက်ရှိနေပေပြီ။

တစ်ချိန်က ရွှေဘုံရွှေနန်းပမာ တင့်တယ်ခန့်ငြားခဲ့သည့် ဟော်နန်းကြီးမှာ ယခုအချိန်၌ ဇရပ်ပျက်ကြီးတစ်ဆောင်ပမာ ပျက်စီးယိုယွင်းနေလေပြီ။

"ဒီညတော့ ဒီမှာပဲ စခန်းချကြမယ်"

ဟု ဆရာကြီးသူရဋ္ဌက ပြောသဖြင့် ဟော်နန်းအတွင်းသို့ ဝင်ပြီး သင့်တော်သောနေရာ၌ စခန်းချကြလေသည်။

ဟော်နန်းအတွင်းမှာလည်း ဖုံများ ဒုတက်နေသည်။

အချို့နေရာများမှာ ပျက်စီးယိုယွင်းနေသည်။

အခန်းတံခါးများ၊ သေတ္တာများ၊ အံဝှက်များနှင့် ဘီဒို၊ ဘုရားခန်းပါမကျန် ပရိဘောဂများကို ဖျက်ဆီးကာ တစ်စုံတစ်ခု ရှာဖွေခဲ့ကြဟန်ရှိလေသည်။

"ဒါတွေဟာ မျက်နှာဖြူတွေရဲ့လက်ချက်၊ ဒါမှမဟုတ် သူခိုးသူဝှက်တွေရဲ့လက်ချက်ဖြစ်ရမယ်၊ ဆင်စွယ်နက်တစ်ချောင်းရဲ့ရတနာပစ္စည်းတွေ ကျန်ခဲ့မယ်ထင်ပြီး မွှေနှောက်ရှာဖွေသွားကြတာ ဖြစ်မယ်"

ဟု ဒေါက်တာမင်းထင်ကျော်က အခြေအနေကြည့်ပြီး ပြောလေသည်။

ထိုနေရာတွင် စခန်းချပြီးနောက် ဒေါက်တာမင်းထင်ကျော်နှင့် ဦးစိုင်းလူတို့က ပတ်ဝန်းကျင်တဝိုက်သို့ လိုက်လံကြည့်ကြရာ ဟော်နန်းပတ်ဝန်းကျင်နှင့် တောချုံများအကြား၌ အရိုးကျနေပြီဖြစ်သော လူအရိုးစုများကို တွေ့ရသည်။

တချို့မှာ တဝက်တပျက် ကျန်နေသော်လည်း ခြောက်နေလေပြီ။

"ဒါတွေဟာ ဘီလူးတွေ စားလို့သေတဲ့လူတွေပဲ၊ ထွက်ပြေးသွားတဲ့လူတွေကလွဲပြီး တော်တော်များများ အခုလို အသေဆိုးနဲ့ သေခဲ့ရရှာတယ်"

ဟု ဦးစိုင်းလူက စိတ်မကောင်းသောအသံဖြင့် ပြောပြလေသည်။





တစ်နေရာရောက်သောအခါ ထူးခြားမှုများကို တွေ့ကြရသည်။ အခြားမဟုတ်ပေ။

နောက်ထပ်သေဆုံးနေသောလူများကို တွေ့ကြရခြင်းဖြစ်သည်။

ထိုလူများမှာ ဟော်နန်းမှ လူများ မဟုတ်ဘဲ မျက်နှာဖြူများနှင့် အတူပါလာသူများပင်ဖြစ်ပေသည်။

၎င်းတို့၏အဝတ်အစားများကြောင့် မျက်နှာဖြူ နောက်လိုက်များဖြစ်ကြောင်း သိနိုင်ခြင်းဖြစ်၏။

၎င်းတို့မှာ ဘီလူးစားခံရသူများနှင့် မတူဘဲ အခြားအန္တရာယ်များကြောင့် သေဆုံးခဲ့ကြဟန်ရှိပေသည်။

အလောင်းများမှာ ပုံပျက်ပန်းပျက် မရှိလှသေးပေ။

"ဒီလူတွေက ဟော်နန်းကလူတွေ မဟုတ်ဘူး၊ အင်္ဂလိပ်တွေနဲ့ အတူလာတဲ့လူတွေပဲ ဖြစ်ရမယ်"

"သူတို့ ဘာကြောင့် သေတာလဲ၊ ဘီလူးတွေလက်ချက်ကြောင့် ဖြစ်မလား"

"မဟုတ်နိုင်ဘူး. . . ဘီလူးစားခံရတဲ့လူတွေက အရိုးပဲကျန်ခဲ့တာ သူတို့က ဒီလိုသေတာ မဟုတ်ဘူး"

နှစ်ယောက်သား ဇဝေဇဝါဖြင့် ဟော်နန်းရှိရာ ပြန်လာသောအခါ ဆရာကြီးသူရဇ္ဇက ပြောသည်။

"ဒီဟော်နန်းထဲမှာ ပရလောကသားတွေ ရှိနေသေးတယ်၊ ဒီအထဲမှာ ရှိတဲ့ပစ္စည်းတွေ အခန်းတွေကို ကိုယ့်သဘောနဲ့ကိုယ် ဘာမှမလုပ်ကြနဲ့၊ ညကျရင်တော့ အဖြေတစ်ခုခု သိရနိုင်

တယ်"

ထို့နောက် ဆရာကြီးသူရဇ္ဇ စီစဉ်သည့်အတိုင်း ဟော်နန်းအတွင်းမှာ မတည်းဘဲ အပြင်သို့ ပြန်ထွက်ပြီးနောက် မနီးမဝေးမှာ ရှိသောနေရာမှာ စခန်းချကြလေသည်။

ညနေပိုင်းအချိန်တွင် ပါလာသောအစားအသောက်များကို ချက်ပြုတ်စားသောက်ကြပြီး ပင်ပန်းလာသောကြောင့် တရေးတမော အိပ်ကာ နားကြလေသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲတွင် တစ်ချိန်က ထည်ဝါခန့်ညားသော ဟော်နန်းကြီး၏ပုံရိပ်များကို မြင်ယောင်နေမိသည်။

ထိုအကြောင်းများကို စဉ်းစားနေကြသောကြောင့် ညဦးပိုင်း လွန်တော့မှ မှေးကနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာသွားသည် မသိပေ။

နားထဲမှာ ဆူဆူညံညံအသံများကြောင့် ပြန်နိုးလာသည်။

ကြည့်လိုက်တော့ ပတ်ဝန်းကျင်မှာ မီးရောင်အချို့ကို အရင်မြင်ရပြီး နားထဲမှာ ဆူညံသံများ ကြားရသောကြောင့် နေရာမှ ထလိုက်သည်။

ပထမတော့ မိမိမျက်စိကိုပင် မယုံနိုင်အောင် ဖြစ်သွားလေသည်။ သူတို့ပတ်ဝန်းကျင်တဝိုက်မှာ ဓါး၊ လှံ၊ လေး၊ မြားစသည်တို့ကို ကိုင်ဆောင်ထားကြသည့် ဟော်နန်းရဲမက်များကို လှမ်းမြင်ရသည်။





စောထီးနှင့်ငမဲအောင်တို့ကလည်း အကြောင်းပေါ်လာလျှင် အသုံးပြုနိုင်ရန်သေနတ်များကို ပြင်ဆင်ထားကြသည်။

ရဲမက်များက သူတို့ကို ဝန်းရံထားသော်လည်း ရှေ့သို့ မလာကြပေ။

ထိုအခါ ဆရာကြီးသူရဇ္ဇက တည်ငြိမ်သောအသံဖြင့် လှမ်းပြောလိုက်လေသည်။

"ကျုပ်တို့က သင်တို့ရဲ့ရန်သူတွေ မဟုတ်ပါဘူး၊ သင်တို့ကို အကူအညီပေးရအောင် လာသူတွေ ဖြစ်ပါတယ်၊ ဒါကြောင့် သင်တို့ရဲ့အရှင်သခင်စော်ဘွားကြီးနဲ့ တွေ့ချင်ပါတယ်"

ဟု ပြောလိုက်ရာ ခေါင်းဆောင်ဖြစ်ဟန်တူသောလူက မှောင်မည်းနေသော ဟော်နန်းအတွင်းသို့ ခပ်သုတ်သုတ် ဝင်သွားလေသည်။

သူဝင်သွားပြီး သိပ်မကြာခင်မှာပင် ဟော်နန်းကြီးတစ်ခုလုံး မီးရောင်များဖြင့် လင်းလာသည်ကို အံ့ဩဖွယ်ရာ လှမ်းမြင်ကြရသည်။

မီးရောင်များ လင်းလာတော့မှ ဟော်နန်းကြီးအတွင်းမှာ လူအများ သွားလာလှုပ်ရှားနေသည်ကို မြင်ရသည်။

"ဟိုအထဲမှာ လူတွေ ရှိနေပါလား၊ ကျွန်တော်တို့ ဝင်ကြည့်တုန်းကတော့ တစ်ယောက်မှ မတွေ့ခဲ့ဘူး"

စောထီးက အသံကျယ်ကျယ်ဖြင့် ပြောလေရာ ဒေါက်တာမင်းထင်ကျော်က အသံမထွက်စေရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်သည်။

အတန်ကြာတော့ စာစောက ဝင်သွားသောလူ ပြန်ထွက်လာပြီး လာပြောသည်။

"အတွင်းဆောင်မှာ စော်ဘွားကြီး စောင့်နေပါတယ်၊ သင်တို့ ဝင်သွားနိုင်ပါပြီ"

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဋ္ဌနှင့် ဦးဇန်ကောင်းတို့သုံးဦး အတွင်းသို့ ဝင်သွားရန် ပြင်လေသည်။ အပြင်မှာတော့ ငါးယောက်ကျန်ခဲ့လေသည်။

သူတို့ ဟော်နန်းအတွင်း ဝင်ရန် ပြင်သောအခါ စောစောက လူကပင် လမ်းပြခေါ် ဆောင်သွားလေသည်။

ဟော်နန်းအတွင်းရောက်တော့ နေ့လယ်က မြင်ရသည်နှင့် မတူဘဲ မီးရောင်များ လင်းနေပြီး လူများစွာတို့ကိုလည်း တွေ့မြင်ရသည်။

လူများမှာလည်း ၎င်းတို့ သက်ဆိုင်ရာ အဝတ်တန်ဆာ အဆောင်အယောင်တို့ကို ဝတ်ဆင်ထားကြသည်။

ရှေ့မှ ခေါ် ဆောင်သွားသူမှာ တပ်မှူးတစ်ယောက် ဖြစ်ဟန်ရှိပြီး ၎င်းကို မြင်သောအခါ အခြားရဲမက်များက အရိုအသေ ပေးကြလေသည်။

မီးရောင်များ ထိန်ထိန်လင်းနေသော အခန်းကျယ်ကြီး တစ်ခုရှေ့ ရောက်သောအခါ ရှေ့မှ ခေါ်သွားသူက သူတို့ကို အတွင်းသို့ ဝင်သွားရန် ခြေဟန်လက်ဟန်နှင့် ပြပြီး ၎င်းကတော့ အပေါက်ဝမှာ ကျန်နေခဲ့သည်။

အတွင်းသို့ ရောက်သောအခါမှာလည်း အံ့သြဖွယ်ရာ





ကောင်းလောက်အောင် ခမ်းနားထည်ဝါလှသော အပြင်အဆင်များကို တွေ့ရသည်။

အခန်းထဲမှာ ရှိသော အသုံးအဆောင်ပစ္စည်းများမှာလည်း ဘုရင့်နန်းတော်အတွင်းမှာ သုံးသောပစ္စည်းများကဲ့သို့ ရွှေရောင်တဝင်းဝင်းနှင့် ရှိနေသည်။

အခန်းအလယ်မှာတော့ စော်ဘွား အဝတ်အစား၊ ခေါင်းပေါင်း စသည်တို့ကို ဝတ်ဆင်ထားသော အသက်ငါးဆယ်ကျော်အရွယ် လူကြီးတစ်ယောက် ရပ်နေလေသည်။

နှုတ်ခမ်းမွေးများနှင့် ခန့်ညားထည်ဝါသောဥပဓိရုပ်ရှိသူ ဖြစ်သည်။

"ကျုပ်က ကျိုင်းစော်ဘွားကြီး ဖြစ်ပါတယ်၊ မိတ်ဆွေကြီးတို့ အခုလို ရောက်လာတာကို ကြိုဆိုပါတယ်၊ ကဲ. . . ထိုင်ကြပါ"

ဟု ပြောသဖြင့် မွေးပွကော်ဇောများ ခင်းထားသည့် ကုလားထိုင်များပေါ် မှာ ဝင်ထိုင်လိုက်ကြသည်။

မကြာမီမှာပင် အခြွေအရံများက စားသောက်ဖွယ်ရာများကို ရွှေလင်ပန်းများနှင့် ယူလာပြီးနောက် စားပွဲပေါ် သို့ တင်ပေးသည်။

"အဆာပြေ သုံးဆောင်ကြပါဦး"

ဟု စော်ဘွားကြီးက ပြောသဖြင့် ဆရာကြီးသူရဋ္ဌက ဦးစွာ ပန်းကန်ထဲမှ အခွံခွာ၍ အသင့်ချထားသော လိမ္မော်သီး တစ်လုံးကို ယူပြီးစားလေရာ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်

ကောင်းတို့လည်း ပန်းသီးစိပ် စပျစ်သီး စသည်တို့ကို ယူ၍ အသီးသီး စားကြသည်။ ပြီးမှ ဆရာကြီးသူရှေ့က လာရင်းကိစ္စကို ပြောပြလေသည်။

"ကျွန်တော်တို့ ဒီအရပ်ကို လာတော့ ကိုယ်ကျိုးအတွက် လာကြတာ မဟုတ်ပါဘူး၊ စော်ဘွားကြီးတို့အတွက် အကူအညီပေးရအောင်လို့ လာတာပါ"

"သိတန်သရွေ့တော့ သိပြီးပါပြီ"

"ပထမ တစ်ချက်ကတော့ မသမာသူတွေလက်ထဲ ရောက်သွားတဲ့ ဆင်စွယ်နက်နဲ့ အမြုတေကို ပြန်ရအောင် ကြိုးစားရပါမယ်၊ တကယ်လို့ ပြန်ရခဲ့ရင် ဘယ်လိုလုပ်ရမယ်ဆိုတာ စော်ဘွားကြီးအနေနဲ့ ပြောပြပေးပါ"

"သူတို့တတွေ ဘုရားဌာပနာ ထည့်ထားတဲ့ ဆင်စွယ်နက်ကို ယူသွားကြတယ်၊ ဆင်အမြုတေလည်း ရသွားကြတယ်၊ အခုလည်း ကျန်နေတဲ့ ဆင်စွယ်နက်တစ်ချောင်းကို လိုက်ရှာနေကြတယ်"

"ကျွန်တော်တို့ သူတို့နောက် လိုက်သွားပြီး ဆင်စွယ်နက်ကို ရအောင်ကြိုးစားပါ့မယ်၊ စော်ဘွားကြီးအနေနဲ့လည်း အကူအညီပေးပါ"

"ကျုပ်နဲ့ သက်ဆိုင်တဲ့ နယ်နိမိတ်အတွင်း ရောက်ရင် တတ်နိုင်သမျှ အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်. . . သူတို့တွေ ဘယ်ရောက်နေပြီလဲဆိုတာ သိချင်ပါတယ်"





"ဆင်စွယ်နက် ရှိတဲ့ သေလာယက္ခ တောနက်ထဲကို ရောက်နေကြပါပြီ၊ ဒါပေမယ့် ဆင်စွယ်နက် ရှိတဲ့နေရာကိုတော့ မရောက်ကြသေးပါဘူး၊

မိတ်ဆွေကြီးတို့က စေတနာဖြူစင်စွာနဲ့ ပရလောကသားတွေအတွက် ကောင်းကျိုးလုပ်မှာဆိုတော့ ဟိုရောက်တဲ့အခါ သက်ဆိုင်ရာ ပရလောကသားတွေက အကူအညီပေးကြပါလိမ့်မယ်"

"ကောင်းပါပြီ. . . ဆင်စွယ်နက်တွေ ပြန်ရရင် ဘယ်လိုလုပ်သင့်ပါသလဲ"

"ဆင်အမြုတေနဲ့ဆင်စွယ်နက်တွေက ယက္ခဘီလူးတွေစောင့်ရှောက်နေတဲ့ပစ္စည်းတွေဖြစ်ပါတယ်၊ သေလာယက္ခဘီလူးတွေကို ခေါင်းဆောင်နေတဲ့သူက မဟူရာဒေဝီဆိုတဲ့ ယက္ခဒနွယ်ဝင်တစ်ဦးပါပဲ"

"သူက ဘယ်လိုဂန္ဓဗ္ဗ အနွယ်ဝင်မျိုးပါလဲ"

"လူအသွင်ပြောင်းနိုင်ပြီး ကမ္မဇိဒ္ဓိတန်ခိုးရှိတဲ့ ဂန္ဓဗ္ဗ အနွယ်ဝင်တစ်ဦးပါပဲ"

"ကောင်းပါပြီ. . . ဘယ်လိုလုပ်ရမယ်ဆိုတာသာ ပြောပါ"

"ဆင်စွယ်နက်ကို လိုချင်ရင် သူတို့နဲ့ ကတိသစ္စာပြုပြီးမှ ယူလို့ရပါတယ်၊ ကျုပ်ရဲ့သားတော် စော်ဘွားလေးဟာ ဒီအကြောင်းတွေကို မသိခဲ့ဘဲ ကတိသစ္စာတွေ ပေးခဲ့လို့ အားလုံး ဘေးဒုက္ခတွေနဲ့ ကြုံခဲ့ကြရတာပါ"

"ဒီအကြောင်းတွေကို သိတန်သရွေ့ သိပြီးပါပြီ၊ ကျွန်
တော်တို့ စိတ်မကောင်းပါဘူး စော်ဘွားကြီး"

"ဘယ်တတ်နိုင်ပါ့မလဲဗျာ. . . သဗ္ဗေသတ္တာ ကမ္မ
သကာပဲပေါ့။ ဘဝတစ်ခုမှာ ကိုယ်က သူတို့အပေါ်မှာ မကောင်း
တဲ့ ဝဋ်ကြွေးကံတစ်ခုခု ကျူးလွန်ခဲ့မိလို့ ဒီဘဝမှာ ပြန်ပေးဆပ်ရ
တယ်လို့ပဲ သဘောထားပါတယ်၊ ဒီတော့ မိတ်ဆွေကြီးတို့လည်း
ဆင်စွယ်နက်ကို ယူဖို့ကြိုးစားရင်တော့ သူတို့နဲ့ ကတိသစ္စာ မကျိုး
ဖို့တော့ သတိထားရလိမ့်မယ်"

"ကောင်းပါပြီ"

"နောက်တစ်ချက်ကတော့ ဒီပစ္စည်းတွေက အန္တရာယ်
သိပ်များပါတယ်၊ ဒီတော့ တကယ်လို့ ရခဲ့ရင်လည်း ကိုယ့်အကျိုး
အတွက် မသုံးစွဲဘဲ မသမာသူတွေ မဖျက်ဆီးနိုင်မယ့် ဘာသာ
ရေးနဲ့ သက်ဆိုင်တဲ့နေရာတွေမှာပဲ အသုံးပြုစေချင်ပါတယ်"

"ကောင်းပါပြီ. . . စော်ဘွားကြီး မှာကြားတဲ့အတိုင်း
ဆောင်ရွက်ပေးပါ့မယ်"

"ဒီစကားကြားရတာ သိပ်ပြီးဝမ်းသာပါတယ်၊ တကယ်
လို့ ဆင်စွယ်နက်နဲ့ ပတ်သက်ပြီး ကုသိုလ်ကောင်းမှုတွေ ပြုပြီးရင်
လည်း ကျုပ်တို့အားလုံးအတွက် အမျှအတမ်းဝေပေးပါဗျာ၊ ဒါမှ
ကျုပ်တို့တတွေ ဒီဘဝ ကျွတ်ပြီး အခြားဘုံဘဝ တစ်ခုခုကို ကူး
ပြောင်းလို့ ရကြမှာပါ"

"စော်ဘွားကြီးရဲ့အလိုဆန္ဒ ပြည့်ဝအောင် ဆောင်ရွက်
ပေးပါ့မယ်၊ အခုလောလောဆယ်တော့ မလုပ်ပေးနိုင်သေးပါ





ဘူး၊ မသမာသူတွေလက်ထဲ ပါသွားတဲ့ ဆင်စွယ်နက်နောက်ကို
လိုက်ရဦးမှာမို့ အပြန်မှာတော့ လုပ်ပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာဗျာ. . . ဒီစကား ကြားရတာနဲ့
တင် ဝမ်းသာလှပါပြီ၊ မိတ်ဆွေကြီးတို့ ပြန်ရောက်လာရင် သေ
လာယက္ခတောင်ပေါ်မှာ ကျုပ်တည်ထားခဲ့တဲ့စေတီကို ပြုပြင်ပြီး
တော့ အမျှဝေပေးပါ။

ဟော်နန်းမပျက်ခင်က အဲဒီနေရာတဝိုက်မှာ ကျုပ်မြှုပ်နှံ
ထားခဲ့တဲ့ နန်းစဉ်ရတနာတွေ ရှိပါတယ်၊ အဲဒီနေရာကိုလည်း
ပြပေးပါ့မယ်"

"ကောင်းပါပြီ"

ထိုသို့စကားပြောနေရင်းမှာပင် အရုဏ်တက်ချိန် နီးလာ
ပြီဖြစ်သောကြောင့် ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်မှာ
စော်ဘွားကြီးကို နှုတ်ဆက်ပြီးနောက် ဟော်နန်းအတွင်းမှ ပြန်
ထွက်ခဲ့ကြလေသည်။

သူတို့ အပြင်ပြန်ရောက်ပြီး မကြာမီမှာပင် စောစောက
လင်းထိန်နေသောမီးရောင်များမှာ တဖြည်းဖြည်းနှင့် မှိန်ကျသွား
ကာ ပြန်လည်မည်းမှောင်သွားသည်ကို အံ့ဩဖွယ်ရာ လှမ်းမြင်
ကြရလေသည်။





## အခန်း(၈)

# ကမ္ဗဇီနွီနှင့် ဘိလူးစည်းလူ့စည်း

နောက်တစ်နေ့နံနက်လင်းသောအခါ ၎င်းတို့ စခန်းချနေသောနေရာနှင့် မနီးမဝေးမှာ ရှိနေသော ဟော်နန်းကြီးမှာ လူသူကင်းမဲ့လျက်ရှိပြီး မူလအနေအထားအတိုင်း ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်လျက်ရှိနေတော့သည်။

ဒေါက်တာမင်းထင်ကျော်က ညက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ကျန်လူများကို ပြန်ပြောသောအခါ များဖွာအံ့သြနေသည်။

ဦးစိုင်းလှုတို့သားအဖနှစ်ယောက်ကတော့ ၎င်းတို့အရှင်သခင် စော်ဘွားကြီးအကြောင်းကို ယခုကဲ့သို့ ကြားရသောအခါ စိတ်မကောင်းဖြစ်နေကြလေသည်။

တစ်ဖက်မှလည်း ပရလောက ရောက်နေကြသော စော်ဘွားကြီးတို့က အကူအညီပေးမည်ဟု ပြောလိုက်ရာ အားရှိစရာ ဖြစ်ပေသည်။

နောက်တစ်နေ့တွင် ဟော်နန်း၏မြောက်ဘက် သေလာယက္ခတောင်ပေါ်မှာ စော်ဘွားကြီး တည်ထားခဲ့သောစေတီကို သွားရောက်ကြည့်ကြလေသည်။

စေတီမှာ တည်ထားသောနှစ် မကြာသေးသော်လည်း ဆင်စွယ်နက် အလိုရှိကြသော မသမာသူများက ဖျက်ဆီးသွားသောကြောင့် ပြိုကျနေလေသည်။

ဌာပနာတိုက်အတွင်းမှ ဆင်စွယ်နက်နှင့် ဌာပနာပစ္စည်းများ ဖောက်ယူသွားသောကြောင့် အချို့နေရာများမှာ တွင်းပေါက်ကြီးများ၊ ဟောင်းလောင်းပေါက်ကြီးများဖြစ်နေသည်။

ထိုဘုရားပျက် ရှိရာ ကုန်းပေါ်မှာပင် ခေတ္တနားနေခိုက် ဦးစိုင်းလှုက မေးသည်။

"ကျုပ်ယူလာတဲ့ ဆင်အမြှုတေဆိုတဲ့အလုံးကို မျက်နှာဖြူတွေ လုယူလိုက်တာ ဒီနေရာမှာပေါ့၊ ဒါထက် ကြုံကြိုက်တုန်း ဆရာ့ကို မေးရဦးမယ်၊ ဆင်အမြှုတေဆိုတာ တကယ်ရော ရှိနိုင်လို့လား"

"ရှိပါတယ်. . . ဒါပေမယ့် အမြှုတေဆိုတာက ရတနာ





စ်ပါးဆိုတော့ ရှားပါးတာကြောင့် တွေ့မြင်ရခဲပါတယ်၊ သိဒ္ဓိရှိပစ္စည်းဆိုတော့လည်း သာမန်လူတွေ မတွေ့နိုင် မမြင်နိုင်ဘူးပေါ့ဗျာ"

"အင်း. . . ဒါကြောင့် ဖြစ်မယ်ထင်ပါတယ်၊ ကျုပ်လည်း ဘော်ဘွားလေး ရှိစဉ်ကတည်းက သူနဲ့ တွဲပြီးတော့ လိုက်ခဲ့တာ တော်ကလေး ကြာပါတယ်၊ တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး၊ အဲဒီ စ်ကြိမ်ရောက်မှပဲ အမြှုတေရော ဆင်စွယ်နက်ပါ တွေ့ဖူးဘူတာ"

"ဆင်အမြှုတေဆိုတာ ဆင်အကောင်တစ်သောင်း တစ်သိန်းမှာ တစ်ကောင်ပါချင်မှပါတာ၊ ဆင်စွယ်နက်ဆိုတာလည်း အတိုင်းပါပဲ၊ ဆင်တွေ သောင်းနဲ့သိန်းနဲ့ချီပြီး ရှိနေလည်း ဆင်စွယ်နက်တစ်ချောင်း ရနိုင်ဖို့ မလွယ်လှဘူးဗျ"

ဟု သူကြုံတွေ့ခဲ့သော ဆင်စွယ်နက်နှင့် ပတ်သက်သည့် အကြောင်းအရာအချို့ကို ပြောပြလေသည်။

နို့တိုက်သွေးနွေး ခြေလေးချောင်းသတ္တဝါများထဲတွင် ဆင်မှာ ကိုယ်ခန္ဓာ အကြီးဆုံးသတ္တဝါဖြစ်သည်။

ဆင်ကို အာဖရိကတိုက်နှင့် အရှေ့တောင်အာရှတို့တွင် အများဆုံး တွေ့နိုင်သည်။

ကမ္ဘာပေါ်တွင် ဆင်အများဆုံး ကျက်စားနေထိုင်သော နေရာမှာ အာဖရိကတိုက် ယူဂန္ဓာနိုင်ငံ(Uganda)၊ ကင်ညာနိုင်ငံ (Kenya)၊ တန်ဇန်နီးယား(Tanzania)နိုင်ငံတို့ ဖြစ်သည်။

ယူဂန္ဓာနိုင်ငံတွင် တစ်ကမ္ဘာလုံးတွင် ရှိသော ဆင်အရေ

အတွက်နှင့် ညီမျှသောဆင်များ ရှိခဲ့ဖူးသည်။

(၁၉၆၈)ခုနှစ်တွင် ယူဂန္ဒာနိုင်ငံ၊ အမျိုးသားဥယျာဉ် (The National Park)နှင့် တစ်နိုင်ငံလုံး၌ နေထိုင်ကျက်စားသွားလာနေကြသော ဆင်ကောင်ရေပေါင်း(၂၂၀၀၀)မှ (၂၃၀၀၀)ကျော်အထိ ရှိခဲ့သည်။

နောက်ပိုင်း အစိုးရကရော သူပုန်များက နေ့စဉ် ဆင်များကို သတ်ဖြတ်စားသောက်ခဲ့ကြသဖြင့် ဆင်အကောင်ရေ တဖြည်းဖြည်းနှင့် လျော့ပါးသွားခဲ့ခြင်းဖြစ်ပေသည်။

ဆင်အမြုတေနှင့်ဆင်စွယ်နက်မှာ ဆင်ကောင်ရေ သောင်းနှင့်ချီပြီး ရှိသော ယူဂန္ဒာနိုင်ငံမျိုးမှာပင် တွေ့ရခဲ့သည်။

တောထဲမှာ နေကြသူများက ဆင်စွယ်နက်ကို ကြောက်ရွံ့ကြသည်။

နတ်ဘုရားနှင့် တောစောင့်နတ်၊ တောင်စောင့်နတ်များ ပိုင်ဆိုင်သောပစ္စည်းဟု အယူရှိကြလေသည်။

ဆင်စွယ်နက်ဟု ဆိုရာမှာလည်း နှစ်မျိုးနှစ်စားရှိသည်။ ဆင်မည်း၊ ဆင်ညို၊ ဆင်နီက ရသည့် ဆင်စွယ်နက်နှင့် ဆင်ဖြူ အထီးက ရသည့် ဆင်စွယ်နက်ဟူ၍ နှစ်မျိုးရှိလေသည်။

ဆင်ဖြူတော်အထီးမှ ရသော ဆင်စွယ်နက်မှာ တန်ဖိုးအရှိဆုံးဖြစ်သည်။

ဆင်စွယ်နက်ဟူသည် သာမန်ဆင်များတွင် တွေ့ရခဲ့သော ဆင်စွယ်များနှင့် မတူပေ။

အချို့ထွက်ရှိသာ ထွက်လေသည်။





ဆင်ဖြူတော် အထီးအမ တစ်စုံလည်းဖြစ်၊ ထိုဆင်မှာ ကုန်းပြာသာဒ်မျိုးလည်း ဖြစ်မည်ဆိုပါက ထိုဆင်မျိုးမှ ပေါက်ဖွားလာသော ဆင်ဖြူတော်မှာ ဆင်စွယ်နက် ပါလာတတ်လေသည်။

ထိုအချက်များနှင့် ပြည့်စုံလျှင်သော်မှ အကောင်တစ်သောင်းမှာ တစ်ကောင် ဆင်စွယ်နက် ပါခဲလှသည်။

အချို့အရပ်ဒေသမှ လူများကတော့ အကယ်၍ ဆင်စွယ်နက်ကို တွေ့ရင်တောင်မှ ကျိန်စာသင့်မည်စိုးသောကြောင့် မယူဝံ့ကြပေ။

ဆင်အမြုတေမှာလည်း ထိုအတိုင်းပင်ဖြစ်သည်။

ဆင်အမြုတေမှာလည်း ဆင်စွယ်နက်ကဲ့သို့ သိဒ္ဓိရှိသော ပစ္စည်းဖြစ်သောကြောင့် တွေ့ရခဲသည်။

ဆင်အကောင် ရာပေါင်းများစွာ ထောင်ပေါင်းများစွာတို့ အထဲမှာပင် အမြုတေတစ်လုံး ရဖို့ရန် မလွယ်ကူလှပေ။

သာရတ္ထသင်္ဂဟကျမ်းထဲတွင် အမြုတေရတနာ(၈)ပါး အကြောင်းကို ဖော်ပြထားရာ ဆင်အမြုတေကို နံပါတ်(၁)နေရာမှာ ထားလေသည်။

(၁) တတ္တိကုမ္ဘ - ရွှေရောင်အဆင်းရှိသည့် ဆင်၏ဦးကင်း၌သာ ဖြစ်သော အမြုတေတစ်ပါး၊

(၂) တရာပဒါဋ္ဌ - ဝက်စွယ်အဆင်းရှိသည့် ဝက်၏အစွယ်၌ ဖြစ်သော အမြုတေတစ်ပါး၊

(၃) ဝဋ္ဋာဟကံတိ - တိမ်တိုက်၌သာဖြစ်သော နတ်တို့သာ သုံးစွဲခွင့်ရသော အမြုတေတစ်ပါး၊

(၄) ဘူဇင်္ဂသီသံ - စိမ်းညိုရောင်တောက်ပသည့် မြွေ၏ ဦးခေါင်းနှင့် ဖြစ်သော အမြုတေတစ်ပါး၊

(၅) သခေါ် - ခရုသင်းဟု ခေါ်သော ခရုကောင်၌ ဖြစ်တည်သော ပုလဲရတနာ အမြုတေတစ်ပါး၊

(၆) သိပ္ပိ - အရောင်အဆင်း အထူးထူးရှိသည့် ကနုကမာဟု ခေါ်သည့် ခရုကောင်တစ်မျိုး၌ ဖြစ်တည်သော ပုလဲရတနာအမြုတေ တစ်ပါး၊

(၇) ဝေဠု - စပျစ်သီး အစိမ်းရောင်အဆင်းရှိသည့် ဝါး၌ ဖြစ်သော အမြုတေတစ်ပါး၊

(၈) မစ္ဆသိရော - ငါး၏ဦးခေါင်း၌ ဖြစ်တည်သော အမြုတေ တစ်ပါး၊

ဟူ၍ ရှစ်ပါးပြထားလေသည်။

တိမ်တိုက်၌ ဖြစ်သောအမြုတေနှင့် ဝါးပင်မှ ဖြစ်သော အမြုတေနှစ်ပါးမှလွဲ၍ ကျန်(၆)မျိုးမှာ သတ္တဝါတို့မှ ဖြစ်သော အမြုတေများဖြစ်ကြလေသည်။

ဆင်အမြုတေကို ဆင်နှစ်မျိုးဆီမှသာ ရနိုင်လေ၏။

ဆင်သက်တမ်း (၁၅၀)ကျော်ရှိပြီး အစွယ်လည်း မရှိ၊ အရပ်(၁၂)ပေကျော်မြင့်သော ကုန်းပြာသာဒ် ဟိုင်းဆင်ထီးကြီးတွေဆီမှာသော်လည်းကောင်း၊

ဆင်သက်တမ်း(၁၂၀)ကျော်ရှိသော စွယ်စုံဆင်လည်း ဖြစ်၊ အရပ်(၁၂)ပေကျော်မြင့်သည့် ကုန်းပြာသာဒ်ဆင်ဖြူအထီး





ၵ်ထိပ်တည့်တည့်နေရာ၌သော်လည်းကောင်း၊

ထိုဆင်နှစ်မျိုး၌သာ ဆင်အမြုတေကို ရနိုင်ပေသည်။

"ဆရာ ပြောပုံအရဆိုရင် ကျုပ်တို့ ဆင်စွယ်တစ်ချောင်း ...လာတဲ့နေရာမှာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက သေဆုံး ...ီး မြေကြီးအောက်မှာ ရောက်နေတဲ့ ဆင်ဖြူအထီးကြီးများ ဖြစ် ...လမလား မသိဘူးနော်"

ဦးစိုင်းလူက ပြောသည်။

"ဖြစ်နိုင်စရာ ရှိပါတယ်၊ ဆင်စွယ်နက်ရော ဆင်အမြု ...တ ပါရှိနေပုံထောက်တော့ သက်တမ်း(၁၅၀)ကျော်လောက် ...ှိတဲ့ ကုန်းပြာသာဒ် ဆင်ဖြူတော်ကြီးတစ်ကောင် သေဆုံးပြီး ...အောက်မှာ ရောက်နေတာလည်း ဖြစ်နိုင်ပါတယ်"

"ဆရာ ပြောတဲ့အတိုင်း မှန်ရင်တော့ အဲဒီနေရာမှာ ...နောက်ထပ်တစ်ချောင်း ရှိနေဦးမှာပေါ့နော်"

"ဆင်စွယ်ဆိုတာ တစ်စုံရှိတာဆိုတော့ နောက်တစ် ...ချောင်း ကျန်ဦးမယ် ထင်ပါတယ်"

"ဒါထက် ဆင်စွယ်နက်က သူ့ဖာသာ ရှိနေတာကို ...ဘယ်လိုကြောင့် ယက္ခဘီလူးတွေနဲ့ ပတ်သက်နေရတာလဲ"

ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်း ...းပြီးမှ သူ၏ထင်မြင်ချက်ကို ပြောပြလေသည်။

"ဘီလူးဆိုတာ ဂန္ဓဗ္ဗ ပရလောကသားတွေထဲမှာ ပါ ...တယ်၊ အနိမ့်စားဘီလူးတွေနဲ့ အမြင့်စား နတ်ဘီလူးတွေအထိ ...ှိတယ်၊ အတော်များများကတော့ ဖန်ဆင်းနိုင်တဲ့ ကမ္ဘဇိဒ္ဓိတန်ခိုး

ရှိကြတယ်၊

ဆင်စွယ်နက်နဲ့ ဆင်အမြူတေဟာ သိဒ္ဓိရှိတဲ့ပစ္စည်းတွေ ဖြစ်လေတော့ သာမန်လူတို့၊ သာမန်ပရလောကသားတွေ အနားမကပ်နိုင်ဘူး၊ မတွေ့နိုင် မမြင်နိုင်ဘူး၊ ဒီလို မတွေ့မမြင်နိုင် အောင်လည်း တောစောင့်နတ် တောင်စောင့်နတ်တွေက ကွယ်ဝှက်ထားကြတယ်"

"ဒါဖြင့် ဘီလူးတွေကျတော့ရော. . ."

"သူတို့က ဆင်စွယ်နက်ကို စောင့်ရှောက်ပေးနေရတာ ဖြစ်မယ်၊ ဒီလိုစောင့်ရှောက်ရင်းနဲ့ စည်းကျော်လာတဲ့လူတွေကို စားမှာပေါ့လေ၊

ကျုံမိုင်းစော်ဘွားလေးဟာ ဆင်စွယ်နက်ကို လိုချင်ပြီး မပေးသင့်တဲ့ကတိကို ပေးလိုက်မိလို့ ဟော်နန်းတစ်ခုလုံး ပျက်စီးရတာပဲ"

"အဲသည်လို ကတိမပေးရင်ရော ဒီအတိုင်း တွေ့ဖို့ လွယ်ပါ့မလား"

"ကျွန်တော့်အမြင်ပြောရရင်တော့ ဒီဆင်စွယ်နက်နဲ့ အမြူတေဟာ ပေါ်ချိန်တန်လို့ ပေါ်လာတာပဲလို့ ထင်ပါတယ်၊ ဟုတ်မဟုတ်တော့ အဲဒီနေရာရောက်မှ သိရတော့မှာပဲ"

ဟု ပြောကာ တောင်ကုန်းပေါ်မှ ပြန်ဆင်းခဲ့ကြလေသည်။

နောက်တစ်နေ့မှ ခရီးဆက်ကြမည်ဖြစ်သောကြောင့် ထိုနေ့ညကတော့ ဟော်နန်းပျက်ကြီးနှင့် မနီးမဝေးနေရာမှာပင်





ဆက်နေကြသည်။

ညအချိန်ရောက်သောအခါ ဟော်နန်းကုန်းတဝိုက်မှာ သွားလာနေသော မည်းမည်းသဏ္ဌာန်များကို တွေ့ကြရသော်လည်း ၎င်းတို့ရှိရာသို့ မလာကြပေ။

သူတို့ကို ခြောက်လှန့်မှု မပြုကြသော်လည်း မနီးမဝေး နေရာများမှာ ရှိသော သစ်ပင်များ၊ ချုံနွယ်များနောက်ဘက်မှ ကြောက်မက်ဖွယ်ရာကောင်းသော အော်ဟစ်သံများကိုတော့ ကြားကြရလေသည်။

ထိုအသံများမှာ 'ကယ်ပါ. . . ယူပါ' ဟူသောအသံများ အပြင် အခြားအသံများကိုပါ ကြားကြရလေသည်။

"ကယ်ကြပါဦးဗျို့. . . ကျုပ်တို့ကို ဘီလူးတွေ သတ်စားပါတော့မယ်. . . ကယ်ကြပါဦး"

ဟူသောအသံများကိုသော်လည်းကောင်း၊

"ကယ်ကြပါဦးရှင်. . . ဟော်နန်းထဲကို ဘီလူးတွေ ဝင်လာပြီး အတင်းဝင်ဆွဲနေပါတယ်. . . ကယ်ကြပါဦး"

ဟူသော နားမချမ်းသာစရာ အော်ဟစ်သံများကို အတိုင်းသား ကြားကြရသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုအော်သံများကြောင့် တော်တော်နှင့် အိပ်မရဘဲ ရှိနေရာမှ ညဉ့်နက်ပိုင်းအချိန်ရောက်မှ မှေးကနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာသွားသည် မသိပေ။

တစ်စုံတစ်ယောက်က လာနှိုးသဖြင့် ပြန်နိုးလာသည်။

ကြည့်လိုက်တော့ သူ့အနီး၌ လူတစ်ယောက် ရပ်နေသည်ကို မသဲမကွဲ တွေ့ရသည်။

အသက်(၂၀)ကျော်အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမောလှပသော မိန်းမပျိုတစ်ဦးဖြစ်သည်။

တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများကို ဝတ်ဆင်ထားပြီး ဆံပင်ရှည်များကို နောက်ဘက်၌ ဖြန့်ချထားသည်။ ဒေါက်တာမင်းထင်ကျော်က သူမရုပ်ရည်ကို မြင်စမှာပင် မဟူရာဒေဝီမှန်း ရိပ်မိသော်လည်း ဝတ္တရားအတိုင်း မေးလိုက်သည်။

"မင်းဘယ်သူလဲ"

"မဟူရာဒေဝီမှန်း ရှင့်စိတ်ထဲက သိနေပြီးသား မဟုတ်လား"

"ထားပါတော့. . . အခု ဘာကိစ္စရှိလို့ လာတာလဲ"

"ရှင်တို့ ဆင်စွယ်နက်တစ်ချောင်း ရှိတဲ့နေရာကို သွားကြမယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဆင်စွယ်နက်က ကျွန်မတို့စောင့်ရှောက်ထားတဲ့ပစ္စည်းဆိုတော့ လွယ်လွယ်နဲ့တော့ ရမှာမဟုတ်ဘူး"

"ကျွန်တော်တို့ ကိုယ်ကျိုးအတွက် သုံးစွဲမှာမဟုတ်ပါဘူး"

"ဒါကိုလည်း ကျွန်မသိပါတယ်"

"စော်ဘွားလေး ယူလာတဲ့ ဆင်စွယ်နက်နဲ့ အမြှုတေကတော့ မျက်နှာဖြူတွေလက်ထဲ ရောက်သွားပြီး ဒီဆင်စွယ်နက်နဲ့





အမြှုတေကြောင့် စော်ဘွားလေးနဲ့ မိသားစုတွေ ဟော်နန်းမှာရှိတဲ့လူတွေ သေကျေပျက်စီးကြရတယ်၊ အဲဒါ ခင်ဗျားတို့ လက်ချက်တွေ မဟုတ်လား"

"ဟုတ်ပါတယ်. . . သူက သတိပေးထားတဲ့အတိုင်း ကျွန်မတို့က လူတွေကို စားခွင့်ရတဲ့အတွက် စားခြင်းသာ ဖြစ်ပါတယ်"

"ဒါဖြင့် အခု ယူသွားတဲ့လူတွေကိုရော အန္တရာယ် မပေးနိုင်ဘူးလား"

"သူတို့ကို တားဆီးနှောင့်ယှက်လို့ မရတော့ဘူး၊ စော်ဘွားလေး သေဆုံးသွားပြီးတဲ့နောက်မှာ ကျွန်မတို့ကို ပေးထားခဲ့တဲ့ ကတိသစ္စာတွေက ပျက်ပြယ်သွားခဲ့ပြီ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ အံ့ဩသွားလေသည်။

"ကျွန်မတို့ ပရလောကသားတွေမှာ ဘီလူးစည်း လူ့စည်းဆိုတာ ရှိပါတယ်၊ သူ့စည်းကိုယ့်စည်း ကျော်ပြီး ဘာမှ လုပ်လို့မရပါဘူး၊ လုပ်မိရင် ဒဏ်ခတ်ခံရပါတယ်၊ ဒါကြောင့် ရှင့်ကို အကူအညီတောင်းချင်ပါတယ်"

"ဘယ်လိုအကူအညီမျိုးလဲ"

"တိုင်းတပါးသားတွေက ဆင်စွယ်နက်နဲ့အမြှုတေကို အခြားကို ယူဆောင်သွားဖို့ ကြံစည်နေကြတယ်၊ ကျန်တဲ့ ဆင်စွယ်နက်တစ်ချောင်းကိုသာ ရှာတွေ့ရင်တော့ အားလုံးကို တခြားနေရာ ရောက်သွားမှာ အမှန်ပဲ၊ ဒါကြောင့် ရှင့်အနေနဲ့ တားဆီး

ပေးပါ"

"ခင်ဗျားတို့က ကမ္ဘဇဒ္ဒိတန်ခိုး ရှိကြတာပဲ၊ အဲဒီတန်ခိုးနဲ့ တားဆီးလို့ မရနိုင်ဘူးလား"

"ပရလောကသားတွေမှာ ရှိတဲ့ ကမ္ဘဇဒ္ဒိတန်ခိုးဆိုတာ တွေ့တဲ့လူတိုင်းကို အသုံးပြုခွင့် မရှိဘူး၊ အသုံးပြုလို့လည်း မရပါဘူး၊ ဒီလိုသာ အသုံးပြုလို့ရရင် လူတွေ သတ္တဝါတွေကို ကမ္ဘဇဒ္ဒိတန်ခိုးနဲ့ ဖမ်းပြီးစားလို့ တစ်ယောက်မှ ကျန်တော့မှာ မဟုတ်ပါဘူး၊

ကိုယ့်စည်းထဲ ရောက်မှ အသုံးပြုလို့ရတာပါ"

ထိုစကားကြားသောအခါမှ သဘောပေါက်သွားလေတော့သည်။

"ကောင်းပြီလေ. . . မင်းပြောတဲ့အကူအညီကို တတ်နိုင်သမျှတော့ ကြိုးစားဆောင်ရွက်ပေးပါ့မယ်၊ မင်းတို့ကလည်း တတ်နိုင်သမျှ ပြန်ပြီးအကူအညီပေးကြပါ"

"ကောင်းပါပြီ. . . ကျွန်မတို့ဘက်ကလည်း အကူအညီ ပေးပါ့မယ်"

ထိုသို့ပြောဆိုပြီးနောက် ထိုအမျိုးသမီး၏ပုံသဏ္ဍာန်မှာ မြင်ကွင်းမှ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။





## အခန်း(၉)

# ကျတ်ကုန်းမြေသို့ ရောက်ခဲ့ကြခြင်း

မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့များ သိမ်းပိုက်ပြီးနောက် မြန်မာနိုင်ငံ၏အဖိုးတန် သယံဇာတပစ္စည်းများဖြစ်သော ကျွန်းသစ်၊ ရေနံ၊ ရွှေ ဘော်၊ ခဲမဖြူ အဖြိုက်နက်၊ ကျောက်သံပတ္တမြားသည်တို့ကို စိတ်ကြိုက်ထုတ်ယူကြလေတော့သည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံကို ထိုကဲ့သို့ ကျူးကျော်သိမ်းပိုက်ခဲ့သော အဓိက ရည်ရွယ်ချက်မှာလည်း ထိုပစ္စည်းများကို စိတ်ကြိုက်ထုတ်ယူရန်အတွက်ပင် ဖြစ်ပေသည်။ မြန်မာပြည်အလယ်

ပိုင်းနှင့် အထက်ပိုင်းတို့တွင် အဖိုးတန်ကျွန်းသစ် တန်ပေါင်းမြောက်မြားစွာ စိတ်ကြိုက်ထုတ်ယူကြလေသည်။

ကျွန်းသစ်ထုတ်ယူခြင်းလုပ်ငန်းကို ဘုံဘေဘားမားကုမ္ပဏီကသာ တာဝန်ယူ လုပ်ကိုင်လျက်ရှိပြီး အုပ်ချုပ်သူအရာရှိအတော်များများမှာ မျက်နှာဖြူများ ဖြစ်ကြလေသည်။

မြန်မာအလုပ်သမား၊ ကုလားအလုပ်သမားများကို အသုံးပြု စေခိုင်းပြီး ဆင်ကောင်ရေပေါင်း မြောက်မြားစွာတို့ဖြင့် ကျွန်းသစ်များကို ထုတ်ယူလျက်ရှိကြလေသည်။

ထိုအချိန်က အထက်ပိုင်း သစ်ထုတ်လုပ်ရေးလုပ်ငန်းများကို စီမံအုပ်ချုပ်သူမှာ ဂျေအိပ်ချ်ဝီလျံ(J.H.Williams) ဆိုသော မျက်နှာဖြူအရာရှိတစ်ဦး ဖြစ်ပေသည်။

ဝီလျံမှာ (၁၉၂၀)ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသို့ရောက်လာပြီး ဆင်အုပ်ချုပ်ရေးအရာရှိအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။

ဝီလျံသည် တောတောင်များအတွင်းမှာ နှစ်ပေါင်းများစွာ လှည့်လည်တာဝန်ထမ်းဆောင်ရင်း ဆင်များအကြောင်းကို အသေးစိတ် သိသောသူတစ်ဦး ဖြစ်လာလေသည်။

သူသည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရခါနီး (၂)နှစ်အလို (၁၉၄၆)ခုနှစ် ဖေဖော်ဝါရီလမှ အင်္ဂလန်သို့ ပြန်သွားခဲ့လေသည်။

ဘုံဘေဘားမား ကုမ္ပဏီလုပ်ငန်းများကို သီပေါမင်းလက်ထက်မှာပင် စတင်ခဲ့ကြသည်။

ထိုကုမ္ပဏီ၏အကြီးတန်းအရာရှိတစ်ယောက် မြန်မာနိုင်ငံကို ရောက်လာပြီး သစ်တောများကို လေ့လာကြည့်ပြီးတဲ့





နောက်မှာ ကျွန်းသစ်တောများ၏အခြေအနေကို သိရှိသွားခဲ့သည်။

မြန်မာဘုရင်ထံမှာ သတ်မှတ်ထားသော အခွန်တော်ဆောင်းသွင်းပါက သစ်လုံးများ ထုတ်ယူနိုင်ကြောင်း သိရသောအခါ ...အစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။

ဆိပ်ကမ်းများမှာ သစ်စက်တွေ တည်ကြသည်။ သစ်လုံးများ ထုတ်ယူရန်အတွက် ဆင်ကောင်ရေ အမြောက်အမြား ဝယ်ယူအသုံးပြုခဲ့ကြသည်။

ယခင်က ဝင်ခွင့်မရဟု ယူဆထားသော ကျွန်းသစ်တောများကို အလွယ်တကူ ဝင်ခွင့်ရခဲ့ပြီး ကျွန်းသစ်အမြောက်အမြားကို ထုတ်ဝေခွင့် ရခဲ့ကြသဖြင့် အကြိုက်တွေ့ကြလေသည်။

ဘုံဘေဘားမားကုမ္ပဏီမှာ တောတွင်းမှ သစ်လုံးများကို ...ယန္တရားများဖြင့် ထုတ်ယူ၍မရမှန်း သိသောအခါ ဆင်များ...လုပ်အားကို အားကိုးရမှန်း သဘောပေါက်သွားကြသည်။ ...မာနိုင်ငံမှ ဆင်များသာမက ယိုးဒယားနှင့် အိန္ဒိယမှ ဆင်များ...ပါ ဝယ်ယူအသုံးပြုခဲ့ကြလေသည်။

ထိုအချိန်က ဘုံဘေဘားမားသစ်ကုမ္ပဏီမှာ အသုံးပြု...သာ ဆင်ကောင်ရေပေါင်း(၂၀၀၀)ကျော်အထိ ရှိခဲ့ကြောင်း ...တမ်းများ ရှိလေသည်။

နောက်ပိုင်းမှာတော့ ဆင်ရိုင်းဖမ်းသောအလုပ်များကိုပါ ...၍ လုပ်ကိုင်ခဲ့သည်။

သစ်တောစခန်းများတွင် ဆင်အုပ်ချုပ်ရေး တာဝန်ယူရ သော ဝီလျှံသည် ဆင်များအကြောင်းကို ကောင်းစွာနားလည် လာလေသည်။

သူသည် တောတွင်းမှာ နှစ်ပေါင်းများစွာကြာသောအခါ တောတောင်မာယာ၏ဆန်းကြယ်မှုများကိုလည်း တွေ့ကြုံခဲ့ရ လေသည်။

တစ်ခါကတော့ သစ်တောစခန်းတွင် နတ်ရိုးရာပသမှု များကို မယုံကြည်သောလူတစ်ယောက်ကို တွေ့ရလေသည်။

သူသည် ရခိုင်လူမျိုးတစ်ဦးဖြစ်ပြီး မြန်မာလူမျိုး တော တွင်း အလုပ်သမားများ၏ရိုးရာယုံကြည်မှုများကို မထေမဲ့မြင်ပြု သူလည်း ဖြစ်သည်။

ထို့ကြောင့် ကျန်အလုပ်သမားများက သူ့အား သစ် တောစခန်း၌ မရှိစေလိုကြပေ။

၎င်း၏အမည်မှာ စံရွှေဦးဖြစ်သည်။

စံရွှေဦးသည် ထိုကဲ့သို့သော ချို့ယွင်းချက်မျိုး ရှိသည့် အပ အလုပ်ကျွမ်းကျင်ပြီး အထက်လူကြီးများနှင့် ဆက်ဆံသည့် အခါမှာ ကျိုးနွံရိုသေသူတစ်ဦးဖြစ်သည်။ သို့ကြောင့် လူကြီးများ က စံရွှေဦးကို နှစ်သက်သဘောကျကြလေသည်။

သို့သော်လည်း စခန်းမှာ ရှိသော အလုပ်သမားများက ၎င်းတစ်ယောက်အတွက်ကြောင့် စခန်းမှာ ရှိကြသော အခြားသူ များ အန္တရာယ်ဆိုးများနှင့် ကြုံတွေ့ရမည် စိုးရိမ်သောကြောင့် စံရွှေဦးအား သစ်တောစခန်းမှာ မထားလိုကြပေ။





အချို့ကလည်း ဝီလျှံကို အရဲစွန့်ပြီး လာပြောကြသည်။

"သူ့ကို စခန်းမှာ ဆက်ထားရင် အခြားအလုပ်သမား တွေ ဒုက္ခရောက်ကြပါလိမ့်မယ်၊ ဒါကြောင့် သူ့ကို စခန်းပြောင်း ပေးပါ ဆရာကြီး"

"စံရွှေဦးကို ဘာကြောင့် မရှိစေချင်တာလဲ"

"သူက အယူသည်းသူတစ်ယောက်ဖြစ်ပါတယ်၊ တော စောင့်နတ် တောင်စောင့်နတ်တွေကိုလည်း မထေမဲ့မြင် ပြုလုပ် နေပါတယ်၊ မကြာခင် နတ်ကျားဆွဲတာ ခံရပါလိမ့်မယ်"

ဟု ဝိုင်းဝန်းပြောဆိုကြလေသည်။

ဝီလျှံအနေနဲ့ကတော့ အလုပ်သမားအများစု၏ဆန္ဒနှင့် ဆန့်ကျင်ဘက်အလုပ်ကို မလုပ်လိုသော်လည်း စံရွှေဦးလို ဆင် ဦးစီးတစ်ယောက်ကို အခြားသို့ ပို့ရမည့်ကိစ္စကိုတော့ မလုပ်လိုလှ ပေ။

သို့သော်လည်း ဆင်စခန်းတွင် ဦးစီးရွှေသော၊ အထိန်း ရ ခက်လှသည့် 'ဟန်ပို' ဟု အမည်ရှိသော ဆင်ကြီးကို စီးမည့် ဆင်ဦးစီးကတော့ ရှားလှသည်။ ဟန်ပိုမှာ ဆင်ဆိုးဆင်ကြမ်း တစ်ကောင်ဖြစ်သော်လည်း စံရွှေဦးကိုတော့ ချစ်သည်၊ ခင်သည်၊ ပြီးတော့ ကြောက်ရွံ့သည်။

တစ်ခါက မြေပေါ်မှာ စိုက်ထားသောလှံကို အပေါ်မှ လှမ်းတောင်းသည်။

လှံက ဆင်မြင်သာအောင် အသွားချွန်ကို အပေါ် ထောင်စိုက်ထားခြင်းဖြစ်သည်။

ဟန်ပိုက ဒီအတိုင်း နှုတ်ပြီးပေးတော့ အသွားချွန်က စံရွှေဦးဆီ တည့်တည့်ရောက်လာသည်။

"အရှူးမထနဲ့ ဟေ့ကောင်ကြီး၊ အရိုးဘက်က ပြန်ပေးစမ်း"

ဟု ခတ်ဆတ်ဆတ် အော်ပြောလိုက်တော့မှ ဆင်ကြီးက လှံရိုးအလယ်မှ ပြောင်းကိုင်ပြီး လှံကို တစ်ပတ်လှည့်ပြီး အရိုးဘက်က ပြန်ပေးလေသည်။

စံရွှေဦးက ကြိမ်းမောင်းခဲ့ပြောဆိုပြီး လက်ထဲ ရောက်လာတဲ့ လှံသွားကို ဆင်ကြီးမျက်လုံးရှေ့မှာ ထောက်ပြလိုက်တော့ ဆင်ကြီး ငြိမ်ကျသွားသည်။

သို့သော် သခင်ကို ကျီစယ်လိုက်ရသဖြင့် ဟန်ပိုဆင်ကြီးမှာ ကျေနပ်သဘောကျနေဟန်ရှိသည်။

တစ်ခါတစ်ရံမှာတော့ သူ့ဦးခေါင်းပေါ်မှာ ဆင်ဦးစီးမပါဘဲနှင့် နံဘေးမှ အမိန့်ပေးရုံနှင့် အလုပ်ပြီးအောင်လုပ်နိုင်သော ဆင်တစ်ကောင်လည်းဖြစ်သည်။

တစ်ခါက ချောင်းစပ်နားမှာ သစ်လုံးများကို စီထပ်ထားလျက်ရှိနေသည်။

ချောင်းရေကျလာလျှင် အလွယ်တကူ မျောပါသွားနိုင်အောင် ချောင်းဘက်သို့ မျက်နှာမူပြီး အတန်းလိုက် အကန့်လိုက် စီထပ်ထားရခြင်းဖြစ်သည်။

စံရွှေဦးတို့ ရောက်သွားသော ကမ်းစပ်၌ ချထားသော သစ်လုံးများမှာ မညီမညာ ဖရိုဖရဲ ဖြစ်နေလေသည်။





စံရွှေဦးက ကမ်းစပ်၌ ထိုင်ပြီး သစ်လုံးများကို ကြည့်ပြီး စိတ်ပျက်လက်ပျက် ဖြစ်နေဟန်ရှိသည်။ ထိုအခါ သခင့်အရိပ်အခြည်ကို သိဟန်တူသော ဟန်ပိုက သစ်လုံးများ ဖရိုဖရဲဖြစ်သော ကမ်းစပ်သို့ ဦးစီးမပါဘဲ ဆင်းသွားလေသည်။

ဟန်ပိုသည် သံကြိုးမပါဘဲနှင့် ထိုသစ်လုံးများကို အစွယ်နှင့်ဦးခေါင်း အသုံးပြုပြီး ရွှေ့ပြောင်းနိုင်သူဖြစ်လေသည်။

သူသည် ကမ်းစပ်မှာ ထိုင်နေသော စံရွှေဦး ရှိရာကို တစ်ချက်လှမ်းကြည့်ပြီး ပထမသစ်လုံးကို စရွှေ့သည်။ နေသားကျသွားသည်။

ဒုတိယသစ်လုံးကို ရွှေ့တော့ နေသားမကျပေ။ ထိုသို့ ရွှေ့ပြီး စံရွှေဦးကို တစ်ချက်ကြည့်သည်။ အကဲစမ်းကြည့်လိုက်သည့် သဘောမျိုးဖြစ်သည်။

"ဟဲ့ကောင်ကြီး. . . ဟိုသစ်လုံး ဘာမှားနေသလဲ ပြန်ကြည့်လိုက်စမ်း"

ဒုတိယသစ်လုံးကို ဆက်ရွှေ့သော်လည်း နေသားမကျသေးပေ။

"မဟုတ်သေးဘူး ဟန်ပို၊ သစ်လုံးညီသွားအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

ထိုသို့အော်ပြီး ကျောက်ခဲတစ်လုံး ကောက်ယူပြီး ပေါက်ချိန် ဟန်ပြင်လိုက်တော့ ဆင်ကြီးက ပျော်ရွှင်စွာ တစ်ချက်အော်ပြီး စံရွှေဦးခြေထောက်ကို နှာမောင်းနှင့် တစ်ချက်လာတို့သည်။

ပြီးမှ သစ်လုံးရှိရာသို့ ပြန်သွားပြီး မညီမညာ ဖြစ်နေ

သော သစ်လုံးများကို အစွယ်ဖြင့်ထိုး၊ နှာမောင်းဖြင့်ပတ်၊ ဦးခေါင်းဖြင့် တွန်းရွှေ့လိုက်သည်။ ခဏလေးမှာပင် ညီညီညာညာ ဖြစ်သွားလေတော့သည်။

"ကဲ. . . ညီသွားပြီ မဟုတ်လား၊ အလုပ်ပြီးပြီ ပြန်ကြစို့"

ဟု မပြောသော်လည်း ထိုကဲ့သို့ ပြောနေသကဲ့သို့ အမူအယာဖြင့် စံရွှေဦးအနီးသို့ လာရပ်လေသည်။

ဟန်ပိုက ဆင်ဆိုးကြီးတစ်ကောင်ဖြစ်သော်လည်း စံရွှေဦးအပေါ်မှာတော့ သံယောဇဉ်ရှိသည်။ ချစ်ခင်တွယ်တာသည်။

စံရွှေဦး တစ်လက်ကိုင်ဖြစ်ပြီး ဗင်းမရှိလျှင် စီးဝံ့မည်သူမရှိပေ။ သို့ကြောင့် ဝီလျံအနေနှင့် စံရွှေဦးကို စခန်းမှာ ဆက်ထားသင့် မထားသင့် ဆုံးဖြတ်ရခက်နေတော့သည်။

နောက်ရက်များမှာတော့ ထူးထူးဆန်းဆန်းပင် ကျားဟိန်းသံများ ကြားလာရသည်။

ထိုအခါ ဦးစီးတစ်ယောက်က လာပြောသည်။

"ဆရာကြီး. . . စံရွှေဦး ကျူးလွန်တဲ့အပြစ်တွေက အတော်များလာပြီ၊ ဆွမ်းဇလုံနဲ့ယောက်မကို ချောင်းထဲ မျှောပစ်တယ်၊ စွန့်လာတဲ့ ဆွမ်းတွေကိုလည်း ရေစာချမကျွေးဘဲ နွံ့ထဲ လွှင့်ပစ်ခဲ့တယ်၊ သူ့ကို မကြာခင်မှာ နတ်ကျားဝင်ဆွဲတော့မယ်"

ထိုစကားကြားသောအခါ ဥရောပတိုက်သားအနေနှင့် ယုံကြည်ရအခက် မယုံကြည်ရအခက် ဖြစ်နေသည်။ စံရွှေဦးနှင့် တွေ့သောအခါ ထိုသို့မပြုလုပ်ရန် ဖြောင်းဖျပြောဆိုရသည်။

"နတ်ကျားရောက်လာတော့လည်း သေနတ်နဲ့ ပစ်ရုံပဲ





ပေါ့၊ ဆရာကြီး သေနတ်သာ ပြင်ထားပါ၊ မကြာခင် နတ်ကျားကို ပစ်ခွင့်ကြုံလာနိုင်ပါတယ်"

ဟု ပြောလေသည်။

တစ်ညမှာတော့ အရုဏ်တက်ချိန်ရောက်ကာနီးတွင် ဆူဆူညံညံအသံများကြောင့် လန့်နိုးလာခဲ့လေသည်။

"ဆရာကြီး. . . ဆရာကြီး မြန်မြန်ထပါ၊ စံရွှေဦးကို ကျားဝင်ဆွဲသွားပြီ"

အော်ဟစ်သံများနှင့်အတူ စခန်းတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

ဝီလျံ သေနတ်ကိုယူပြီး အပြင်ထွက်သွားသောအခါ အလုပ်သမားခေါင်းဆောင်တစ်ယောက်က လာပြောလေသည်။

"နတ်ကျား ဆရာကြီး. . . နတ်ကျားဆွဲသွားတာ"

တဲနှင့် ပတ်ဝန်းကျင်မှာတော့ လူသေကို ဒရွတ်တိုက် ဆွဲယူသွားသော စွတ်ကြောင်းကြီး ရှိနေလေသည်။ သွေးစက်များကလည်း အတန်းလိုက် ပါသွားသည်။ စခန်းနှင့် ကိုက်ငါးဆယ်လောက် ကွာသော ချောင်းအနီးမှာတော့ ဒီဘက်ကမ်းမှာရော ဟိုဘက်ကမ်းမှာပါ အလုပ်သမားများ အလုပ်ရှုပ်နေကြသည်။

တဲနှင့်ပတ်ဝန်းကျင်မှာတော့ ဒရွတ်တိုက် ဆွဲသွားသော အရာများနှင့် ကျားခြေရာကို တွေ့ရသော်လည်း ချောင်းစပ်ရောက်တော့ ဘာမှမတွေ့ရတော့ပေ။

ကျားက အလုပ်သမားများ တန်းစီအိပ်နေကြသည့်ကြားမှ စံရွှေဦးကိုမှ တမင်ရွေးပြီးဆွဲယူသွားခြင်းဖြစ်သည်။ သူ၏စောင်

နှင့် အဝတ်အစားအချို့မှာ သွေးစွန်းလျက် နေရာမှာ ကျန်ခဲ့လေသည်။

ထိုနေ့တစ်နေ့လုံး တောအနှံ့ လိုက်လံရှာဖွေကြသော်လည်း စံရွှေဦး၏အလောင်းကို အစအနမျှပင် မတွေ့ကြရတော့ပေ။

စံရွှေဦးတစ်ယောက် နတ်များကို မရိုမသေ လုပ်ခဲ့မိခြင်းကြောင့် တကယ်ပဲ နတ်ကျားဝင်ဆွဲသွားလေရော့သလား။

ဒါမှမဟုတ် ဘယ်ပုံဘယ်နည်း ပျောက်ဆုံးသွားလေသလဲဆိုတာတော့ ဝီလျံတစ်ယောက် အဖြေမရှာနိုင်ခဲ့ပါချေ။ နောက်ထပ် နှစ်ရက်သုံးရက် ကြာသည်အထိ တောအနှံ့ လိုက်လံရှာဖွေသော်လည်း စံရွှေဦးတစ်ယောက်ကိုတော့ အစအနမျှပင် မတွေ့ရတော့ပေ။

နောက်ဆုံးမှာတော့ စံရွှေဦးကို နတ်ကျားဆွဲသွားသည်ဟူသော အလုပ်သမားများ၏ ထင်မြင်ယူဆချက်ကိုသာ လက်ခံလိုက်ရလေတော့သည်။

ဝီလျံအနေနှင့် နောက်ထပ်ကြုံတွေ့ရသော အဖြစ်အပျက်မှာတော့ မယုံနိုင်စရာဖြစ်ရပ်မျိုးဖြစ်သည်။

သူ့အနေနှင့် ပရလောကနှင့် ပတ်သက်၍ အယုံအကြည် မရှိလှပေ။

တစ်နေ့မှာတော့ ဆင်သမားများနှင့် ခရီးထွက်ခဲ့ကြရာ နေဝင်ချိန်ရောက်သောအခါ ထိုနေရာမှာပင် စခန်းချကြရန် ပြင်ဆင်ကြသည်။





နယ်ခံအလုပ်သမားများကတော့ ထိုနေရာတွင် စခန်းမချဘဲ အခြားနေရာ၌ စခန်းချရန် ဆန္ဒရှိကြလေသည်။

ညနေစောင်းအချိန်ရောက်သောအခါ အလုပ်သမားများ စီစဉ်ပေးသော ညနေစာကို စောစောစားပြီး အိပ်ယာဝင်ရန် ပြင်လေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ စခန်းတစ်ခုလုံး ထူးထူးခြားခြား ငြိမ်သက်သွားလေသည်။

လေကလည်း ငြိမ်သက်နေပြီး နှင်းသီးနှင်းပေါက်များက တဖြောက်ဖြောက်နှင့် ကျဆင်းလျက်ရှိနေသည်။

ရွက်ဖျင်တဲများပေါ် သို့ ကျနေသော နှင်းစက်သံများမှာ အကျယ်လောင်ဆုံး ကြားနေရသည်။

နှင်းစက်နှင်းပေါက်များ ကျနေသောအသံမှလွဲ၍ ထူးခတ်ထားသော ဆင်များဆီမှ သံကြိုးချင်း ထိသံကိုပင် မကြားရပေ။

ဘာကြောင့် ဒီလောက်ငြိမ်သက်နေသည်ကိုတော့ သူမသိပေ။ ဝီလျံလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ မောမောနှင့် အိပ်ရာ ချက်ချင်းအိပ်ပျော်သွားလေတော့သည်။ အချိန်မည်မျှကြာသွားသည် မသိပေ။

အိပ်ပျော်နေရာမှ ရုတ်တရက် ပြန်နိုးလာသည်။

အိပ်ယာမှ ထကြည့်လိုက်သောအခါ တောစခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

မလှမ်းမကမ်းမှ ယာယီတဲများ ထိုးပြီး အိပ်နေကြသော

အလုပ်သမားများထံမှလည်း အသံမကြားရပေ။

သို့သော်လည်း ဝီလျံ့နားထဲမှာတော့ မနီးမဝေးနေရာဆီမှ အသံအချို့ကို ကြားနေရသည်။

ကြက်တွန်သံတွေ ကြားလာရသည်။

နာရီကြည့်လိုက်တော့ နံနက်ပိုင်း အရုဏ်တက်ချိန် နီးလာလေပြီ။ နောက်တော့ လူသံများအပြင် ကလေးငိုသံများ ကြားရသည်။ ဘုန်းကြီးကျောင်းများမှာ ခေါက်လေ့ရှိသော အုန်းမောင်း ခေါက်သံများကို ကြားရသည်။

ထို့ပြင် မနီးမဝေးနေရာဆီမှ ထင်းချိုးသံ၊ မီးမွှေးသံ၊ မောင်းထောင်းဆန်ဖွပ်သံများပါ ကြားရသည်။

သူတို့အချင်းချင်း ပြောဆိုနေကြသည့် စကားသံများကိုလည်း မသဲမကွဲ ကြားရသည်။

အရုဏ်တက်ချိန်ရောက်လာသောအခါ ထိုအသံများမှာ တဖြည်းဖြည်းနှင့် တိုးကာ ပျောက်ကွယ်သွားလေတော့သည်။

ဝီလျံမှာ များစွာအံ့ဩနေမိသည်။

အိပ်မက်မက်နေခြင်းမဟုတ်ဘဲ ထိုအသံများကို နားဖြင့်ကြားနေရသည်ကိုတော့ သူကိုယ်တိုင် သိနေသည်။

အတန်ကြာတော့ အလုပ်သမားတစ်ယောက် မီးတုတ်တစ်ချောင်း ကိုင်ပြီး ရောက်လာသည်။

သူနှင့်အတူ လက်ဖက်ရည်ပန်းကန်များလည်း ပါလာသည်။

"ဆရာကြီး နှင်းကွဲပြီ"





သူပြောတော့မှ နေရာမှ ထကာ ၎င်းဖျော်ယူလာသော လက်ဖက်ရည်ကို ကပျာကယာ သောက်ပြီး အဝတ်လဲရလေသည်။

အလုပ်သမားများလည်း အားလုံးနိုးလာကြပြီး တစ်ဦးနှင့်တစ်ဦး စကားတစ်ခွန်းမှ မပြောကြဘဲ သက်ဆိုင်ရာအလုပ်များကိုသာ လုပ်ကိုင်နေကြလေသည်။

ဆင်များလည်း ဝန်တင်ရန် အဆင်သင့်ဖြစ်နေကြသည်။ ထို့နောက်. . .

အားလုံးပြင်ဆင်ပြီးနောက် ထိုနေရာမှ ထွက်ခဲ့ကြလေသည်။ အတော်ဝေးဝေးနေရာရောက်မှ အလုပ်သမားများ စကားပြောသံများကို ကြားလာရသည်။ ထိုအခါ ဝီလျံက အနားမှာ ပါလာသော တပည့်တစ်ယောက်ကို မေးကြည့်ရသည်။

"ငါတို့ ညက စခန်းချတဲ့နေရာက ဘယ်ရွာနဲ့ နီးသလဲ"

"ဘယ်ရွာနဲ့မှ မနီးပါဘူး ဆရာကြီး"

"ဟင်. . . ဟုတ်ရဲ့လား၊ ညက လူသံတွေ ကြားနေရတယ်၊ ကြက်တွန်သံတွေ ကြားရတယ်၊ အုန်းမောင်းခေါက်သံတွေ ကြားရတာပဲ"

"အဲဒီနေရာမှာ ရွာတော့ မရှိပါဘူး၊ ကျွန်တော်တို့ စခန်းချခဲ့တဲ့နေရာက လူမနေတော့တဲ့ ရွာပျက်ဟောင်းကြီးတစ်ခုပါ ဆရာကြီး"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်. . . ဆရာကြီး နေတဲ့နေရာက ရွာထိပ်

မှာ ရှိတဲ့ ရုက္ခစိုးရှိတဲ့ ညောင်ပင်ကြီးအောက်မှာပါ၊ ကျန်တဲ့လူတွေ စခန်းချခဲ့တဲ့နေရာက ရွာဟောင်းရှိခဲ့တဲ့ ဇီးဖြူပင်ကြီးအောက်မှာပါ"

ထိုစကားကြားသောအခါ များစွာအံ့ဩသွားလေသည်။

"ဒီရွာဟောင်းက လူတွေက ဘာဖြစ်သွားတာလဲ၊ ဘယ်ပြောင်းသွားတာလဲ"

"တစ်ရွာလုံး ကလေးလူကြီးမကျန် ဝမ်းရောဂါဖြစ်ပြီး သေဆုံးသွားကြတာပါ၊ လအတော်ကြာတော့မှ သစ်တောစခန်း အလုပ်သမားတွေက အလောင်းတွေရဲ့အရိုးစုတွေကို တွေ့ရလို့ သဂြိုဟ်လိုက်ကြရပါတယ်၊ အဲဒီအချိန်ကတည်းက ဒီနေရာက ကျတ်ကုန်းကြီး ဖြစ်နေခဲ့တာပါပဲ၊ နယ်ခံအလုပ်သမားတွေက ဒီနေရာရောက်တဲ့အခါ ကျတ်တွေ ဖမ်းစားမှာစိုးလို့ အသံမထွက်ဝံ့ကြပါဘူး ဆရာကြီး"

ဟု ပြောပြလေသည်။

ထိုအခါမှပင် တစ်ညလုံး စခန်းချနေသောလူများ ထူးထူးခြားခြား အသံတိတ်ဆိတ်နေသည်ကို သိရလေတော့သည်။

ပရလောကကို အယုံအကြည် မရှိသော ဥရောပသား တစ်ဦးအနေနှင့် ထိုကဲ့သို့ ဆန်းကြယ်မှုမျိုးကို တွေ့ရသောအခါ ယုံရအခက် မယုံရအခက် ဖြစ်နေလေတော့သည်။





# အခန်း(၁၀)

# ဟော်နန်းကုန်းမှ မိစ္ဆာစံအိမ်

ဂျေအိပ်ချ်ဝီလျံသည် မြန်မာနိုင်ငံ သစ်တောများအတွင်းသို့ ရောက်လာခဲ့ပြီး ဆင်များကို တာဝန်ယူရသောအခါ များစွာ စိတ်ဝင်စားမှု ရှိလေသည်။

နှစ်အတန်ကြာသောအခါ ဆင်များ၏အကြောင်းကို ကောင်းစွာနားလည်လာခဲ့သည်။

သူသည် အုပ်ချုပ်ရေးအရာရှိအဖြစ်နှင့် နှစ်ပေါင်း နှစ်ဆယ့်လေးနှစ်ကျော် ကြာမြင့်အောင် တာဝန်ထမ်းဆောင်ခဲ့သော ကာလတွင် ဆင်နှင့် ပတ်သက်သော အတွေ့အကြုံသစ်များ

ရရှိခဲ့လေသည်။

ဆင်ပေါင်းများစွာတို့နှင့် တွေ့ကြုံခဲ့ရပြီး လက်ပွန်းတတီး လည်း ရှိခဲ့လေသည်။

နှစ်ပေါင်း(၂၄)နှစ်ကျော်ကျော် အချိန်ကာလအတွင်း ဆင်အမျိုးအစားများစွာနှင့် ဆင်အကောင်ရေ ထောင်ပေါင်း များစွာတို့နှင့် ထိတွေ့ခဲ့ရသည်။

သူ့တစ်သက်တာမှာ ဆင်နှင့် ပတ်သက်ပြီး မတွေ့ကြုံ ဖူးသော အကြောင်းအရာ မရှိသလောက် များပြားလှသော် လည်း အချို့ကိုတော့ မမြင်ဖူး မတွေ့ဖူးခဲ့ပါချေ။

အခြားမဟုတ်ပေ. . . ။

သူ့ဘဝတလျှောက်လုံးမှာ ဆင်နှင့် ပတ်သက်သည့် မမြင်ဖူး မတွေ့ဖူးခဲ့သောအရာမှာ တစ်သက်တစ်ခါ တွေ့ရခဲလှ သည့် ဆင်ဖြူတော်၊

ဆင်အမြုတေနှင့် ဆင်စွယ်နက်တို့ပင်ဖြစ်သည်။

ဆင်စခန်းများတွင် ဆင်ဖြူတော် မွေးဖွားသည်ဟု သတင်းကြားသည်နှင့် ချက်ချင်းသွားကြည့်ခဲ့သည်။

တကယ့်လက်တွေ့မြင်ရသည့်အခါ ဆင်ဖြူတော်အစစ် မဟုတ်ပေ။

ဂန့်ဂေါဘက်တွင် ဆင်ဖြူတော် မွေးသည့်သတင်း ကြား သဖြင့် သွားကြည့်သောအခါ ဆင်ဖြူတော် မဟုတ်ပေ။

အဖြူရောင်သမ်းနေသည့် အမွေးများ ပါသည့် ဆင်နီ တစ်ကောင်ပင်ဖြစ်သည်။





ဝိလျှံအနေနှင့် ဥရောပသို့ မပြန်ခင် ဆင်နှင့် ပတ်သက် သည့် ထူးဆန်းမှုများကို တွေ့ဖူးချင်သည်။

ဖြစ်နိုင်ပါက ရယူပိုင်ဆိုင်ချင်လှသည်။

တစ်နေ့သ၌ သူ့ဆန္ဒပြည့်ဝစေမည့် သတင်းတစ်ခု ရောက်လာလေတော့သည်။ အခြားမဟုတ်ပေ။

သူထံသို့ လူတစ်ယောက် ရောက်လာပြီး သတင်းထူး တစ်ခု လာရောက်ပြောပြခြင်းဖြစ်ပေသည်။

ထိုလူမှာ ရှမ်းပြည်နယ်စပ်ဘက်မှ စော်ဘွားလူယုံတော် တစ်ဦးဖြစ်သည်။

"ဆရာကြီး. . . သူ့နာမည်က ခွန်မှိုင်းလို့ ခေါ်ပါတယ်၊ ကျိုင်းနယ်က စော်ဘွားကြီးတစ်ဦး၏လူယုံတော်တစ်ဦး ဖြစ်ပါ တယ်"

တပည့်တစ်ယောက်က ထိုလူကို ခေါ်လာပြီး သူ့ အကြောင်း ပြောပြလေသည်။

ခွန်မှိုင်းဆိုသူမှာ အသက်သုံးဆယ်ကျော်အရွယ်ခန့် ရှိ သော ရှမ်းအမျိုးသားတစ်ဦးဖြစ်လေသည်။

"ဒီလူက ဘာကြောင့် ဒီစခန်းကို ရောက်လာရတာလဲ၊ အလုပ်လိုချင်လို့လား"

"မဟုတ်ပါဘူး ဆရာကြီး၊ ဆင်စွယ်နက်အကြောင်း ပြောပြချင်လို့ပါ"

ထိုသို့ပြောသဖြင့် များစွာစိတ်ဝင်စားမိလေသည်။

ထို့ကြောင့် ထိုလူအား တဲအတွင်း ခေါ်ပြီး အကြောင်းစုံ

ပြောပြခိုင်းရလေသည်။

ခွန်မှိုင်းက ကျမိုင်းစော်ဘွားကြီးထံတွင် အတွင်းလူ တစ်ဦးဖြစ်သောကြောင့် ဖြစ်ကြောင်းကုန်စင် ပြောပြနိုင်ခေ သည်။ သူပြောပြသောအကြောင်းများမှာ အခြားမဟုတ်ပေ။

ကျမိုင်းစော်ဘွားလေး တောပစ်ထွက်ရာမှ အမှတ် မထင် ဆင်စွယ်နက်နှင့် ဆင်အမြီးတော ရလာခဲ့ပုံ၊

ဆင်စွယ်နက်ကို စော်ဘွားကြီးကို ပေးတော့ စော်ဘွား ကြီးက စေတီတည်ပြီး ဌာပနာထည့်ထားခဲ့ပုံ၊

ဆင်အမြီးတောကိုတော့ ကျမိုင်းစော်ဘွားက ယူထားခဲ့ပုံ

နောက်ပိုင်း ဟော်နန်းသို့ ဘီလူးများ ဝင်ရောက်လာပြီး သတ်စားသဖြင့် စော်ဘွားကြီးအပါအဝင် ဟော်နန်းမှာ ရှိကြ သောလူများ သေကျေပျက်စီးခဲ့ကြပုံ၊

အချို့လည်း ကြောက်လန့်ပြီး ဘေးလွတ်ရာ ထွက်ပြေး ကြရာတွင် သူလည်း ပါဝင်ခဲ့ကြောင်း ပြောပြလေသည်။ ထို စကားကြားသောအခါ ဝီလျှံမှာ များစွာအံ့သြနေလေသည်။

"ဘီလူးတွေက ဘယ်လိုရောက်လာတာလဲ"

"တောထဲမှာ စော်ဘွားလေးက ဆင်စွယ်နက်နဲ့ အမြီး တောကို လိုချင်တော့ ဘီလူးတွေဆီမှာ ကတိပေးပြီး ယူခဲ့ရတယ် လို့ သိရပါတယ်"

"ဒီလိုကတိပေးရုံနဲ့ ဘီလူးတွေက စားလို့ရသလား"

"ပရလောကသားတွေဟာ ကတိပေးပြီးရင် သူတို့ သဘောအတိုင်း လုပ်နိုင်ကြပါတယ်"





ဝီလျှံအနေနှင့် ပရလောကသားများနှင့် ပတ်သက်ပြီး ထူးဆန်းအံ့သြဖွယ်ကောင်းသော အကြောင်းအရာများကို မကြာ ခဏ တွေ့ကြုံခဲ့ဖူးပြီးဖြစ်သောကြောင့် ထွေထွေထူးထူးတော့ မပြောတော့ပေ။

"နောက်တော့ ဘာတွေဖြစ်သွားသလဲ"

"ဟော်နန်းတစ်ခုလုံး သေကျေပျက်စီးကြပြီး ထွက်ပြေး တဲ့လူတွေပဲ အသက်ချမ်းသာရာ ရပါတယ်၊

ဆင်စွယ်နက် ယူလာတဲ့ စော်ဘွားလေးလည်း ရန်ကုန် ကို ထွက်ပြေးသွားပါတယ်၊ နောက်တော့ သူတို့အားလုံး သေဆုံး သွားတယ်လို့ သတင်းကြားရပါတယ်"

"အတော်ထူးဆန်းတာပဲ. . . ဒါထက် သူတို့ ယူလာတဲ့ ဆင်စွယ်နက်ကရော တကယ်ပဲလား၊ အခု ဘယ်ရောက်သွားပြီ လဲ"

ဝီလျှံက သူသိချင်သောအချက်ကို မေးလိုက်သည်။

"ဆင်စွယ်နက် အစစ်အမှန် ဖြစ်တယ်လို့တော့ သိရပါ တယ်၊ အဲဒီဆင်စွယ်နက်ကို ဟော်နန်းကုန်းမြောက်ဘက် သေ ဘာယက္ခတောင်ပေါ်မှာ စေတီတည်ပြီး ဌာပနာ ထည့်ထားပါ တယ်"

"ဒါထက် ဆင်အမြီးတောကရော ဘယ်သူ့ဆီမှာလဲ"

"စော်ဘွားလေး ယူသွားတယ်လို့ သိရပါတယ်"

ထိုစကားကြားသောအခါ ဝီလျှံမှာ များစွာကျေနပ်သွား လေသည်။ သူ့မျှော်လင့်ချက်များ ပြည့်ဝတော့မည်ဟုလည်း

ဈေးလိုက်မိသည်။

သို့စေကာမူ သူကိုယ်တိုင်တော့ သွား၍မဖြစ်ပေ။

ကျမိုင်းနယ်မှာ ဝေးလံလှသောကြောင့် လက်ရှိတာဝန်ယူ အုပ်ချုပ်နေရသော သစ်တောစခန်း၊ ဆင်စခန်းများကို ပစ်ထားခဲ့ပြီး ထွက်သွား၍မရပေ။

သို့ကြောင့် စိတ်ချရသော လူယုံတော်တစ်ယောက်ကို နောက်လိုက်အချို့နှင့် လွှတ်လိုက်ရန်သာ စိတ်ကူးမိလေသည်။

ထိုသို့စဉ်းစားမိသည်နှင့် လက်ထောက်တစ်ဦးဖြစ်သော 'ကရစ်ပင်' ဆိုသူကို လွှတ်ရန် အကြံပေါ်သည်နှင့် ကရစ်ပင်ကို ခေါ်ပြီး တာဝန်ပေးလိုက်လေသည်။

ကရစ်ပင်မှာ စိတ်ကြမ်းလူကြမ်းနှင့် ဒေါသကြီးတတ်သူ တစ်ယောက်ဖြစ်လေသည်။

သူနှင့်အတူ နောက်လိုက်(၆)ယောက်ကိုပါ အဖော်ထည့်ပေးလိုက်သည်။

လက်နက်ခဲယမ်းနှင့် စားနပ်ရိက္ခာများလည်း ပြည့်စုံစွာ ပေးလိုက်လေသည်။

"ဆင်စွယ်နက်တစ်ချောင်း ရပြီးရင် နောက်ထပ်ကျန်နေသေးတဲ့ ဆင်စွယ်နက်တစ်ချောင်းကိုပါ ရအောင်ရှာဖွေခဲ့ပါ"

"စိတ်ချပါ"

ထို့နောက် လမ်းပြအဖြစ် ခွန်မှိုင်းကိုပါ တပါတည်း ခေါ်ပြီး ကျမိုင်းနယ်ဘက်သို့ ခရီးထွက်ခဲ့ကြလေသည်။

သူတို့စခန်းချနေသော ရွှေလီမြစ်များနှင့် ကျမိုင်းနယ်မှာ





နယ်စပ်တစ်ခုသာ ခြားသည်ဆိုသော်လည်း သုံးညအိပ်ခရီးလောက် သွားရလေသည်။

ကျမိုင်းသို့ ရောက်သောအခါ ဦးစွာ ဟော်နန်းပျက်ကြီးရှိရာသို့ အရင်သွားကြလေသည်။

လမ်းပြပေးသူ ခွန်မှိုင်း ပါလာသောကြောင့် အခက်အခဲမရှိ သွားနိုင်ကြပေသည်။

ဟော်နန်းကုန်းတဝိုက် ရောက်သောအခါ ထိုနေရာမှာပင် စခန်းချကြလေသည်။

"ဆရာ. . . ဒီနေရာမှာ ဘီလူးတွေ ရှိနိုင်သေးတယ်၊ သတိဝီရိယနဲ့ နေကြမှ ဖြစ်မယ်"

ခွန်မှိုင်းက သတိပေးလေသည်။

"ဘီလူးဆိုတာ ဘယ်လိုသတ္တဝါတွေလဲ"

ဥရောပသား ကရစ်ပင်က ဘီလူးဆိုသောဝေါဟာရကို နားမလည်သောကြောင့် မေးလိုက်သည်။

"ဘီလူးဆိုတာ လူသားစားတဲ့သတ္တဝါတွေပါ"

"တောထဲမှာတော့ လူသားစားတဲ့သတ္တဝါတွေ အများကြီး ရှိတာပဲ၊ ဘီလူးကိုတော့ မမြင်ဖူးသေးဘူး၊ တကယ်လို့ သူလာရင် သေနတ်နဲ့ ပစ်သတ်မှာပေါ့"

"ဘီလူးကို သေနတ်နဲ့ ပစ်လို့မရနိုင်ပါဘူး"

"သူတို့မှာ အစွမ်းသတ္တိ ရှိလို့လား"

"ရှိပါတယ်"

"မင်းပြောတာ ငါမယုံဘူး၊ တွေ့တဲ့အခါမှပဲ သိရတော့

မှာပဲ"

ဟု ကရစ်ပင်က ခပ်ပေါ့ပေါ့ပင် ပြောလေသည်။

သူတို့သည် ဟော်နန်းနှင့် စေတီတော်ရှိရာ တောင်ကုန်းကြားတစ်နေရာ၌ စခန်းချကာ အစားအသောက်များကို ချက်ပြုတ်စားသောက်ကြလေသည်။

ညအချိန်ရောက်သောအခါ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုက ဖုံးလွှမ်းလာသည်။ နှင်းစက်များ ကျလာသောကြောင့် ပို၍အုံ့မှိုင်းမှိုင်း ဖြစ်လာလေသည်။

ညဦးပိုင်းအချိန်တွင် မီးဖိုတစ်ခု ဖိုထားပြီး မီးလှုံရင်း လက်ဖက်ရည်ကြမ်း သောက်ရင်း စကားပြောနေကြလေသည်။

အတော်ကလေး ညဥ့်နက်လာသောအခါ ဘုရားကုန်းတော် ရှိရာဘက်မှ ဆင်အော်သံများ ကြားလာရသည်။

သို့ကြောင့် ကရစ်ပင်တို့အဖွဲ့မှာ အထိတ်တလန့် ဖြစ်သွားပြီး သေနတ်များကို အဆင်သင့် ပြင်လိုက်ကြသည်။

ဆင်အော်သံများကိုသာ ကြားနေရသော်လည်း အကောင်အထည်ကိုတော့ မမြင်ကြရပေ။

နှင်းများ ကွဲသွားသောအချိန်မှာတော့ ဘုရားကုန်းတော်ပေါ်မှာ လှုပ်ရှားသွားလာနေကြသော မည်းမည်းသဏ္ဌာန်အရိပ်ကို လှမ်းမြင်ရသည်။

အခြားမဟုတ်ပေ. . .။

ဆင်ကြီးများ စေတီတော်ကို ရစ်ပတ်သွားနေကြခြင်းပင် ဖြစ်သည်။





အကြီးဆုံးဆင်ကြီးက ရှေ့မှ သွားသောအခါ နောက်မှ ဆင်များက တန်းစီလိုက်သွားကြသည်။

တစ်ကောင်သွားရာနောက်မှ တစ်ကောင်က ညင်သာစွာ လိုက်သွားလေရာ ဂုဏ်ခြွေရလှပေသည်။

ကရစ်ပင်က အိတ်ထဲမှ အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်ပြီးကြည့်ရာ ဘုရားကုန်းတော်ပေါ်မှာ အမှန်ပင် ဆင်များ ရှိနေသည်ကို လှမ်းမြင်ကြရသည်။

ထိုဆင်များကို မြင်သောအခါ ကရစ်ပင်မှာ များစွာ အံ့ဩသွားလေသည်။

"ဆင်တွေအများကြီးပဲ. . . စွယ်စုံဆင်ကြီးတွေလည်း ပါတယ်၊ သေနတ်နဲ့ ပစ်သတ်ပြီး အစွယ်တွေ ဖြတ်ယူရအောင်"

"မလုပ်နဲ့ ဆရာ. . . ဒါ သာမန်ဆင်တွေ မဟုတ်ဘူး"

"သာမန်မဟုတ်လို့ ဘယ်လိုဆင်မျိုးတွေလဲ"

"ဝိညာဉ်တွေပါ"

"ငါမယုံဘူး. . . သေနတ်နဲ့ ပစ်ကြည့်မယ်"

"မပစ်ပါနဲ့ ဆရာ၊ ဒီလိုပစ်ရင် အန္တရာယ်တွေ ရောက်လာလိမ့်မယ်"

ခွန်မှိုင်းက အတန်တန် တားသော်လည်း ကရစ်ပင်က ယုံကြည်မှု မရှိပေ။

ထို့ကြောင့် အမဲပစ်သေနတ်ကို ကျည်ထိုးမောင်းတင်ပြီး နောက် ရှေ့ဆုံးမှာ ရှိနေသော စွယ်စုံဆင်ကြီးကို ချိန်ကာ ပစ်ချလိုက်လေသည်။

"ဒိုင်း. . ."

ပြင်းထန်သော သေနတ်သံက ပတ်ဝန်းကျင်တဝိုက် ပျံ့နှံ့သွားလေသည်။

မီးခိုးငွေ့များကြောင့် ခေတ္တမျှ ဝေဝါးသွားပြီး ပြန်ကြည် လာသောအခါ ကုန်းတော်ပေါ်မှာ ဆင်များ တစ်ကောင်မှ မရှိ တော့ပေ။

မကျေနပ်သဖြင့် တပည့်များကို စေလွှတ်၍ ကြည့် သော်လည်း ဆင်နှင့် တူသည့်သတ္တဝါပင် မတွေ့ရတော့ပေ။

ထိုအခါမှ ကရစ်ပင်လည်း ဇဝေဇဝါနှင့် လက်ခံလိုက်ရ လေတော့သည်။

ဤသို့ဖြင့် မည်သူမှ မအိပ်ဝံ့ဘဲ မီးပုံနံဘေးမှာ ထိုင် စောင့်နေကြစဉ် ညဉ့်နက်ပိုင်းရောက်သောအခါ တောစပ်မှ ခြေသံများ ကြားလာရသည်။

ဟော်နန်းပျက်ကြီးဆီမှ မီးရောင်များ လင်းလာပြီး အတွင်းမှာလည်း လူအများ သွားလာနေသည်ကို အတိုင်းသား လှမ်းမြင်ကြရသည်။

"ဟင်. . . စောစောက အထဲမှာ လူတွေ မရှိပါဘူး အခုမှ အိမ်ထဲကို လူတွေ ဘယ်က ရောက်လာကြတာလဲ"

ကရစ်ပင်က ဇဝေဇဝါနှင့် ရေရွတ်လိုက်သည်။

ကျန်လူများမှာလည်း ထူးဆန်းသောမြင်ကွင်းကြောင့် မျက်လုံးပြူးနေကြသည်။

ဟော်နန်းအတွင်းမှာ သွားလာနေကြသည့်လူများက





တော့ သူတို့လုပ်စရာရှိသည်များကိုသာ လုပ်နေကြပြီး မလှမ်း မကမ်းမှာ ကရစ်ပင်တို့ ရှိနေကြသည်ကိုပင် သတိပြုမိကြဟန် မတူပေ။ အတန်ကြာသောအခါ ဟော်နန်းပတ်လည်မှ ခြေသံ များ တောတိုးလာသံများ ကြားလာရသည်။

တောဆင်ရိုင်းများ တစ်ကျော့ပြန်လာလေသလားဟု လှမ်းကြည့်လိုက်တော့ မဟုတ်ပေ။

ချုံများအတွင်းမှ အမွေးစုတ်ဖွားနှင့် မည်းမည်း သဏ္ဌာန်များ ထွက်လာသည်ကို လှမ်းမြင်ရသဖြင့် သေနတ်များ ကို အဆင်သင့် ပြင်လိုက်သည်။

ထိုသဏ္ဌာန်များမှာ အခြားမဟုတ်ဘဲ ကြောက်မက်ဖွယ် ကောင်းသောဘီလူးများပင်ဖြစ်တော့သည်။

တောစပ်မှ ထွက်လာသောဘီလူးများမှာ မီးရောင်များ လင်းနေသော ဟော်နန်းအတွင်းသို့ ဝင်သွားကြသည်။

အချို့လည်း သူတို့ရှိနေရာအနီးမှ ဖြတ်သွားကြသော် လည်း သူတို့ကို လှည့်၍မျှ မကြည့်ပေ။

အတန်ကြာသောအခါ ဝင်သွားသောဘီလူးများက ဟော်နန်းအတွင်းမှာ သွားလာနေကြသောလူများကို လိုက်လံ ဖမ်းဆီးသတ်ဖြတ်စားသောက်ကြလေတော့သည်။

ဟော်နန်းအတွင်းမှ စူးစူးဝါးဝါး အော်ဟစ်သံများ ပေါ် ထွက်လာလေတော့သည်။

ခွန်မှိုင်းကတော့ မြင်နေရသောမြင်ကွင်းများမှာ ပရ လောကသားတို့၏ လှည့်စားနေမှန်း ရိပ်မိသော်လည်း ကျန်လူ

များကတော့ ထိုအကြောင်းကို မသိကြသောကြောင့် များစွာ ထိတ်လန့်နေကြသည်။

ကရစ်ပင်ကိုယ်တိုင် မျက်လုံးပြူးနေသည်။

"ဟိုမှာ လူတွေကို သတ်နေပါလား၊ ဘာကောင်တွေလဲ"

"ဘီလူးတွေပါပဲ"

"ဒီအတိုင်းကြည့်နေရင် သေကုန်မှာပေါ့၊ သေနတ်နဲ့ ပစ်မှ ဖြစ်မယ်ထင်တယ်"

"ဆရာ သေနတ်နဲ့ ပစ်လည်း ကျည်ဆန်ကုန်တာသာ အဖတ်တင်မှာပါ၊ အခုမြင်နေရတာ ဘီလူးအစစ်တွေ မဟုတ်ပါဘူး . . . ဝိဉာဉ်လောကသားတွေပါ"

ဟု ခွန်မှိုင်းက ပြောတော့မှ ငြိမ်သွားလေသည်။

အတန်ကြာသောအခါ အော်သံများ ငြိမ်ကျသွားပြီး မီးရောင်များလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားကာ အမှောင်ထုများက ယခင်အတိုင်း ပြန်ဖုံးသွားလေတော့သည်။

နောက်တော့ အော်ဟစ်သံများလည်း တိတ်ဆိတ်သွားပြီး ပုံမှန်အတိုင်း ပြန်ဖြစ်သွားလေတော့သည်။

ကရစ်ပစ်တို့တတွေမှာ မအိပ်ဝံ့ကြတော့ဘဲ တစ်ညလုံး စောင့်ကြည့်ကြသော်လည်း အရုဏ်တက်လာသည့်အချိန်အထိ နောက်ထပ်တစ်စုံတစ်ရာ မတွေ့ကြရတော့ပေ။





## အခန်း(၁၁)

# ဝိဉာဉ်ကြောင့် အသက်ဘေးမှ လွတ်ရသူ

နောက်တစ်နေ့မှာတော့ ခွန်မှိုင်းပြောပြသည့်အတိုင်း မြောက်ဘက်တောင်ကုန်းပေါ်မှာ တည်ထားသော စေတီရှိရာသို့ သွားကြလေသည်။

ထိုစေတီမှာ ကျမိုင်းစော်ဘွားကြီး တည်ထားခဲ့သော စေတီတော်ပင်ဖြစ်သည်။

ထိုစေတီတော် တည်ထားခဲ့သည်မှာ မကြာလှသေးပေ။

"ဒီဘုရားမှာ ဆင်စွယ်နက် ထည့်ထားတယ်ဆိုတာ

အမှန်ပဲလား"

"အမှန်ပါပဲ"

သို့ကြောင့် စေတီတော်ကို ဖြိုဖျက်ကာ ဆင်စွယ်နက်ကို ရှာဖွေကြသည်။

တစ်ရက်တုံးသော်လည်း ဌာပနာတိုက်ရှိရာသို့ မရောက်သဖြင့် ထိုကုန်းပေါ်မှာပင် တစ်ညအိပ်ကြရသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ပေါ်နန်းပျက်ကြီးဘက်မှ မီးရောင်များ လင်းလာပြီး နားမချမ်းသာစရာ အော်ဟစ်သံများ ကြားလာရသည်။

ပထမညက တွေ့ကြုံခဲ့ဖူးပြီးသောကြောင့် ဒုတိယညမှာတော့ သူတို့အတွက် အထူးအဆန်း မဖြစ်ကြတော့ပေ။

ထိုဘက်မှ အသံများ ပျောက်သွားသောအခါ မည်းမည်းသဏ္ဌာန်များက ခါတိုင်းညကကဲ့သို့ တောထဲ ပြန်ဝင်မသွားဘဲ သူတို့ရှိရာကုန်းဘက်သို့ တက်လာကြသည်။

၎င်းတို့ တက်လာနေသည်ကို မှုန်ဝါးသောအလင်းရောင်ဖြင့် လှမ်းမြင်နေကြရသည်။

ထိုကဲ့သို့ လှမ်းမြင်ရသောအခါ ကရစ်ပင်မှလွဲပြီး အခြားသူများမှာ ကြောက်ရွံ့တုန်လှုပ်နေကြသည်။

ကျမိုင်းပေါ်နန်းတစ်ခုလုံး ဘီလူးများရန်ကြောင့် သေကျေ ပျက်စီးကြသောအဖြစ်များကို သူတို့အနေနှင့် သတင်းကြားဖူးပြီး ဖြစ်သောကြောင့် များစွာကြောက်ရွံ့နေကြလေသည်။

ကရစ်ပင်ကတော့ သူကိုယ်တိုင်လည်း သေနတ်ကို မြင်





ထားပြီး ကျန်လူများကိုလည်း အဆင်သင့် မြင်ဆင်ခိုင်းထားလေသည်။

တဖြည်းဖြည်းနှင့် တောင်ကုန်းပေါ် တက်လာသော မည်းမည်းသဏ္ဌာန်များမှာ တစ်နေရာတည်းမှ မဟုတ်ဘဲ တောင်ကုန်းပတ်ပတ်လည်တွင် ရှိနေမှန်း သိသောအခါမှ ကရစ်ပင်ကိုယ်တိုင် မျက်လုံးပြူးသွားခြင်းဖြစ်သည်။

သို့သော်လည်း ထိုမည်းမည်းသဏ္ဌာန်များက သူတို့ရှိနေသောနေရာအထိတော့ တက်မလာကြပေ။

တောင်ကုန်းအောက်ခြေမှာ လာရပ်နေကြပြီး လှေကားထစ်များမှ အပေါ်သို့ တစ်ယောက်တော့ တက်လာလေသည်။

အနက်ရောင်အဝတ်အစားများနှင့် ဆံပင်ဖားလျား ချသားသော မဟူရာဒေဝီပင်ဖြစ်သည်။

သူမတစ်ယောက်တည်း တက်လာတာ မြင်တော့ ကရစ်ပင်ကိုယ်တိုင် အံ့ဩနေသည်။

သို့စေကာမူ တစ်ချက်ကလေးမှ အလစ်မပေးဘဲ လက်ထဲမှာ ကိုင်ထားသောသေနတ်ဖြင့် ချိန်ထားလေသည်။

မလှမ်းမကမ်းနေရာရောက်တော့ ကရစ်ပင်က လှမ်းပြောလိုက်သည်။

"မင်းဘယ်သူလဲ. . . ရှေ့တိုးမလာနဲ့၊ သေနတ်နဲ့ ပစ်လိုက်မယ်"

သို့သော်လည်း မဟူရာဒေဝီက သူပြောသည်ကို လုံးဝဂရုမစိုက်ဘဲ တောင်ကုန်းပေါ်အထိ တက်လာလေသည်။

"ရှင့်လက်ထဲမှာ ကိုင်ထားတဲ့လက်နက်က ကျွန်မတို့ ဘာမှ အန္တရာယ်မပေးနိုင်ပါဘူး"

"ဘာကွ"

"မယုံရင် စမ်းကြည့်လိုက်ပါလား"

ဟု ပြောသဖြင့် သေနတ်ဖြင့် ချိန်ကာ မောင်းဖြုတ်ချ လိုက်သည်။ သို့သော် ကျည်ဆန်မထွက်ဘဲ တချောက်ချောက်နှင့်သာ မြည်နေလေသည်။

"ရှင်က သတ်လို့မရပေမယ့် ကျွန်မသတ်ရင် ချက်ချင်း သေနိုင်တယ်ဆိုတာရော သိရဲ့လား"

ထိုစကားကြောင့် အနည်းငယ် တုန်လှုပ်သွားသည်။

"ရှင်တို့ ဆင်စွယ်နက်ကို လိုချင်လို့ ရှာနေတာ မဟုတ်လား၊ ဒီဆင်စွယ်နက်က ရှင်တို့ကို လူမျိုးတွေနဲ့ ထိုက်တန်တဲ့ ပစ္စည်းမဟုတ်ဘူး၊ အခုနေ ပြန်သွားရင် အသက်ချမ်းသာရာ ရနိုင်သေးတယ်၊ ရှေ့ဆက်တိုးရင်တော့ အားလုံးသေကြလိမ့်မယ်"

"ငါ ဒါတွေ မယုံဘူး၊ လိုချင်တာတော့ ရအောင်ရှာယူရမှာပဲ"

"ဒါကတော့ ရှင့်သဘောပဲပေါ့"

"ဒီဘုရားလိုဏ်ဂူထဲမှာ ဆင်စွယ်နက်တစ်ချောင်း ရှိတယ် မဟုတ်လား"

"ရှာကြည့်ရင်တော့ သိလိမ့်မပေါ့"

"ဒါထက် မေးပါရစေဦး၊ မင်းက ဆင်စွယ်နက်နဲ့ ဘယ်





လိုများ ပတ်သက်နေတာလဲ"

"သက်ဆိုင်သူတစ်ယောက်ပဲပေါ့"

"ဒါဖြင့် ကျန်တဲ့ဆင်စွယ်နက်တစ်ချောင်း ဘယ်မှာ ရှိတယ်ဆိုတာရော မင်းသိမှာပေါ့"

"ဒါကတော့ လိုချင်တယ်ဆိုရင်တော့ ကိုယ့်ဖာသာ ရှာကြပေါ့၊ ရှင်တို့နဲ့အတူ သစ္စာဖောက် လမ်းပြတစ်ယောက် ပါလာတယ် မဟုတ်လား"

ထိုစကားကြားသောအခါ ခွန်မှိုင်းမှာ မီးစနှင့် အတို့ခံလိုက်ရသကဲ့သို့ တစ်ကိုယ်လုံး တွန့်ကနဲ ဖြစ်သွားလေသည်။ အမျိုးသမီးရှိရာသို့ လှမ်းကြည့်လိုက်တော့ သူရှိရာသို့ စူးစူးရဲရဲ လှမ်းကြည့်နေသည်ကို မြင်ရသဖြင့် အခြားလူတစ်ယောက်နှင့် မျက်နှာကွယ်ထားလိုက်ရသည်။

ထို့နောက်မှာတော့ အမျိုးသမီးက အောက်ဖက်သို့ ပြန်ဆင်းသွားကာ မည်းမည်းသဏ္ဍာန်များနှင့်အတူ တောထဲ ပြန်ဝင်သွားလေတော့သည်။

သူတို့တတွေလည်း တစ်ညလုံး မအိပ်ဝံ့ကြဘဲ ထိုင်စောင့်ကြရပြန်သည်။

ထိုနေရာရောက်ကာမှ နှစ်ညမြောက် ညလုံးပေါက် အိပ်ရေးပျက်ကြခြင်းပင်ဖြစ်သည်။

နောက်တစ်နေ့နံနက်လင်းသောအခါ တူးလက်စ ဖြစ်သော စေတီလိုဏ်ခေါင်းပေါက်ကို ဆက်တူးကြသောအခါ နောက်ဆုံးမှာတော့ ဌာပနာသိုက်အတွင်းမှ ရတနာပစ္စည်းအချို့

နှင့် ဆင်စွယ်နက်ကို တွေ့ကြရသဖြင့် ထုတ်ယူကြလေသည်။

ကရစ်ပင်မှာ ဆင်စွယ်နက်ကို မြင်သောအခါ များစွာ အံ့ဩဝမ်းသာဖြစ်သွားလေသည်။

ပထမကတော့ အထက်အရာရှိတစ်ဦးဖြစ်သူ ဝီလျံ့ အမိန့်ကြောင့်သာ လာခဲ့ရသော်လည်း တကယ့်လက်တွေ့၌မူ ဆင်စွယ်နက် မရှိဟု ထင်မိလေသည်။

ယခုကဲ့သို့ တွေ့မြင်ရတော့မှ ဝမ်းသာသွားခြင်းဖြစ်လေသည်။

ဝမ်းသာခြင်းနှင့်အတူ အတွေးတစ်ခုလည်း ဝင်လာလေတော့သည်။

"ဒီဆင်စွယ်နက်ကိုသာ ဥရောပ ရောက်အောင် ယူသွားနိုင်ရင် ငါဟာ ဝီလျံ့နာသူဌေးတစ်ယောက်ဘဝကို မုချရောက်မှာ အမှန်ပဲ၊

အခုလို သက်စွန့်ဆံဖျား တောထဲမှာ နေရတဲ့ဘဝက လွတ်မြောက်မှာ အမှန်ပဲ၊

ငါတို့ အခုရောက်နေတဲ့နေရာက သွားရင် အိန္ဒိယ နယ်စပ်ကို ရောက်ဖို့ မခက်တော့ဘူး၊

အိန္ဒိယ ရောက်သွားရင်တော့ ငါသွားလိုရာ သွားနိုင်မယ့် အခွင့်အရေး ရနိုင်တယ်"

ဟူသောအတွေးပင်ဖြစ်လေသည်။

ထို့နောက်မှာတော့ ဌာပနာတိုက်အတွင်းမှ ရတနာပစ္စည်းများနှင့် ဆင်စွယ်နက်ကို ထုတ်ယူကြလေသည်။





အားလုံးပြီးမှ အလုပ်သမား(၆)ယောက်နှင့်ခွန်မှိုင်းတို့ကို သွားဆောင်သောစကားမျိုး သွင်းထားလေသည်။

"မင်းတို့တတွေ တောထဲတောင်ထဲမှာ အလုပ်လုပ်ကြရ ာ သိပ်ပြီးပင်ပန်းကြတယ်၊ ငါပြောတဲ့အတိုင်း ငါ့နောက်လိုက် ယ်ဆိုရင်တော့ ဆင်းရဲတွင်းက လွတ်မြောက်အောင် အကူ ညီပေးနိုင်ပါတယ်"

"ဆရာ ကောင်းမယ်ထင်လို့ စီစဉ်ပေးရင်တော့ ခိုင်းသမျှ ုပ်ပေးပါ့မယ်"

ဟု ကတိပေးကြလေသည်။

ထိုသို့ပြောဆိုပြီးနောက် ခွန်မှိုင်းက ဝင်ပြောလေသည်။

"ဆရာကြီးလိုချင်တဲ့ပစ္စည်းလည်း ရပြီဆိုတော့ ဒီနေရာ ာ ကြာကြာဆက်မနေသင့်ပါဘူး"

"ဘာကြောင့်လဲ"

"ဘုရားတည်ခဲ့တဲ့စော်ဘွားကြီးက သူတည်ခဲ့တဲ့ဘုရား ကို ဖြိုဖျက်ပစ်တာ ကြိုက်မယ်မထင်ပါဘူး၊ ညဘက်ရောက်တဲ့ ခါ လာပြီးအနှောင့်အယှက် ပေးနိုင်ပါတယ်"

ဟု သတိပေးသည်။

ထိုစကားကြားသောအခါ ကရစ်ပင်က သဘောကျစွာ ယ်နေလေသည်။

"မင်းတို့လူမျိုးတွေဟာ ယုံကြည်စွဲလန်းမှုတစ်ခုဆိုရင် ည်း မျက်စိမှိတ်ပြီး ယုံလိုက်ကြတာပဲ၊ နတ်ဝင်တဲ့လူ ပြော ည်း ယုံလိုက်တာပဲ၊ ဗေဒင်ဟောတဲ့လူ ပြောလည်း ယုံလိုက်

တာပဲ၊ စုန်းပယောဂဆိုလည်း ယုံလိုက်တာပဲ၊

ဒီလို ယုံကြည်မှုတွေအပြင် နောက်ဆက်တွဲတွေအ ကြောက်ရွံ့မှုတွေ များကြတာပဲ၊

တစ္ဆေသရဲဆိုတာ ဘာမှန်းမသိတဲ့လူကလည်း ကြောက် စရာရှိ ကြောက်နေတော့တာပဲ၊

ငါကတော့ မင်းတို့ ပြောတာတွေကို ယုံလည်းမယုံဘူး ကြောက်လည်း မကြောက်ဘူး"

ဟု ပြောရာ ခွန်မိုင်းတို့လည်း ဆက်မပြောသာတော့ပေ။

ထိုညကတော့ အနှောင့်အယှက် မတွေ့ရသော်လည်း နောက်တစ်နေ့မှာတော့ ဘုရားကုန်းတော် ရှိရာသို့ လူတစ် ယောက် ရောက်လာလေသည်။

အခြားသူ မဟုတ်ပေ။

စော်ဘွားလေး၏လူယုံတော် ဦးစိုင်းလူပင်ဖြစ်သည်။

စော်ဘွားလေး မကွယ်လွန်မီ ၎င်းရရှိထားသော ဆင် အမြူတေကို ဆင်စွယ်နက်နှင့် အတူပြန်ထားပေးရန် စေလွှတ် လိုက်သဖြင့် ကျိုင်းသို့ ပြန်ရောက်လာခြင်းဖြစ်ပေသည်။

သူရောက်လာသောအချိန်မှာ စေတီက ပျက်စီးနေ သည့်အပြင် ထိုနေရာတဝိုက်မှာပင် စခန်းချနေသော ကရစ်ပင် တို့လူစုနှင့် ပက်ပင်းတိုးလေတော့သည်။

သူ့ကို မြင်တော့ ခွန်မိုင်းက ကောင်းစွာမှတ်မိသော ကြောင့် ကရစ်ပင်ကို ပြောပြလေသည်။

"ခင်ဗျားက ဘယ်သူလဲ"





"ကျုပ်က ဒီဟော်နန်းရဲ့လူယုံတော်ကြီးဦးစိုင်းလူပဲ၊ မင်း တို့ကရော ဘယ်သူတွေလဲ"

"ကျုပ်တို့က ဆင်စွယ်နက် လာရှာတဲ့လူတွေပဲ"

"အော်. . . ဒါကြောင့် ဘုရားကို ဖျက်လိုက်ကြတာကိုး၊ လက်စသတ်တော့ လက်ထောက်ချတဲ့ အတွင်းသစ္စာဖောက် လည်း ပါလာမှတော့ ဒီလိုဖြစ်တာ ဘာဆန်းတော့မှာလဲ၊ မင်းကို တော့ စော်ဘွားကြီးက တမလွန်ဘဝကနေ ကျေနပ်မှာ မဟုတ် ဘူး ခွန်မိုင်း"

ဟု ပြောလိုက်လေသည်။

ထို့နောက်မှာတော့ ခွန်မိုင်းကပင် တိုးတိုးတိတ်တိတ် လက်ထောက်ချပေးလိုက်သဖြင့် ဦးစိုင်းလူကို ဖမ်းဆီးပြီး ရှာဖွေ သောအခါ စော်ဘွားလေး ပေးလိုက်သည့် ဆင်အမြူတေကိုပါ တွေ့သွားကြလေသည်။

ဆင်အမြူတေကို ယူပြီးနောက်တွင် ဦးစိုင်းလူကို ဖမ်း ဆီးထားပြီး ဆင်စွယ်နက် ရှိသောနေရာကို မေးမြန်းလေတော့ သည်။

"ဆရာကြီး. . . ဒီလူက စော်ဘွားလေးနဲ့အတူ တောထဲ ပါသွားပြီး ဆင်စွယ်နက် ရှိတဲ့နေရာကို ရောက်ခဲ့တဲ့လူပါပဲ၊ ဆင် စွယ်နက် ရှိတဲ့နေရာကို သိကြတဲ့လူနှစ်ယောက်အနက် စော်ဘွား လေးက အဝေးရောက်နေပြီဆိုတော့ သူ့ကို မေးရင် နေရာ သိနိုင်ပါတယ်၊

ဒါမှမဟုတ် သူ့ကို လမ်းပြပေးခိုင်းပါ"

ဟု ခွန်မိုင်းက ပြောသဖြင့် ဆင်စွယ်နက် ရှိသောနေရာကို နည်းအမျိုးမျိုးနှင့် စစ်မေးသော်လည်း ဦးစိုင်းလူက တစ်ခွန်းမျှ မပြောပေ။

ထို့ကြောင့် သူတို့နှင့် အတူခေါ် သွားရန်အတွက် ကြိုးဖြင့် တုပ်နှောင်ကာ ဖမ်းဆီးထားလေသည်။

ညအချိန်ရောက်သောအခါ ကရစ်ပင်တို့အဖွဲ့မှာ နှစ်ညတိုင်တိုင် မအိပ်ကြရသဖြင့် အလှည့်ကျ ကင်းစောင့်ပြီးနောက် ကျန်လူများက အိပ်ကြလေတော့သည်။

ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ ဦးစိုင်းလူကို ကြိုးတုပ်နှောင်ထားသောနေရာသို့ ဖြူဖြူသဏ္ဌာန်တစ်ခု ရောက်လာလေတော့သည်။

အစောင့်နှစ်ယောက်သာ မမြင်ရသော်လည်း ဦးစိုင်းလူကတော့ ထိုသဏ္ဌာန်ကို ကောင်းစွာမြင်တွေ့နေရသည်။

အနားရောက်လာတော့မှ ထိုသဏ္ဌာန်မှာ အခြားမဟုတ်ဘဲ ကျမိုင်းစော်ဘွားလေးမှန်း သိရတော့သည်။

သူ ရန်ကုန်က မထွက်ခင်က အသက်ရှင်လျက် ကျန်နေခဲ့သော ကျမိုင်းစော်ဘွားလေးမှာ သူထွက်သွားပြီး မကြာမီမှာပင် သေဆုံးသွားပြီးနောက် ဝိညာဉ်ဘဝနှင့် သူရှိရာသို့ ရောက်လာခြင်းဖြစ်ပေသည်။

ဦးစိုင်းလူမှာ သူကိုယ်တိုင်ကပင် အကျဉ်းသားဘဝရောက်နေရသည့်ကြားမှပင် အရှင်သခင်ဖြစ်သူ ကျမိုင်း စော်ဘွားလေးအတွက် များစွာစိတ်မကောင်းဖြစ်သွားမိသည်။





အတန်ကြာသောအခါ စော်ဘွားလေး၏ဝိညာဉ်က သူ့အနီးသို့ တစ်စုံတစ်ခုကို ပစ်ချပေးခဲ့ပြီး အဝေးသို့ ပြန်ထွက်သွားလေတော့သည်။

အခြားမဟုတ်ပေ. . .။

လက်သုံးတော် ဓါးမြှောင်တစ်ချောင်းပင်ဖြစ်သည်။

ဦးစိုင်းလူမှာ များစွာဝမ်းမြောက်သွားသည်။

အစောင့်နှစ်ယောက်၏အခြေအနေကို လှမ်းကြည့်လိုက်တော့လည်း ဦးစိုင်းလူကို ဂရုမစိုက်ကြဘဲ အိပ်ရေးပျက်ထားကြသော ဆောင့်ကြောင့်ထိုင်လျက်သားနှင့်ပင် ငိုက်မျဉ်းနေကြသည်။

ထိုအခွင့်အရေးကို အလွတ်မပေးဘဲ မနီးမဝေးမှာ ကျနေသောဓါးမြှောင်ကို ခြေထောက်ဖြင့် လှမ်းကော်ယူရာ အနားရောက်လာတော့မှ လက်ဖြင့် ယူ၍ ချည်နှောင်ထားသော နှောင်ကြိုးများအား ဖြတ်တောက်ပြီးနောက် လွတ်မြောက်သွားသောအခါ အမှောင်ထဲသို့ ထွက်ပြေးသွားလေတော့သည်။

ကရစ်ပင်တို့အဖွဲ့မှာ နောက်တစ်နေ့နံနက်လင်းမှ ဦးစိုင်းလူတစ်ယောက် လွတ်မြောက်သွားသည်ကို သိကြရလေတော့သည်။

သူတို့အနေနှင့် မမျှော်လင့်ဘဲ ဆင်အမြီးတကို ရလိုက်ကြသော်လည်း ဆင်စွယ်နက် ရှိသောနေရာကို သိသော လမ်းပြတစ်ဦး လွတ်သွားသောကြောင့် များစွာနစ်နာလှပေတော့သည်။

ထိုအဖြစ်အပျက်များမှာ ဒေါက်တာမင်းထင်ကျော်တို့

အဖွဲ့ ပောဉ်နန်းကုန်းသို့ ရောက်မလာခင် လပိုင်းအလိုလောက်က ဖြစ်ပွားခဲ့သော အဖြစ်အပျက်များပင်ဖြစ်ပေတော့သည်။





# အခန်း(၁၂)

# နတ်ကြမ်းသည့် မရဏသစ်ပင်

ယခုရေးသားမည့်အခန်းမှာတော့ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ထက် အချိန်စောစွာ ဆင်စွယ်နက်တစ်ချောင်း ရှာဖွေရန် ထွက်သွားကြသော ကရစ်ပင်တို့အဖွဲ့၏အန္တရာယ်ဆိုးများဖြင့် ကြုံတွေ့ရသောအကြောင်းပင်ဖြစ်ပေသည်။

ကရစ်ပင်အနေနှင့် ဆင်စွယ်နက်တစ်ချောင်းနှင့် ဆင်အမြီးတောကို ရထားပြီးဖြစ်ရာ ရိက္ခာအခြေအနေကို ကြည့်ပြီး ကျန်သောဆင်စွယ်နက်ကို လိုက်လံရှာဖွေကြည့်ရန် ဆုံးဖြတ်ထား

သည်။

အကယ်၍ ရိက္ခာကုန်ကာနီးအချိန်အထိ ရှာဖွေမတွေ့လျှင်တော့ ခရီးအတော်ဝေးနေပြီဖြစ်သော မိမိတို့ သစ်တောစခန်းရှိရာသို့ ပြန်လှည့်တော့မည်မဟုတ်ပေ။

ထိုနေရာမှတဆင့် နယ်စပ်မှ အိန္ဒိယဘက်သို့ ကူးသွားရန်သာ ဆုံးဖြတ်ထားပြီးဖြစ်ပေသည်။

သူခေါ်လာသောလူများမှာလည်း ခွန်မိုင်းတစ်ယောက်မှလွဲ၍ ကျန်(၆)ယောက်မှာ မြန်မာတစ်ယောက်မှ မပါလာပေ။

ရခိုင်ကုလားနှင့် ဟိန္ဒူကုလားများသာ ဖြစ်သောကြောင့် အိန္ဒိယဘက်သို့ ပြန်ကူးမည်ဆိုပါလျှင် မည်သူကမှ ငြင်းဆန်ကြမည် မဟုတ်ပေ။

အိန္ဒိယ ရောက်တော့မှ စေတီဌာပနာအတွင်းမှ ရလာသော ရွှေငွေရတနာအချို့ကို ခွဲဝေပေးလိုက်မည်ဟုလည်း စိတ်ကူးထားလေသည်။

ဤသို့ဖြင့် သူတို့သည် ဟော်နန်းကုန်းမှ အနောက်မြောက်ပိုင်း တောနက်အတွင်းသို့ ခရီးဆက်ကြလေသည်။

သူတို့နှင့် လမ်းပြမပါသောကြောင့် စိတ်မှန်းဖြင့် လိုက်လံ ရှာဖွေရသောကြောင့် ခရီးမတွင်လှပေ။

အမှန်တော့ ကရစ်ပင်၏ရည်ရွယ်ချက်မှာ ဆင်စွယ်နက်ကိုလည်း ခရီးသွားဟန်လွှဲ ရှာရင်း နယ်ခြားဘက်သို့ ဦးတည်သွားနေခြင်းပင်ဖြစ်သည်။

တောနက်အတွင်းမှ ဖြတ်သန်းကြရမှာတော့ အန္တရာယ်





အမျိုးမျိုးနှင့် တွေ့ကြရသည်။

အခြားမဟုတ်ပေ။

ဆင်ရိုင်းအုပ်များက သူတို့နောက်သို့ မကြာခဏ လိုက်လာခြင်းဖြစ်လေသည်။

အဘယ့်ကြောင့်ဆိုသော် . . .

၎င်းတို့ထံမှာ ဆင်စွယ်နက်နှင့် ဆင်အမြှေး ပါလာမှန်းကို တောဆင်ရိုင်းများက သဘာဝအလျောက် သိနေကြသောကြောင့် သဲကြီးမဲကြီး လိုက်ကြခြင်းဖြစ်လေသည်။

ဆင်အုပ်နည်းလျှင်တော့ သေနတ်များဖြင့် ပစ်ခတ်ကာ ခြောက်လှန့်မောင်းနှင်ပစ်၍ရသည်။

ဆင်အုပ်များလျှင်တော့ ဘယ်လိုမှ မောင်းနှင်မရဘဲ အတင်းလိုက်လေရာ အသက်လု၍ ထွက်ပြေးကြရသည်။

တောနက်ထဲတွင် ဆင်စွယ်နက် ပါသော ဆင်တစ်ကောင် ပေါက်ပြီဆိုသည်နှင့် ထိုဆင်ကို ထိုတောတစ်တောလုံးမှာ ရှိသောဆင်များ ဝိုင်းဝန်းစောင့်ရှောက်ပေးကြသည်။

ထိုဆင်ကို တောထဲမှာ ရှိသောဆင်မှန်သမျှ လာရောက်စောင့်ရှောက်ပေးကြရာ ၎င်းနံဘေးမှာ အခြားဆင်အရွယ်စုံ ရာပေါင်းများစွာ ရှိနေတတ်သည်။

ထိုဆင် သွားလေရာနောက်သို့ တကောက်ကောက် လိုက်ကာ အထပ်ထပ် ဝန်းရံကာကွယ်ထားကြသည်။

ဆင်ပေါက်ကလေးများအတွက် တောထဲ၌ အန္တရာယ်အကြီးဆုံးမှာ ကိုးတောင်ကျားကြီးများဖြစ်သည်။

မုဆိုးများကလည်း ဆင်စွယ်နက် ရှိနေမှန်း သိပါက သဲကြီးမဲကြီး လိုက်လံပစ်ခတ်လေ့ရှိသည်။

ဆင်စွယ်နက် ပါသောဆင်ကို ဆင်အုပ်ကြီးက ဝန်းရံစောင့်ရှောက်နေသည့်အပြင် ပန်းဆင်ကြီးသုံးကောင်ကလည်း မနီးမဝေးနေရာမှ ဖိုခနောက်ဆိုင် စောင့်ကြည့်ပေးကြသည်။

ထိုဆင်ကြီးများမှာ စွယ်စုံကုန်းပြာသာဒ်ဆင်ကြီးများပင် ဖြစ်ပြီး ဆင်အုပ်များ၏ခေါင်းဆောင်များလည်းဖြစ်ကြလေသည်။

အကယ်၍ ရန်သူနှင့် တွေ့ပါက အခြားဆင်များ မတိုက်ခင်မှာပင် ထိုဆင်ကြီးသုံးကောင်တို့မှာ တစ်ကောင်ပြီးတစ်ကောင် ရှေ့ဆင့်နောက်ဆင့် ရောက်လာပြီး အသက်အသေခံကာ ဝင်ရောက်တိုက်ခိုက်လေ့ရှိကြသည်။

သေနတ်သမားနှင့် တွေ့ပါက တစ်ကောင်လဲကျသွားလျှင် ကျန်တစ်ကောင်က အသက်အသေခံကာ ပြေးတက်လာပြီး ရန်သူကို တိုက်ခိုက်တတ်သည်။

ဆင်အုပ်တစ်အုပ်လျှင် ရန်သူကို စောင့်ကြည့်ပေးသော ခေါင်းဆောင်ပန်းဆင်တစ်ကောင်ရှိပြီး အခြားဆင်များ အစာစားနေချိန်တွင် ထိုဆင်ကြီးများက မနီးမဝေးမှ စောင့်ရှောက်ပေးကြသည်။

ရန်သူလာလျှင်လည်း ၎င်းတို့ကပင် ဦးစွာမြင်လျှင်မြင်၊ မမြင်လျှင် အနံ့ရပြီး ကျန်ဆင်များကို သတိပေးလေ့ရှိသည်။

အကယ်၍ ရင်ဆိုင်တွေ့လျှင်လည်း ၎င်းတို့ကပင် ဦးစွာ ဝင်ရောက်တိုက်ခိုက်လေ့ရှိကြသည်။





ဆင်ဖြူတော်၊ ဒါမှမဟုတ် ဆင်စွယ်နက် ပါသော ဆင်တစ်ကောင်ဆိုလျှင်တော့ ထိုပန်းဆင်ကြီးမျိုးသုံးကောင်တို့က ဖိုခနောက် ဆိုင်အနေအထားမျိုးဖြင့် ဝန်းရံစောင့်ရှောက်ပေးကြလေသည်။

ယခုလည်း ကရစ်ပင်တို့ဆီမှာ ဆင်စွယ်နက်တစ်ချောင်းနှင့် ဆင်အမြှုတေ ပါလာသောကြောင့်ပေလား မပြောတတ်ပေ။

သူတို့သွားလေရာနောက်သို့ ဆင်များက တကောက်ကောက် လိုက်နေကြသည်။

သူတို့ကို ရန်မူခြင်း မရှိသေးသော်လည်း သူတို့နှင့် မနီးမဝေးနေရာမှာတော့ ဆင်အကောင်ရေပေါင်း မြောက်များစွာတို့ ရှိနေပုံရသည်။

အော်သံများနှင့် တောတိုးသံများကို အတိုင်းသား ကြားနေရသည်။

"ဆရာကြီး. . . ကျွန်တော်တို့နောက်ကို ဆင်တွေ လိုက်လာကြပြီ၊ ဘယ်လိုလုပ်ကြမလဲ"

"အို. . . ငါတို့မှာ သေနတ်တွေ ပါတာပဲ၊ တွေ့တာနဲ့ သေနတ်နဲ့သာ ပစ်ကွာ"

"ဒီလောက်များတဲ့ဆင်တွေကို ကျွန်တော်တို့မှာ ပါတဲ့ သေနတ်လောက်နဲ့ ရနိုင်ပါ့မလား"

ကရစ်ပင်တို့အဖွဲ့မှာ သေနတ်သုံးလက်နှင့် ကျည်ဆန်အချို့ ပါလာသော်လည်း အားကိုးလောက်သော အနေအထားမျိုးတော့ မရှိပေ။

"ဒီလောက်ကြောက်မနေကြနဲ့၊ မင်းတို့ ငါပြောတာကို နားထောင်ကြ၊ အခုအခြေအနေရောက်မှတော့ ငါတို့တတွေ နောက်ကြောင်းပြန်လှည့်ဖို့ မလွယ်တော့ဘူး"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ ဆရာကြီး"

"ဒီကနေ ရှေ့ကို ဆက်သွားမယ်၊ အိန္ဒိယနယ်စပ်ရောက်တာနဲ့ အိန္ဒိယကို ကူးသွားကြမယ်. . . မကောင်းဘူးလား"

"ဟင်. . . သစ်တောစခန်းကို မပြန်တော့ဘူးလား ဆရာကြီး"

"ပြန်လို့မဖြစ်တော့ဘူး. . . ငါတို့မှာ ရိက္ခာလည်း သိပ်မကျန်တော့ဘူး"

"ဟိုကို သွားတာတော့ ဟုတ်ပါပြီ၊ အိန္ဒိယ ရောက်တော့ ဘာလုပ်ပြီး ဘယ်လိုစားရမှာလဲ ဆရာကြီး"

"ဒီအတွက် စိတ်မပူကြပါနဲ့ကွာ၊ မင်းတို့အတွက်လည်း စဉ်းစားထားပြီးသားပါ၊ ငါတို့ဌာပနာတိုက်ထဲက ရွှေငွေရတနာတွေကို မင်းတို့ကို ခွဲပေးပါ့မယ်၊ ဟိုရောက်တော့ ရင်းနှီးစားသောက်ကြပေါ့၊ မင်းတို့လည်း တောထဲမှာ လုပ်စရာ မလိုတော့ဘူး၊

အဲ. . . ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ငါ့အပေါ်မှာတော့ သစ္စာဖောက်ဖို့ စိတ်မကူးကြနဲ့နော်"

"စိတ်ချပါ ဆရာကြီး"

ခွန်မှိုင်းအပါအဝင် နောက်မှာ ပါလာသော အလုပ်





သမားများမှာ ကရစ်ပင်စကားကြောင့် ကျေနပ်သွားကြလေသည်။

ဤသို့ဖြင့် ခရီးဆက်ကြရာ နေဝင်ကာနီးအချိန် ရောက်သောအခါ တောင်ကုန်းတစ်ခုပေါ်မှာ ပေါက်နေသော တောင်သရက်ပင်ကြီးတစ်ပင် ရှိရာသို့ ရောက်သွားကြသည်။

တောင်သရက်ပင်ကြီးမှာ တောင်ကုန်းပေါ်မှာ တစ်ပင်တည်း ထီးထီးကြီး ရှိနေပြီး လူနှစ်ဖက်သုံးဖက်ခန့် ကြီးမားလေသည်။

အပင်အောက်ခြေမှာ ပြောင်ချောနေသော်လည်း အပေါ်ပိုင်းမှာတော့ အကိုင်းအခက်များဖြင့် ဝေဝေဆာဆာ ရှိနေလေသည်။

အောက်ခြေဘက်မှ လှမ်းကြည့်စဉ်က သစ်ပင်အောက်၌တွင် နတ်ကွန်းနှင့် တူသော အဆောက်အအုံပျက်တစ်ခုကိုလည်း လှမ်းမြင်ရသည်။

ထိုနေရာရောက်တော့ နောက်မှ လိုက်လာကြသော ဆင်များက ဆက်လိုက်မလာတော့ဘဲ အတော်ဝေးဝေးမှာ ကျန်နေခဲ့ကြသည်။

ဘာကြောင့် ထိုနေရာသို့ ဆက်မလိုက်လာကြသည်ကိုတော့ သူတို့ မသိကြပေ။

ထိုသစ်ပင်ကြီးနှင့် နတ်ကွန်းနှင့် ပုံသဏ္ဌာန်တူသော အဆောက်အဦးပျက်ကို မြင်သောအခါ နောက်မှ ပါလာသော ကုလားများမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။

"အချိန်လည်း မရှိတော့ဘူး၊ ဒီညတော့ ဒီနေရာမှာပဲ စခန်းချကြမယ်"

ဟု ပြောဆိုကာ တောင်ကုန်းပေါ်သို့ တဖြည်းဖြည်း တက်သွားကြသည်။

တောနက်အတွင်းမှာ ဖြစ်သော်လည်း တောင်ကုန်းပေါ်သို့ အလွယ်တကူ တက်နိုင်ရန် လမ်းကလေးများ ရှိနေသည်ကို အံ့သြဖွယ်ရာ တွေ့ကြရသည်။

တောင်ကုန်းထိပ်ပေါ် ရောက်သွားသောအခါ ပိုမိုအံ့သြဖွယ်ကောင်းသောမြင်ကွင်းများကို တွေ့ရလေသည်။

အခြားမဟုတ်ပေ။

သစ်ပင်ကြီး၏ပတ်လည်နေရာများတွင် ပြန့်ကျဲနေသော လူအရိုးစုများကို တွေ့ရလေသည်။

နတ်ကွန်းနှင့် တူသော အဆောက်အဦးမှာလည်း ဟောင်းနွမ်းပြိုပျက်လျက်ရှိနေလေသည်။

ထိုနေရာသို့ ရောက်သောအခါ ကုလားအလုပ်သမား (၆)ယောက်တို့မှာ နတ်ကွန်းနှင့် သစ်ပင်ကြီးကို ရှိခိုးပူဇော်ပြီး ဆုတောင်းမှုများ ပြုကြလေသည်။

ဒူးထောက်၍ လက်ဝါးနှစ်ဖက်ကို မြေကြီးပေါ် ချကာ ထိုပေါ်သို့ နဖူးတင် မျက်နှာအပ်ကာ အချိန်အတော်ကြာသည် အထိ ဆုတောင်းပတ္ထနာပြုနေကြသည်။

၎င်းတို့၏အမူအယာမှာ သစ်ပင်ကြီးနှင့်နတ်ကွန်းကို များစွာကြောက်ရွံ့နေကြဟန်ရှိသည်။





ကရစ်ပင်ကတော့ ထိုမြင်ကွင်းကို ကြည့်ပြီး နားမလည်နိုင်အောင်ဖြစ်နေတော့သည်။

"အဲဒါ ဘာလုပ်နေကြတာလဲ"

"ဒီသစ်ပင်နဲ့နတ်ကွန်းဟာ ကျွန်တော်တို့ဟိန္ဒူလူမျိုးတွေ ဆုတောင်းတဲ့သစ်ပင်ကြီးဖြစ်ပါတယ်၊

ဒီသစ်ပင်ပေါ် တက်ပြီး လိုတဲ့ဆု တောင်းရင် ရပါတယ်၊ နတ်တွေရဲ့အသံတွေကိုလည်း ကြားရပါတယ်၊ နတ်တွေကိုလည်း မြင်ရပါတယ်"

ဟု ပြန်ပြောသည်။

သစ်ပင်ကြီးကို အသေအချာ ကြည့်သောအခါ သစ်ပင်အခေါက်များကြားမှ ရွှေစကလေးများ ရှိနေသေးသောကြောင့် တစ်ချိန်က ထိုသစ်ပင်၏ပင်စည်ကို ရွှေချထားဟန်ရှိပြီး နှစ်ပေါင်းများစွာကြာသောအခါ လေမိုးဒဏ်များကြောင့် ပျောက်ပျက်သွားဟန်ရှိသည်။

ထို့ပြင် သစ်ပင်ကြီး၏ပင်စည်တွင် သစ်ပင်ထိပ်ဖျားပေါ်သို့ အလွယ်တကူ တက်ရောက်နိုင်ရန် သံကွင်းငုတ်များ အနေတော် ရိုက်သွင်းထားလေသည်။

ထိုသံကွင်းမှာ အောက်ခြေမှစ၍ နှစ်ပေခြားတွင် တစ်ကွင်းရိုက်သွင်းထားပြီး သစ်ပင်ထိပ်ဖျားအထိ ရှိနေလေသည်။

ထိုသို့ပြုလုပ်ထားပုံမှာ ပျားတက်သမားများ အသုံးပြုသောစို့များနှင့် သဏ္ဍာန်တူပေသည်။

ကရစ်ပင်ကတော့ သူတို့ပြောနေသောစကားများကို

ဂရုမစိုက်ဘဲ ဒီညအဖို့ ဘေးအန္တရာယ်ကင်းကင်းနှင့် အနားယူဖို့ ရန်သာ စိတ်ကူးနေသည်။

သစ်ပင်အောက်မှာ အိပ်လျှင် ရုတ်တရက် ဆင်များ ဝင်ရောက်လာပါက ခုခံရန် ခက်မည်ဖြစ်သဖြင့် သစ်ပင်ပေါ်မှာ တက်အိပ်ရန် ဆုံးဖြတ်လိုက်လေသည်။

"ငါတို့ ဒီကနေ့ည ဒီသစ်ပင်ပေါ်မှာ တက်နေကြမယ်"

"ဒီသစ်ပင်ပေါ် တက်လို့မဖြစ်ပါဘူး ဆရာကြီး၊ ဒီသစ်ပင်က ဆုတောင်းတဲ့လူတွေသာ တက်ခွင့်ရှိပါတယ်၊ မသက်ဆိုင်တဲ့လူတွေ တက်ရင် အန္တရာယ်ရှိလာပါလိမ့်မယ်"

ကုလားအလုပ်သမားများက ပြောသည်။

၎င်းတို့အမူအယာမှာလည်း ကြောက်ရွံ့ထိတ်လန့်နေကြဟန်ရှိလေသည်။

"ဘယ်သူတွေက အန္တရာယ်ပေးမှာလဲ"

"နတ်တွေက အန္တရာယ်ပေးပါလိမ့်မယ်"

"အခုအချိန်မှာ ဒီတိုင်းပြည်နဲ့နယ်မြေတွေကို ပိုင်ဆိုင်ကြတာ ငါတို့လူမျိုးတွေပဲ၊ လောလောဆယ် ငါတို့အမိန့်တွေကို ဘယ်သူမှ မလွန်ဆန်ဝံ့ဘူး၊ ဒီတော့ မင်းတို့ ငါပြောတဲ့အမိန့်ကိုသာ နာခံရမယ်၊ ကျန်တာတွေ ဘာကိုမှ ဂရုစိုက်စရာ မလိုဘူး"

ဟု ပြောသဖြင့် အလုပ်သမားများလည်း ကရစ်ပင်ကို ကြောက်ရသောကြောင့် ဘာမှထပ်မပြောဝံ့ကြတော့ပေ။

နေဝင်သွားသောအခါ ကရစ်ပင်နှင့်ခွန်မှိုင်းတို့က သစ်ပင်ပေါ်သို့ အရင်တက်ကြလေသည်။





ထို့နောက်မှာတော့ ရခိုင်ကုလားသုံးယောက်ကပါ သစ်ပင်ပေါ်သို့ တက်လိုက်သွားကြသည်။

ကျန်ကုလား သုံးယောက်ကတော့ သစ်ပင်ပေါ်သို့ တက်ဝံ့သောကြောင့် သစ်ပင်အောက်မှာပင် ကျန်ခဲ့ကြလေသည်။

ကရစ်ပင်တို့ကတော့ သစ်ပင်ပေါ် ရောက်သည်နှင့် သစ်ပင်ခွကြားများမှာ နေရာယူကြလေသည်။

ထိုသစ်ပင်ကြီးမှာ တောထဲတွင် အမြင့်ဆုံးသစ်ပင်များထဲတွင် တစ်ပင်အပါအဝင်ဖြစ်သဖြင့် ထိုအပင်ပေါ်မှ ကြည့်လျှင် အဝေးသို့ လှမ်းမြင်ရသည်။

သစ်ပင်ပေါ်မှာ လေတိုက်နှုန်း ရှိနေသောကြောင့် ပြုတ်ကျမသွားစေရန် ကြိုးများဖြင့် ခါးကို သိုင်းချည်ထားကြသည်။

ညဥ့်နက်ပိုင်းရောက်သောအခါ လေတိုက်နှုန်းက ပိုများလာသည်။

သစ်ပင်ပေါ် ရောက်နေသော ကုလားသုံးယောက်တို့မှာ သမ်းမှာကတည်းက အသင့်ယူဆောင်လာသော ဆေးခြောက် အနည်းငယ်စီ ရှူထားကြရာ သစ်ပင်ပေါ်မှာ လေတိုက်သောကြောင့် အေးလာသည့်အခါ ဆေးခြောက်အရှိန်က တဖြည်းဖြည်း တက်လာတော့သည်။

အောက်သို့ ပြုတ်ကျမသွားစေရန် ခါးကို ကြိုးဖြင့် ချည်ထားသော်လည်း မူးဝေစ ပြုလာကြလေသည်။

အောက်ဖက်မှာ နေလျှင် ဆေးခြောက်အရှိန်က မသိ

သာသော်လည်း သစ်ပင်ပေါ် ရောက်ပြီး အအေးဓါတ်နှင့် တွေ့သောအခါ ပိုမှုးလာခြင်းဖြစ်သည်။

ခဏကြာတော့ ကုလားတစ်ယောက်က ဗလုံးဗထွေးနှင့် ပြောသည်။

၎င်းက ကုလားဘာသာစကားဖြင့် ပြောသဖြင့် ကရစ်ပင်က နားမလည်ပေ။

"ငါ့နားထဲမှာ နတ်တွေရဲ့သီချင်းသံတွေ ကြားနေရတယ်"

"ဟုတ်တယ်. . . ငါလည်း သူတို့ ပြောနေတဲ့စကားသံတွေကို ကြားရတယ်"

"ဒါတင် ဘယ်ကမလဲ. . . တိမ်တိုက်တွေ မြူခိုးတွေကြားမှာ ရှိနေတဲ့ နတ်တွေရဲ့ဘုံဗိမာန်တွေကိုတောင် လှမ်းမြင်နေရပြီ"

"ဟော. . ပြောရင်းဆိုရင်း နတ်တွေ ငါတို့ဆီကို လာနေကြပြီ၊ ငါတို့ကို သူတို့ဆီ လာဖို့ ခေါ်နေပြီ"

"ဟုတ်တယ်. . . ငါတို့ နတ်တွေနဲ့ အတူနေဖို့ အခွင့်အရေး ရတုန်း အမြန်သွားကြစို့"

ဟု ပြောဆိုကာ ခါးမှာ ချည်ထားသောကြိုးများကို အလျင်အမြန် ဖြုတ်ကြလေသည်။

"ဟေ့. . ဟေ့. . ငြိမ်ငြိမ်နေကြလေကွာ၊ ဘာလုပ်နေကြတာလဲ"

ခွန်မှိုင်းက မေးသည်။





"ငါတို့ကို နတ်တွေက လာခေါ်နေပြီ၊ သွားတော့မယ်"


ဟု ပြောကာ တစ်ယောက်က သစ်ပင်အောက်သို့ ခုန်ချသွားလေတော့သည်။

နောက်နှစ်ယောက်ကလည်း နောက်မှ လိုက်ပြီးခုန်ချရန် ပြင်နေလေပြီ။

"ဟေ့. . . ဘာလုပ်ကြတာလဲ၊ ငြိမ်ထိုင်နေကြစမ်း"

ဟု ကရစ်ပင်က လှမ်းအော်ပြောသော်လည်း မရတော့ပေ။ ကုလားနှစ်ယောက်မှာ တစ်ယောက်ပြီးတစ်ယောက် ရှေ့ဆင့်နောက်ဆင့်အောက်သို့ ခုန်ချသွားရာ ၎င်းတို့၏အော်သံများကို သဲ့သဲ့ကလေးမျှသာ ကြားလိုက်ရလေတော့သည်။

ကရစ်ပင်အနေနှင့် ဘာမှမတတ်နိုင်တော့ပေ။








# အခန်း(၁၃)

# ထူးဆန်းသော နတ်ကိုးကွယ်မှုဓလေ့များ



ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ ဟော်နန်းပျက်ကြီးနှင့် စေတီတော် တည်ထားသော ကုန်းတော်တစ်ဝိုက်တွင် သုံးရက်ခန့် နေထိုင်ကြလေသည်။

စေတီတော် ဌာပနာသိုက်အတွင်းမှ ဆင်စွယ်နက်နှင့် ရတနာပစ္စည်းများကို ကရစ်ပင်တို့အဖွဲ့မှ တူးယူသွားကြောင်း သိရသောအခါ ၎င်းတို့နောက်သို့ ခြေရာခံ လိုက်သွားကြလေသည်။

☺ အောင်မြင်စာပေ ☺

သူတို့အဖွဲ့မှာ လမ်းပြပေးမည့်သူ ဦးစိုင်းလူ ပါလာသောကြောင့် ခရီးတွင်ပေသည်။

ထို့ပြင် ကရစ်ပင်တို့ သွားသော လမ်းကြောင်း တလျှောက်တွင် တောထဲမှာ ရှိသောဆင်အုပ်ကြီးက တကောက်ကောက်နှင့် နောက်က လိုက်သွားမှန်း သိရသောအခါ များစွာအံ့သြကြလေသည်။

"သူတို့နောက်ကို ဆင်တွေအများကြီး လိုက်သွားတဲ့ပုံပေါ်တယ် ဆရာကြီး၊ ဒီမှာ ခြေရာတွေ အများကြီးတွေ့ရတယ်"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်လေသည်။

"သူတို့ဆီမှာ ဆင်အမြူတေနဲ့ ဆင်စွယ်နက် ပါသွားမှတော့ ဆင်ရိုင်းတွေနောက်ကနေ လိုက်သွားတာ ဘာဆန်းသလဲကွယ်၊ မကြာခင်မှာ အဲဒီဆင်တွေကြောင့် သူတို့ ဒုက္ခတွေ့ကြလိမ့်မယ်"

ဟု ဆရာကြီးသူရဋ္ဌက ပြောသည်။

ရှေ့မှ လူများ သွားနေသောဘက်မှာလည်း စော်ဘွားလေးနှင့်ဦးစိုင်းလူတို့ ဆင်စွယ်နက် ရှာတွေ့ခဲ့သောနေရာဘက်ပင် ဖြစ်နေသောကြောင့် ထိုလမ်းအတိုင်းပင် ခရီးဆက်သွားကြလေသည်။

လမ်းတလျှောက်လုံးမှာတော့ အန္တရာယ်တစ်စုံတစ်ရာ မတွေ့ကြရသောကြောင့် ခရီးတွင်လှပေရာ သုံးရက်မြောက်သောနေ့တွင် နတ်ကွန်းရှိရာ မရဏသစ်ပင်ကြီး ရှိရာသို့ ရောက်သွားကြတော့သည်။





ထိုနေရာရောက်တော့ သစ်ပင်အောက်ခြေတွင် ပြန့်ကျဲနေသော လူအရိုးစုများအပေါ်မှာ မကြာသေးမီအချိန်ကမှ သေဆုံးနေဟန်ရှိသော ကုလားသုံးယောက်တို့၏အလောင်းများကို တွေ့ကြရသည်။

ထိုကုလားများကို မြင်သော ဦးစိုင်းလူက တွေ့ဖူးမြင်ဖူးကောင်းစွာမှတ်မိလေသည်။

"ဒါ . . ဟိုမျက်နှာဖြူနဲ့ ပါလာတဲ့ ကုလားတွေပဲ၊ သူတို့ ဒီနေရာမှာ စခန်းချသွားပုံပဲ၊ ဘာကြောင့် သေသွားကြတာလဲ မသိဘူး"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က လူသေအလောင်းများအား အသေအချာ စစ်ဆေးကြည့်သည်။

အခြားဒဏ်ရာဒဏ်ချက် မတွေ့ရဘဲ သစ်ပင်ပေါ်မှ ကျသဖြင့် ခြေထောက်အရိုးများ အပိုင်းပိုင်း ကျိုးနေသည်။

ခါးဆစ်နှင့်ကျောရိုးဆစ်များလည်း ပြုတ်ထွက်နေလေပြီ။

ထိုဒဏ်ရာများဖြင့် သေဆုံးနေကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က သေဆုံးသူများ၏အခြေအနေကို အကဲခတ်ပြီး ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်သည်။ သစ်ပင်ကြီး၏အခြေအနေ၊ ပင်စည်မှာ တပ်ဆင်ထားသော သံကွင်းများ၊ အနည်းငယ် ကျန်နေသေးသော ရွှေစရွှေနများနှင့် နတ်ကွန်းအခြေအနေကို ကြည့်ပြီး တစ်စုံတစ်ခုကို သတိရသွားသည်။

"ဒီလူတွေ ဘာကြောင့် သေတာလဲ"

"သစ်ပင်ပေါ်က ပြုတ်ကျပြီး သေကြတာ"

"တစ်စုံတစ်ယောက်ကများ တွန်းချလိုက်တာလား"

"မဟုတ်ဘူး. . . သူတို့ဘာသာ ခုန်ချပြီးတော့ သတ်သေသွားကြတာ"

"ဟင်. . . ဘယ်လိုဖြစ်တာလဲ ပြောပြပါဦး"

"ဒီအဖြစ်အပျက်တွေဟာ နတ်ကိုးကွယ်မှု အယူသီးသူတွေရဲ့လုပ်လေ့ရှိတဲ့လုပ်ရပ်တစ်ခုပဲ၊ လွန်ခဲ့တဲ့နှစ်ပေါင်း(၃၀၀)ကျော်အချိန်လောက်ကတည်းက ခရစ်ယာန်သာသနာ့ပြု ဘုန်းကြီး မန်ရစ်က တွေ့ခဲ့လို့ မှတ်တမ်းတင်ထားခဲ့တာကို ကျွန်တော် ဖတ်ဖူးခဲ့တယ်"

(ထိုအကြောင်းများကို စာရေးဆရာမောရစ်ကောလစ်(Maurice Collis)ရေးသားသော (The Land of The Great Image)စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားပေသည်။

ပေါ်တူဂီလူမျိုးများပင် ရခိုင်ဘုရင်များထံမှ အခွင့်အမိန့်ရယူပြီး စစ်တကောင်းမြို့အနီးရှိ ထိုအခါက ရခိုင်ပြည်၏ နယ်စပ်မြို့ဖြစ်သော ဒီယင်္ဂါးမြို့(Dianga)ကို တည်ထောင်နေထိုင်ခဲ့ကြလေသည်။

အချို့သောပေါ်တူဂီတို့သည် ရခိုင်ဘုရင်၏အမှုတော်ကို ထမ်းရွက်ကြလျက် အချို့လည်း ဟံသာဝတီမင်း၏ကိုယ်ရံတော် အမြောက်တပ်၌ အမှုထမ်းကြလေသည်။

ထို့ပြင် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ကျွန်းအချို့





တွင်လည်း သီးခြားလွတ်လပ်သော ပေါ်တူဂီပိုင်နက်နယ်မြေများ ထူထောင်ခဲ့ကြသည်။

မန်ရစ်သည် ထိုအချိန်ကာလ၌ စိန့်တိုလင်တီနို ကျောင်းတိုက်တွင် ခရစ်ယာန်ရဟန်းတို့၏ ကျင့်ဝတ်နှင့်အညီ သီတင်းသုံးနေထိုင်ပြီး တစ်ဖက်တစ်လမ်းက ဟိန္ဒူစကားနှင့် ဟိန္ဒူစာပေများကို လေ့ကျက်သင်ကြားလေတော့သည်။

သို့ရာတွင် သူတွေ့ခဲ့ရသော ဟိန္ဒူတို့၏အယူသီးမှုများကြောင့် ဟိန္ဒူအယူဝါဒနှင့် ဗြဟ္မဏတို့၏ ဟိန္ဒူအဘိဓမ္မာကို တတ်ကျွမ်းလိုစိတ် မရှိတော့ချေ။

ဟိန္ဒူနတ်ကွန်းများ၏ပုံဟန်သွင်ပြင်ကို မြင်ရသောအခါ မန်ရစ်အဖို့ တအံ့တသြ ဖြစ်နေလေသည်။ ကြီးကျယ်ခမ်းနားပုံ၊ အနုပညာလက်ရာမြောက်ပုံ၊ ချမ်းသာကြွယ်ဝပုံများမှာလည်း ပြောမကုန်အောင်ရှိတော့သည်။ ကမ္ဘာ့အံ့ချီးဖွယ်ရာများထက်ပင် ပို၍အံ့ဖွယ်ကောင်းကြပေသည်။

၎င်းတို့အနက် ထိုနတ်ကွန်းတို့၌ ကျင်းပလေ့ရှိသော ပွဲလမ်းသဘင်များက ပို၍ထူးခြားလှ၏။

ယင်းပွဲတော်များအနက် ဩရိသနယ်၌ ကျင်းပလေ့ရှိသော ဂျဂါနတ်ပွဲတော်သည် အကြီးကျယ်ဆုံးနှင့် အရေးပါဆုံးဖြစ်တော့သည်။ ဂျဂါနတ်ပွဲတော်ကို ပင်လယ်ကမ်းခြေတွင် ကျင်းပလေ့ရှိရာ ဇွန်လတွင်ကျင်းပသောပွဲတော်သို့ မန်ရစ်ကိုယ်တိုင် သွားရောက်လည်ပတ်ခဲ့ဖူးလေသည်။

ရပ်ဝေးရပ်နီးမှ လာရောက်ကြကုန်သော ဘုရားဖူး ပရိ

သတ်များ၊ မွန်မြတ်သော လျှုဒါန်းဖွယ်ရာများ၊ လှပခမ်းနားစွာ အမျိုးမျိုး တန်ဆာဆင်ထားသော ယာဉ်ရထားကြီးကို လူအုပ်နှင့် ချီ၍ စီတန်းလှည့်လည်သော ဘုရားလှည့်ပွဲများ၊ တရားအား ထုတ်နေသော ယောဂီများနှင့် ဘုရားကို ကြည်ညိုရှိခိုးနေသော ဘုရားဖူး ပရိသတ်များ စသည်ဖြင့် တိုးမပေါက်အောင် စည်ကား လှလေသည်။

လူအုပ်ကြီးများသည် ဟိန္ဒူနတ်ကွန်း၏ အဝင်ဝသို့ ရောက်သောအခါ မိမိတို့ဘာသာဘာဝ ဆုတောင်းပတ္ထနာများကို ဆူဆူညံညံ ရွတ်ဆိုကြလျက် ဂါထာမန္တာန်တို့ကို ရွတ်ဖတ် သရဇ္ဈာယ်ကြလေသည်။

ဟိန္ဒူဘုရားလှည့်ရာတွင် အသုံးပြုသော ကျောင်းဆောင်တင်သည့် ယာဉ်ရထားမှာ လွန်စွာထုထည်ကြီးမား မြင့်မောက်၍ ပန်းပုကနုတ်ပန်းနွယ် ရုပ်လုံးများနှင့်တကွ အတော်ပင် ထူထဲလေးလံလှပေသည်။ ၎င်းကို ဂျဂါနတ်ယာဉ်ဟု ခေါ်သည်။

ဟိန္ဒူဘုရားလှည့်ပုံမှာ မြန်မာတို့ ဘုရားလှည့်ရာ၌ ကျောင်းဆောင်ကို လှပစွာ ဆင်ယင်၍ လှည်းနှင့် ဆွဲရသကဲ့သို့ ပင်ဖြစ်သည်။

သို့ရာတွင် ဟိန္ဒူတို့၏ကျောင်းဆောင်မှာ သာမန်အိမ် တစ်ဆောင်မက လေးလံလှသဖြင့် ထုထည်ကြီးမားကြံ့ခိုင်သော လှည်းဘီးကြီးများပေါ် တင်၍ လူပေါင်းများစွာ ဆွဲကြတွန်းကြရ သည်။

သို့နှင့် ဂျဂါနတ်ရထားယာဉ် ဆိုက်ရောက်လာသော





အခါ ဟိန္ဒူရသေ့ယောဂီများနှင့် ဘုရားဖူးတို့သည် ပါးစပ်က အမြုပ်ထွက်လုမတတ် ဆုတောင်းစာများ ရွတ်ဆိုရင်း လှည်းဘီး ရှေ့ကနေ၍ မြေပေါ် လှဲချပြီး လှည်းနင်း၍ အသေခံကြလေ သည်။

အချို့လည်း ဝင်ရိုးတိုင်တစ်ခုပေါ်တွင် ရဟတ်ကဲ့သို့ လည်နေသော ဘီးကြီးတစ်ခု၌ တပ်ဆင်ထားသော ငါးမြှားချိပ် ကဲ့သို့ ချိပ်ကြီးများ ရှိရာသို့ မိမိကျောပြင်ကို ချိပ်မိစေပြီး ချာလ ပတ် လည်ကာ သူတို့၏ခန္ဓာကိုယ်မှ လွင့်စဉ်လာသောသွေးများ နှင့် ဘုရားဖူး လာသော ပရိသတ်တို့ကို စွတ်စိုပေကျံစေလျက် လမ်းပေါ်သို့ ဘုံးဘုံးလဲကာ အသက်ပျောက် ရှာကြလေသည်။

ထို့ပြင် ဟီဂျလီမြို့နှင့် မျက်နှာချင်းဆိုင် တည်ရှိသော ဆောဂါးကျွန်း(Saugar)၌ တွေ့မြင်ခဲ့ရသော ဟိန္ဒူဘုရားပွဲ တစ်ခုမှာလည်း အတော်ပင် ထူးဆန်းလှသည်။

တစ်ချိန်က ဆောဂါးကျွန်း၌ ဟိန္ဒူနတ်ကွန်းများ ဖွေးဖွေး လှုပ်လျက် ရှိခဲ့သည်။

သို့ရာတွင် မကြာခဏဆိုသလို ဒီယင်းဂါးမြို့က ပေါ် တူဂီ ပင်လယ်ဓားပြများ လာရောက်တိုက်ခိုက်လုယက်ကာ လူ များကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ကျေးကျွန်အဖြစ် ရောင်းချ လေ့ရှိသဖြင့် မန်ရစ်ရောက်သွားသောအချိန်၌ လူသူကင်းဆိတ် လျက် နတ်ကွန်းများလည်း ပျက်စီးယိုယွင်းနေကြလေပြီ။

သို့ဖြင့် ပွဲတော်ချိန် ကျရောက်မှသာ ရပ်ဝေးက ဘုရားဖူး ပရိသတ်များ စုဝေးရောက်ရှိလာကြပြီး ထုံးတမ်းစဉ်လာအတိုင်း

ပွဲတော်ကျင်းပကြလေသည်။

သို့ဖြစ်၍ ထိုကျွန်းမှာ ပွဲတော်ရက် ရောက်သည့်အခါမှ သာ လူစည်ကားတော့သည်။

ထိုအခါ ပင်လယ်ဓားပြတို့၏အန္တရာယ်ကို သူတို့ မစိုးရိမ်ကြတော့ချေ။ မိမိတို့အယူဝါဒ၌ လွန်ကျွံစွာ အယူသီးလျက် ပွဲတော်ရက်အတွင်း အသက်ကိုပင် စွန့်ဝံ့နေကြရကား ပင်လယ်ဓားပြတို့ရန်ကို ထိုအချိန်၌ စိုးရွံ့ကြောက်လန့်ရမှန်း မသိတော့ချေ။

ဘုရားဖူးတို့သည် ပျက်စီးယိုယွင်းနေသော ဟိန္ဒူနတ်ကွန်းများသို့ ရောက်သောအခါ ရှေးဦးပထမ မိမိတို့၏ ဆံပင်၊ မုတ်ဆိတ် စသည်တို့ကို ရိတ်ဖြတ်သုတ်သင်ကြကုန်၏။

ထိုနောက် နတ်ကွန်းထဲက ရေကန်၌ ရေမိုးသန့်စင်ကြပြီး တစ်ကိုယ်လုံး ဆီနှင့် လိမ်းသုတ်ပွတ်နယ်ကြသည်။

ယင်းသို့ ကိုယ်လက်သန့်စင်ကြပြီးနောက် ယောကျ်ားရော မိန်းမပါ ဟိန္ဒူနတ်ရုပ် ထားသောအခန်းတွင်းသို့ ဝင်ရောက်ကြပြီး မလင်းတလင်း မီးရောင်အောက်တွင် နတ်ကွန်းယင်ပလ္လင်ခြေရင်း၌ နေရာယူကြလေသည်။

ထိုအချိန်၌ မွှေးကြိုင်သော ပန်းရနံ့များသည်လည်းကောင်း၊ နွဲ့သံ၊ ပုလွေသံ၊ ဗုံသံ၊ မောင်းသံ၊ ခရုသင်းသံမှစ၍ တီးမှုတ်မျိုးငါးပါးတို့၏ အသံများသည်လည်းကောင်း မိုးမွှန်အောင် လွှမ်းမိုးသွားလေတော့သည်။

သူတို့မှာလည်း စုန်း၊ ပယောဂ ပူးကပ်နေဘိသကဲ့သို့





မိမိတို့ခန္ဓာကိုယ်ကို ဘုရားသို့ လှူဒါန်းဆက်သကာ ယခုပင် ဘုရားသခင်က ခေါ်ဆောင်သွားတော့မတတ် မိမိတို့ စိတ်အာရုံကို ကောင်းကင်ဘုံ ပို့ထားလိုက်ကြတော့သည်။

နဖူးကို မြေတွင် ကပ်လျက် မိမိတို့အသက်ကို ဘုရားသခင်အား ဆက်သလှူဒါန်းရာ၌ ဘုရားသခင်က ကြည်ဖြူစွာ လက်သင့်ခံပါရန်အကြောင်း မျက်ရည်အသွယ်သွယ် ကျဆင်းအောင် ငိုယိုတောင်းပန်နေကြကုန်၏။

နောက်ဆုံး၌ ဘုရားသခင်က မိမိကို လက်ခံပြီဟု မိမိအာရုံထဲတွင် ထင်မြင်လာပြီးနောက် ဝမ်းမြောက်ဝမ်းသာ နေရာမှ ထလျက် သောင်ပြင်ဆီသို့ ပြေးဆင်းသွားလေတော့သည်။

သောင်စပ်ရှိ ပင်လယ်ရေထဲတွင်မူ ငါးမန်းကြီးငယ်တို့က အဆင်သင့် စောင့်မျှော်လျက် ရှိကြလေသည်။

အဆိုပါ မိန်းမ၊ ယောကျ်ားတို့ကား ငါးမန်းတို့၏ ဘေးရန်ကို ပဏာမ မထားဘဲ ရေထဲသို့ ရဲရဲဝံ့ဝံ့ ဆင်း၍ ရေနက်သည့်ဘက်သို့ တောက်လျှောက်သာ သွားနေကြလေသည်။

ထိုအခါ ငါးမန်းတို့သည် ထိုလူအုပ်ကြီးအကြားမှ ဘွားကနဲ ရေပေါ်သို့ ပေါ်ထွက်လာပြီး တွေ့ရာလူကို ဖမ်းယူစားသောက်လေတော့၏။

ထို့ကြောင့် မန်ရစ်က. . .

"သူတို့မှာ စားနေကျဖြစ်၍ လူသား၏အရသာကို သိနေကြသည့်အတိုင်း အာသာငန်းငန်း စားလိုစိတ် ပြင်းထန်နေကြပြီးလျှင် လူရိပ်ကို မြင်ရုံနှင့် တစ်ခါတည်း မြှောက်ခုန်၍ ဟပ်ကြ

တော့သည်။

ဟု ဖော်ပြထားလေသည်။

ဤမြင်ကွင်းမှာ အလွန်အသည်းထိတ်စရာကောင်းလှသည်။

သို့ရာတွင် တစ်ခါတစ်လေတော့လည်း ဘာမှ ကြောက်စရာ မကောင်းသကဲ့သို့ ရှိပြန်သည်။

ပွဲတော်ပြီးခါနီးလာသောအခါ ငါးမန်းတို့မှာ အစာဝနေကြပြီဖြစ်၍ ကမ်းစပ်တွင် စောင့်မျှော်နေခြင်း မရှိတော့ဘဲ ရေထဲ၌ ဟိုမှဒီမှ ပျင်းရိဖွယ်ရာ ကူးသန်းသွားလာနေကြတော့သည်။

"စားပါစေတော့" ဟု လူကိုယ်တိုင် အနီးသို့ အတင်းကပ်သွားသည်ကိုပင် နှာခေါင်းနှင့် ထိုး၍ တွန်းဖယ်ပစ်ကြတော့သည်။

ယင်းသို့ ငါးမန်းများက မကိုက်မစား တွန်းဖယ်ပစ်ခြင်းခံရသည့်အခါ သူတို့ကို ဘုရားသခင်က ငြင်းပယ်သည်ဟု ယူဆကာ ဝမ်းနည်းကြေကွဲစွာ ငိုယိုလျက် ရေထဲက တက်လာကြတော့၏။

သူတို့ကို ဘုရားသခင်က ငြင်းပယ်လိုက်သည်ဆိုတော့ သူတို့ ဘယ်ကိုသွားသွား အားကိုးစရာ ရနိုင်ပါတော့မည်လော။ ဘာကိုလုပ်လုပ် ဖြစ်နိုင်ပါတော့မည်လော။ သူတို့အဖို့ လောကအတွင်း၌ အချည်းနှီး အထီးကျန်လျက် ရှိချေပြီတကား။ တွယ်တာစရာ၊ ငဲ့ညှာစရာ ဟူ၍လည်း ဘာမှမရှိတော့ပြီ။ သို့ဖြစ်လျှင် သူတို့၏ရှေ့၌ ကြောက်စရာဟူ၍ ဘာမှ မရှိတော့ပြီ မဟုတ်ပါ





လော။

ယင်းသို့သောမြင်ကွင်းကို မည်ကဲ့သို့ ထင်မြင်ချက် ပေးကြပါမည်နည်း။

မန်ရစ်ကတော့ အဲဒါကို "ဘီလူးစာကျွေးတဲ့ဝါဒ" ဟူ၍ သမုတ်လိုက်ပေသည်။

ကျွန်ုပ်တို့အဖို့ ဘာမျှအဓိပ္ပာယ်မရှိတဲ့အလုပ် ဟူ၍လည်းကောင်း၊ ဘာကို ရည်မှန်း၍ လုပ်သည်ဟူ၍လည်းကောင်း မတွေးတတ်ကြပါ။

အကြောင်းအကျိုး မလုံလောက်သော ပြုမူချက်များဟူ၍သာ နားလည်ရပါတော့သည်။

ယင်းသို့ လုပ်ခြင်းအားဖြင့် အကုသိုလ်ကံကို တမင်ခေါ်ယူသည်ဟူ၍လည်း ဆိုနိုင်ပါသည်။

ငိုကြွေးနေသော ထိုဘုရားဖူးတို့၌ တကယ်ပင် အကုသိုလ် ဝင်နေသလော။

မန်ရစ်၏အာဘော်အရဆိုလျှင် ဟုတ်မှန်ပေသည်။ တကယ်ပင် အကုသိုလ်ဝင်နေကြပါသည်။ သူတို့ ခေါ်ယူတဲ့ အကုသိုလ်က သူတို့ကို နှိပ်စက်နေခြင်း မဟုတ်ပါလော။

အချို့ စိတ်ပညာရှင်တို့သည် ဟိန္ဒူဘာသာဝင်တို့၏ ကိုယ့်ကိုယ်ကို သတ်သေခြင်းမျိုးကား ရှုံ့နှမ်းသောအလုပ်သာ ဖြစ်သည်ဟု ထင်မြင်ချက် ပေးကြပေလိမ့်မည်။

ထိုကဲ့သို့သောလူမျိုးများကို မည်သည့်ဆေးနှင့် ကုစား၍ ရနိုင်ပါအံ့နည်း။

ကျပ်ပြည့်၍ ကျိုးကြောင်းဆင်ခြင်တုံတရားရှိသူတို့ကမူ ထိုလူများသည် အလွန်အမင်း သောကမီး တောက်လောင်နေသောကြောင့် လုပ်မိလုပ်ရာ အမှားမှားအယွင်းယွင်း လုပ်ကြခြင်းသာဖြစ်သည်ဟု ဆုံးဖြတ်ကြလေသည်။

အခြားခရီးသည်တစ်ဦး၏ထင်မြင်ချက်ကို ဖော်ပြလိုပေသည်။

ခရစ်သက္ကရာဇ် (၇)ရာစုနှစ်အတွင်းက တရုတ်ရဟန်းတော် တီယွန်ဆင်သည် ယခု အလ္လဟာဗဒ်မြို့နယ်ဖြစ်သော ကောသမ္ဗီပြည် (Kawsamb) သို့ ရောက်ခဲ့လေသည်။

ကောသမ္ဗီမြို့တော်မှာ ထိုအခါက ဂင်္ဂါမြစ်နှင့် ယမုနာမြစ်တို့ ဆုံရာအရပ်တွင် တည်ရှိ၍ ဟိန္ဒူဘာသာ၏အချက်အချာဖြစ်သော မြို့တော်ကြီး ဖြစ်ပေသည်။

တီယွန်ဆင်သည် နာလန္ဒတက္ကသိုလ်၌ ဗုဒ္ဓစာပေ ကျမ်းဂန်များကို သင်ယူနေစဉ် တစ်နေ့သောအခါ ကောသမ္ဗီမြို့သို့ ဘုရားဖူးရန် ရောက်ရှိသွားလေ၏။

ဗုဒ္ဓဝါဒသည် ထိုအခါက အိန္ဒိယတွင် အရှိန်လျော့စပြုလာသည့်အတိုင်း ကောသမ္ဗီကလည်း ဟိန္ဒူတို့အတွက် အထွတ်အမြတ်ပြုရာဌာနအဖြစ် တိုးတက်စ ပြုနေလေသည်။

သူသည် မန်ရစ် တွေ့ကြုံခဲ့ရသလို ဟိန္ဒူဘာသာဝင်တို့၏ထူးဆန်းသောအလေ့အထများကို မျက်မြင်ကိုယ်တွေ့ သိမှတ်ခဲ့ရသဖြင့် အောက်ပါအတိုင်း ရေးသားထားခဲ့ပေသည်။

မြစ်ထဲ၌ (Sacred River Poles)ခေါ် ကမ္ဗဌာန်းတိုင်





..ားကို စိုက်ထူပြီး တိုင်ထိပ်အနီး၌ ငုတ်တစ်ခု ရိုက်ထားလေ..ည်။

ဘုရားတရား ကြည်ညိုသူတို့သည် နံနက်အရုဏ်တက်..နံ့တွင် ထိုတိုင်များပေါ်သို့ ချောတိုင်တက်သကဲ့သို့ ပေါင်တံထိုး.. တက်သွားကြပြီးလျှင် ခြေတစ်ချောင်းက ငုတ်ပေါ်တွင် နင်း၍..က်တစ်ဖက်က တိုင်ထိပ်ကိုင်လျက် အခြားသောလက် တစ်..က်နှင့် ခြေတစ်ဖက်ကို နံဘေးသို့ ဆန့်ထုတ်ကာ နေထွက်က..နေဝင်အထိ မျက်နှာကနေ သွားရာဘက်ကို လိုက်၍ကြည့်နေရ..း နေဝင်မှ တိုင်ပေါ်က ဆင်း၍ အစားအစာ စားသောက်..ားနေကြရလေသည်။

နောက်နေ့နံနက် အရုဏ်တက်သော် ရှေ့နည်းအတိုင်း..က်၍လုပ်ကြပြန်လေသည်။

ဟိန္ဒူဘာသာဝင်တို့သည် ယင်းသို့ ခဲခဲယဉ်းယဉ်း တရား..ကျင့်မှ ထာဝရ ဘုရားသခင်က ပို၍ကြိုက်နှစ်သက်သည်ဟု ..ကြည်ကြသည်။

တီယွန်ဆင်၏စိတ်၌ ယင်းသို့သော အပြုအမူမှာ ရူးနှမ်းသောအလုပ်ဖြစ်၍ အချည်းနှီး အားအင်ကုန်ခမ်းစေပြီး ဘာမှအဓိပ္ပာယ်မရှိဟု ထင်မှတ်လေသည်။

သို့ရာတွင် တရားကျင့်သူအချို့မှာ နှစ်ပေါင်း(၅၀)ကြာအောင် နေ့စဉ်နေ့တိုင်း ဝတ်မပျက် ကျင့်ကြသည်ဟု ဖော်ပြခဲ့ပေ..၏။

ထို့ပြင် မိမိကိုယ်ကို ငါးမန်းစာကျွေးသော ကုသိုလ်

ကောင်းမှုမျိုးထက် ပိုမိုထူးဆန်းသောဖြစ်ရပ်တစ်ခုကိုလည်း "သေမင်းသစ်ပင်" (Tree of Death) ဟူ၍ ခေါင်းစဉ်တပ်၍ မှတ်တမ်းတင်ထားလေသည်။

အဆိုပါ ကောသမ္ဗီမြို့တော်မှာပင် လူပေါင်းများစွာ သွားရောက်ပူဇော်လေ့ရှိသော ဟိန္ဒူနတ်ကွန်းကြီးတစ်ခု ရှိလေသည်။

ထိုနတ်ကွန်းသို့ ဘုရားပူဇော်ရန် သွားသူတို့သည် နတ်ကွန်းထဲသို့ ရောက်လျှင် ပြန်ထွက်မလာကြတော့ချေ။

နတ်ကွန်း၏ပရိဝုဏ်အတွင်း အဆောက်အဦး၏ ရှေ့မျက်နှာစာတွင် သစ်ပင်ကြီးတစ်ပင် ရှိလေသည်။ ထိုသစ်ပင်၏ ဝဲယာနှစ်ဖက်၌ လူရိုးများ စုပုံလျက်ရှိလေသည်။

နတ်ပူဇော်ရန် လာသူတို့သည် ထိုသစ်ပင်ကြီးပေါ်သို့ တက်၍ ဆုတောင်းပတ္ထနာပြုပြီး သစ်ပင်ပေါ်က ခုန်ချကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားကြလေသည်။

ယင်းသို့ပြုလုပ်ခြင်းမှာ ထိုနေရာကဲ့သို့ ထူးခြားမြင့်မြတ်သော မြေပြင်ပေါ်၌ မိမိကိုယ်ကို မိမိသတ်၍သေရခြင်းသည် သံသရာဘေးမှ ကင်းဝေး၍ အေးမြချမ်းသာသော ထာဝရဘုရားသခင်၏နေရာဘုံဗိမာန်သို့ ရောက်ကြရသည်ဟု ယူဆကြသောကြောင့်ဖြစ်သည်။

ထိုနေရာသို့ တီယွန်ဆင် ရောက်သွားသောအခါ ထိုအယူသီးမှုကို လူသိရှင်ကြား ပြောဟောဖော်ပြလိုသော ဗြဟ္မဏအဘိဓမ္မာဆရာကြီးတစ်ဦးနှင့် ကြုံတွေ့ခဲ့ရသည်။

ထိုဗြဟ္မဏဆရာကြီးသည် ဘာကြောင့် ဤသို့လုပ်ရန်





ဆန္ဒရှိနေသည်ကို မသိရသော်လည်း သူသည် ခေတ်ပြင်သမားတစ်ဦးသော်လည်းကောင်း၊ ဝါဒဖြန့်လိုသူသော်လည်းကောင်း ဖြစ်ရမည်။

သူသည် အမျိုးမြတ်သည်ဟု ဆိုသော ဗြဟ္မဏမျိုးမှ ဆင်းသက်လာသော အဘိဓမ္မာဆရာတစ်ဦးဖြစ်မည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

သူသည် နတ်ကွန်းပရိဝုဏ်အတွင်းသို့ အဖွဲ့ဖော်များ ခြံရံ၍ ဝင်လာခဲ့လေသည်။

ထိုနတ်ကွန်းတာဝန်ခံ ဟိန္ဒူဘုန်းကြီးတစ်ပါးသည် သူ့ကို ခရီးဦးကြိုပြုကာ ထိုသစ်ပင်ကြီး၏ခြေရင်းသို့ ပို့ဆောင်ပေးလေသည်။

ထို့နောက် ဦးခေါင်းမှ ဆံပင်များကို ရိတ်ပြီး နဖူး၌ ဆေးရည်များဖြင့် မှန်ကူသုတ်လိမ်းပေးကြသည်။ ပြီးလျှင် မိမိဖာသာ ဆုတောင်းပတ္ထနာ သစ္စာအဓိဋ္ဌာန်ပြုသည်ကို ပြီးအောင် စောင့်နေကြသည်။

ပြီးလျှင် ထိုဗြဟ္မဏ အဘိဓမ္မာဆရာကြီးသည် အခြားဘုရားဖူးပရိသတ်တို့အား မိန့်ခွန်းစကား အနည်းငယ် ပြောကြားလေတော့၏။

ထိုအချိန်၌ ရသေ့ယောဂီများ၊ ဆာဒူးများ၊ ဘုရားဖူးများ၊ သူတောင်းစားများနှင့် ထိုသစ်ပင်၌ နတ်များ ရှိသည်ဟု ယုံကြည်နေသူများ စုဝေးရောက်လာကြပြီး ကြီးမားသောလူထုအုပ်ကြီးဖြင့် ပြည့်နှက်နေလေတော့သည်။

လူများသည် ထိုသစ်ပင်က နတ်များ စကားပြောသံကြားလျှင် သစ်ပင်ပေါ် တက်သွားသူသည် မြေသို့ ခုန်ချပြီး သတ်သေရလေသည်။

ထိုအခါ နတ်များက ၎င်း၏ဝိညာဉ်ကို ကောင်းကင်ဘုံသို့ ယူဆောင်သွားကြတော့၏ဟု ယုံကြည်နေကြကုန်၏။

ထိုဖြုဟ္မဏကြီးသည် လူများ ဝိုင်းအုံလာသောအခါ သူသည် နတ်များကို မယုံကြည်ဖို့ စတင်ပြောဟောလေတော့သည်။

နတ်များသည် လူကို ကောင်းကျိုးမပေး၊ လူတွေကို သေကုန်အောင် လိမ်လည်သွေးဆောင်နေကြကြောင်း စသည်ဖြင့် အပြစ်များကို အမျိုးမျိုး ဖော်ထုတ်ပြောပြနေစဉ် အသံတဖြည်းဖြည်း တုန်လာပြီး ပြောနေသောစကားလုံးများ မပီမသဖြစ်လာကာ ဝူးဝူးဝါးဝါးနှင့် တစ်ကိုယ်လုံး တုန်ယင်လာလေတော့သည်။

ထိုအခါ သူ၏အဒေါ်များက သူ့ကို ပရဝုဏ် အပြင်ဖက်သို့ ခေါ်ထုတ်သွားရန် ကြိုးစားကြသည်။ ထိုဖြစ်ရပ်ကို ဘုန်းတော်ကြီးများနှင့် ဘုရားဖူးများသည် တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ကြည့်နေကြလေသည်။

သို့သော် အဘိဓမ္မာဆရာကြီးသည် အဖော်များလက်ထဲမှ ရုတ်တရက် ရုန်းထွက်ကာ သစ်ပင်ထိပ်ဖျားပေါ်သို့ ရောက်သည်အထိ လျင်မြန်စွာ တက်သွားလေတော့သည်။

သစ်ပင်ထိပ်ဖျားသို့ ရောက်လျှင် သူသည် အောက်က ကြည့်နေသောလူအုပ်ကြီးဆီသို့ . . .





"နတ်တွေ ပြောတဲ့စကားကို ကျွန်ုပ်ကြားရတယ်၊ တီးသံမှုတ်သံတွေကိုလည်း ကျွန်ုပ်ကြားရတယ်၊ သူတို့ ကျွန်ုပ်ကို နတ်ပြည်သို့ ခေါ်နေကြပြီ၊ သူတို့ ကျွန်ုပ်အနီးမှာ ရစ်ဝဲနေကြပြီ၊

စောစောက ကျွန်ုပ်ပြောခဲ့တဲ့စကားတွေဟာ မမှန်ဘူး၊ လိမ်ပြောတာ၊ ယခု နတ်တွေ ဒီမှာရောက်နေကြပြီ၊ ကျွန်ုပ်ရာဇဝတ်မှု ဖြစ်စေမည့် ယုံတမ်းစကားကို ပြောနေခြင်း မဟုတ်၊ ဤသစ်ပင်ကြီးဟာ ကောင်းကင်ဘုံ၏တံခါးဝမှာ ရှိနေတာ အမှန်ပဲ၊ မည်သူမဆို ဒီနေရာရောက်ရင် ကောင်းကင်ဘုံကို ဝင်သွားရုံပဲ ရှိတော့တယ်၊

အို့ . . . နတ်တစ်ယောက် ကျွန်ုပ်ကို တီးတိုးစကား လာပြောနေပြန်ပြီ၊ သူပြောတာက လူ့ကိုယ်တွင်းမှ ဝိညာဉ်သန့်ရှင်းပျော်ရွှင်ရေးအကြောင်း လာပြောနေတယ်၊ ဘဝကို ကယ်တင်ရေးတွေ လာပြောနေတယ်"

သူသည် ဤသို့ ကယောင်ချောက်ချား တောင်စဉ်ရေမရ စကားများကို လျှောက်ပြောနေလေသည်။

ရသေ့၊ ယောဂီများ၊ ဆာဒူးများ၊ ဘုရားဖူးများနှင့် သူတောင်းစားတို့သည် အသီးသီး မြေတွင် ဖင်ထိုင်ချပြီး မျက်နှာကို သစ်ပင်ပေါ် မော့၍ သူပြောသမျှကို ယုံကြည်ကာ စောင့်ကြည့်နေကြလေသည်။

သို့သော် ထိုဗြာဟ္မဏ၏အဖော်တို့သည် မိမိတို့၏အပေါ်ဝတ် ကုတ်အင်္ကျီများကို ချွတ်ပြီး မြေတွင် စုပုံပေးကြသည်။

ထိုသူလည်း အဝတ်ပုံပေါ်သို့ ခုန်ချလိုက်တော့သည်။

တစ်စုံတစ်ရာ ထိခိုက်နာကျင်ခြင်းမရှိ၊ အကောင်းပကတိပင် ဖြစ်နေတော့သည်။

ထိုထူးဆန်းသော ဖြစ်ရပ်အပေါ်၌ တီယွန်ဆင်၏ သဘောထားပုံနှင့် ငါးမန်းစာ ကျွေးသောမြင်ကွင်းပေါ် မန်ရစ်၏ သဘောထားပုံတို့မှာ သိပ်မကွာလှပေ။

၎င်းတို့နှစ်ဦးစလုံးပင် နတ်မိစ္ဆာ ကိုးကွယ်ယုံကြည်မှုကို မနှစ်သက်ကြချေ။

(အထက်ပါအကြောင်းအရာများမှာ အထက်ပါစာအုပ်ကို ဆရာကြီးဦးလှဒင် ဘာသာပြန်ဆိုသော 'ရတနာရွှေမြေ' စာအုပ်ထဲတွင် ဖော်ပြထားသော အချက်အလက်အချို့ဖြစ်ကြောင်း ဝန်ခံပါသည်။)

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့မှာ ၎င်းရှေ့မှ ထွက်သွားသော ကရစ်ပင်တို့၏ခြေရာလက်ရာများကို ကြည့်ပြီးနောက် ထိုနေရာမှ ထွက်ခွာခဲ့ကြလေသည်။





## အခန်း(၁၄)

# ဆင်စွယ်နက်နှင့် ဆင်ဝိညာဉ်

အဝေးမှ လှမ်းကြည့်စဉ်က တောတစ်ခုလုံး ပိတ်ဆီးနေသကဲ့သို့ ရှိလေသည်။

သစ်ပင်ကြီးငယ်တို့မှာ နေပြောက်မထိုးအောင် ရှိလေသည်။ ထိုနေရာသည် စော်ဘွားလေးနှင့်ဦးစိုင်းလှုတို့ ဆင်စွယ်နက် ရှာဖွေတွေ့ခဲ့သောနေရာပင်ဖြစ်သည်။

ဦးစိုင်းလှု၏လမ်းပြပေးမှုကြောင့် ထိုနေရာသို့ ချောချောမောမော ရောက်သွားကြခြင်းဖြစ်ပေသည်။

ထူးခြားသောအချက်မှာ ဒေါက်တာမင်းထင်ကျော်တို့

ရောက်သွားသောအချိန်မှာ တောတစ်ခုလုံး ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေခြင်းပင်ဖြစ်သည်။

သူတို့ ထိုနေရာသို့ ရောက်သွားသောအချိန်မှာ နေ့လယ်ပိုင်းအချိန်ဖြစ်သည်။

ဆင်စွယ်နက် ရသွားသောနေရာမှာ ချုံနွယ်ပိတ်ပေါင်းများပင် ဖုံးလွှမ်းနေလေပြီ။

ထိုနေရာနှင့် မနီးမဝေးမှာပင် စခန်းချကြပြီး အတန်ကြာအောင် နားကြလေသည်။

"ကျုပ်နဲ့စော်ဘွားလေးနဲ့ ဆင်စွယ်နက် ရသွားတဲ့နေရာကတော့ ဒီနေရာပဲ၊ အရင်တစ်ခေါက် ရောက်တုန်းကတော့ ဘီလူးနဲ့ တူတဲ့လူတွေ တွေ့ရတယ်၊ အခုတော့လည်း တောတစ်ခုလုံး တိတ်ဆိတ်နေတာပဲ"

ဦးစိုင်းလူက ပြောသည်။

"ဆင်စွယ်ဆိုတာကတော့ တစ်စုံနှစ်ချောင်း ရှိကြတာချည်းပါပဲ၊ တစ်ချောင်းပါသွားတော့လည်း နောက်တစ်ချောင်း ကျန်နေဦးမှာပါ။ နှစ်ပေါင်းများစွာကြာလို့ မြေကြီးအောက် ရောက်ချင်ရောက်နေမယ် ထင်တာပဲ"

ထို့နောက်မှာတော့ ဆရာကြီးသူရဋ္ဌမှလွဲပြီး ကျန်လူများဖြစ်ကြသော ဒေါက်တာမင်းထင်ကျော်၊ ဦးစိုင်းလူ၊ မြလေးနွယ် ဦးဗန်ကောင်း၊ စောထီး၊ ငမဲအောင်၊ စာရေးဆရာအောင်မင်းအောင်တို့ ခုနစ်ယောက်မှာ တောင်ကုန်းတပိုက်ကို စတင်တူးကြ





လေသည်။ ထိုနေ့တစ်နေ့လုံး တူးကြသော်လည်း ဘာတစ်ခုမှ မတွေ့ရသဖြင့် နားကြလေသည်။

ညအချိန်ရောက်သောအခါ မီးပုံကြီးများ ဖိုထားပြီး ပါလာသော အစားအသောက်များကို စားသောက်ကြပြီးနောက် ဒေါက်တာမင်းထင်ကျော်က တော်ကုန်းပတ်လည်သို့ လိုက်လံကြည့်ရှုနေစဉ် နောက်ဘက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ သူ့နောက်သို့ ရောက်လာသောမြလေးနွယ်ကို တွေ့ရလေသည်။

မြလေးနွယ်နှင့် ရက်အတန်ကြာအောင် ခရီးအတူထွက်ခဲ့သော်လည်း တစ်ကြိမ်မှ အေးအေးဆေးဆေး မတွေ့ရပေ။

"မြလေးနွယ်ပါလား. . . မအိပ်သေးဘူးလား"

"မအိပ်ချင်သေးပါဘူး. . . ဆရာ့ကို ပြောစရာရှိလို့ လာခဲ့တာပါ"

"ဘာများလဲ. . . ပြောလေ"

"တကယ်လို့ ဆင်စွယ်နက်ကို ရရင် ဆရာတို့ ဘာလုပ်ကြမယ်လို့ စိတ်ကူးထားသလဲ"

"လောလောဆယ်တော့ ဘာမှ မစဉ်းစားရသေးပါဘူး၊ ဆရာကြီးရဲ့အစီအစဉ်အတိုင်းပဲ လုပ်ကြရမှာပါပဲ၊ သေချာတာကတော့ တကယ်လို့ ဆင်စွယ်နက်ကို ရှာတွေ့ခဲ့ရင်တောင်မှ ကိုယ်ကျိုးအတွက် မသုံးစွဲပါဘူး"

"ကျွန်မက ဆရာတို့အတွက် စိုးရိမ်လို့ မေးတာပါ၊ သူတို့တတွေက ဒီနေရာတဝိုက်မှာပဲ ရှိနေကြတယ်၊ ဆရာတို့အခြေ

အနေကို စောင့်ကြည့်နေကြတယ်"

"ဘယ်သူတွေလဲဟင်"

"သေလာယက္ခတွေပါ. . . သူတို့က ဆင်စွယ်နက်ကို စောင့်ရှောက်နေကြတဲ့သူတွေပါ"

"မင်းက ဒါတွေ ဘယ်လိုသိတာလဲဟင်"

"ဘယ်လိုလဲတော့ မသိဘူး၊ ဒါပေမယ့် သူတို့တွေ ဒီနေရာမှာ ရှိနေတယ်ဆိုတာ စိတ်ထဲက သိနေသလိုပဲ"

ထိုသို့ပြောဆိုနေကြစဉ် အတော်ဝေးဝေးနေရာဆီမှ ဆင်အော်သံများကို ကြားကြရသည်။

သို့ကြောင့် စခန်းမှ အိပ်ပျော်နေသူများပါ နိုးလာကြသည်။

ဆင်အော်သံများက တဖြည်းဖြည်း နီးလာသောကြောင့် ဒေါက်တာမင်းထင်ကျော်တို့လည်း မိမိအဖွဲ့သားများ ရှိရာသို့ ပြန်ဆင်းလာသည်။

"ဆင်အော်သံတွေ ကြားရတယ် မောင်ထင်ကျော်"

"ဟုတ်တယ်. . . တစ်တောလုံး ဆူညံနေတာပဲ"

"အသံတွေ နားစွင့်ကြည့်တာကတော့ ဒီဘက်ကို ဆင်းလာသလိုပဲ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ ကျွန်တော်တို့အဖွဲ့ ရှိတဲ့နေရာကိုများ ပတ်ဝိုင်းလာလေရော့သလား"

"ဒီအချိန်ကျမှတော့ ထွက်ပြေးလို့လည်း မလွတ်နိုင်တော့ဘူး၊ ဖိုထားတဲ့မီးတွေကို ငြိမ်းပြီး ငြိမ်နေကြတာ ပိုကောင်း





မယ်. . . ကံတရားအတိုင်းပေါ့"

ဟု ပြောဆိုကာ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်က ဖိုထားသောမီးများကို ရေဖြင့် လောင်း၍ ငြိမ်းသတ်သွားလေသည်။

သို့သော် ကောင်းကင်မှ အလင်းရောင်ကြောင့် ဝိုးတဝါးတော့ မြင်ရသေးသည်။

မှုန်ဝါးဝါး ရှိနေသော လ၏အလင်းရောင်က တောင်ကုန်းတဝိုက်သို့ ထူးထူးခြားခြား ထိုးကျနေလေသည်။

ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြဘဲ ငြိမ်သက်စွာဖြင့် အခြေအနေကို စောင့်ကြည့်နေကြလေသည်။

တောထဲမှာလည်း သူတို့ရှိနေသောနေရာ ပတ်ပတ်လည်မှ ခြေသံများက တဖြည်းဖြည်း နီးလာသည်။

အကောင်အထည် မမြင်ရသော်လည်း သူတို့ ရောက်နေသောနေရာသို့ တောဆင်ရိုင်းများက ဝိုင်းကာ တိုးကပ်လာသည်ကတော့ သေချာသည်။

ထိုအခြေအနေ ရောက်မှတော့ ဘာမှလုပ်မရတော့ပေ။

ထွက်ပြေးလို့လည်း မဖြစ်၊ ပါလာသောသေနတ်များနှင့် ခုခံကာကွယ်၍လည်း ရတော့မည် မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်တို့စိတ်ထဲမှာတော့ ဒီတစ်ခါတွင် ကံမကောင်းနိုင်ကြတော့ဟုသာ တွေးလိုက်ကြတော့သည်။

အဖွဲ့သားအားလုံး ပတ်ဝန်းကျင်သို့ မျက်တောင်မခတ်

စိုက်ကြည့်နေကြသည်။

ဘယ်အချိန် ဆင်များ ထွက်လာမလဲဟု ရင်တမမနှင့် စောင့်နေကြစဉ် တောင်ကုန်းပတ်လည်နေရာမှ ထွက်လာကြတော့သည်။

ဆင်များတော့ မဟုတ်ပေ။ လူများပင်ဖြစ်သည်။

စုစုပေါင်း ငါးယောက်ဖြစ်သည်။

ဘယ်သူဘယ်ဝါမှန်း မသဲကွဲလှသော်လည်း တောစပ်မှာ ရပ်နေသူများကိုတော့ အရှင်းသား လှမ်းမြင်နေရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ဆင်အော်သံနှင့် ခြေသံများ ကြားရပြီးမှ လူများကို မြင်ရသဖြင့် များစွာအံ့ဩနေကြသည်။

ထို့ပြင် တောစပ်မှာ ရပ်နေကြသူများမှာလည်း လှုပ်ရှားမှု မရှိဘဲ တောင့်တောင့်ကြီး ရပ်နေကြခြင်းဖြစ်သည်။

ခဏကြာတော့မှ အရုပ်ကြိုးပြတ်ပုံမျိုးဖြင့် မြေပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

ထိုအခါမှ နောက်ဘက်မှ လှုပ်ရှားနေသော ဆင်နှာမောင်းများစွာကို တွေ့မြင်ရလေသည်။

ဆင်များသည် အသက်သေဆုံးနေဟန်ရှိသော လူငါးယောက်ကို တောင်ကုန်းနေရာ ရောက်အောင် သယ်ဆောင်လာခြင်းဖြစ်ပေမည်။

ဆင်နှာမောင်းများ၊ ဆင်ဦးကင်းများမှာ နေရာလပ်မကျန်အောင် ရှိနေပြီး စက်ဝိုင်းသဏ္ဌာန်ရှေ့သို့ တဖြည်းဖြည်းတိုးလာကြသည်။

ဆင်များအလယ်မှာ ရောက်နေသော သူတို့တတွေမှာ အသက်ပင် မရှူဝံ့တော့ပေ။

ထိုအခိုက်မှာပင် စွယ်စုံဆင်ကြီးတစ်ကောင်က လဲကျနေသူတစ်ဦးထံမှ တစ်စုံတစ်ခုကို နှာမောင်းဖြင့် ပတ်ယူကာ အပေါ်သို့ မြှောက်လိုက်သည်။ အခြားမဟုတ်ပေ. . .။

မဟူရာဆင်စွယ်နက်ပင်ဖြစ်တော့သည်။

ဆင်စွယ်နက်ကို မြင်သောအခါ တရွေ့ရွေ့ ရှေ့တိုးလာနေကြသော ဆင်အားလုံးတို့မှာ တပြိုင်နက်တည်းလိုလို ရပ်တန့်သွားကြလေသည်။

စွယ်စုံဆင်ကြီးက ဆင်စွယ်နက်ကို အတန်ကြာသည်အထိ နှာမောင်းဖြင့် ပတ်ကာ မြှောက်ထားပြီးမှ တရွေ့ရွေ့နှင့် ရှေ့တိုးလာပြီး တောင်ကုန်းအလယ်ထိပ်နေရာတွင် အသာချလိုက်လေသည်။

ထိုနေရာတွင် စက်ဝိုင်းသဏ္ဌာန် ရှိနေကြသော ဆင်များမှာ ကျောက်ရုပ်များပမာ ငြိမ်သက်နေကြလေသည်။ ထိုအခိုက်မှာပင် ထူးခြားသောပုံရိပ်တစ်ခု ပေါ်လာလေသည်။

တောင်ကုန်းထိပ်အလယ်နေရာလောက်တွင် ဆင်တစ်ကောင်၏ပုံရိပ်သဏ္ဌာန်ကြီး ပေါ်လာခြင်းပင်ဖြစ်သည်။

ဆင်ကြီး၏အစွယ်နှစ်ချောင်းမှာ အနက်ရောင်များ တလက်လက် တောက်ပနေလေသည်။

ပုံရိပ်မှာ တဖြည်းဖြည်းနှင့် ပီပြင်လာသောအခါ ဆင်ကြီး

မှာ အဖြူရောင်ဖြစ်ပြီး အစွယ်နှစ်ချောင်းမှာ ထူးခြားစွာဖြင့် အနက်ရောင် ဖြစ်နေတော့သည်။

ထိုပုံရိပ်ကြီးကို မြင်သောအခါ ဝန်းရံနေသောဆင်ရိုင်း အားလုံးတို့မှာ တပြိုင်နက်တည်းလိုလိုပင် မြေပေါ်သို့ ဝပ်ချလိုက်ပြီး ပုံရိပ်ရှိရာဘက်သို့ နှာမောင်းများ ညွတ်ကာ အရိုအသေ ပေးနေကြလေသည်။

ထိုနေရာတဝိုက်တွင် ရာပေါင်းများစွာသောဆင်များ ရှိနေသော်လည်း ဘာသံမှ မကြားရပေ။

ဒေါက်တာမင်းထင်ကျော်တို့မှာ ထူးဆန်းသောမြင်ကွင်းကို ကြည့်ပြီး အသက်ရှူရန်ပင် သတိမရလောက်အောင် အံ့သြနေကြလေသည်။

ညဥ့်နက်ပိုင်းရောက်သောအခါ တောင်ကုန်းပေါ်သို့ ဖြာကျနေသောလရောင်ကလည်း တဖြည်းဖြည်းနှင့် သစ်ရိပ်များနှင့် ကွယ်ကာ မှောင်သွားလေတော့သည်။

တောင်ကုန်းပေါ်မှာ ပေါ်နေသော ဆင်ဖြူတော်၏ပုံရိပ်မှာလည်း တဖြည်းဖြည်းနှင့် မှုန်ဝါးပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ တောင်ကုန်းတဝိုက်ကို ဝန်းရံနေသော ဆင်ရိုင်းများမှာ ထိုနေရာမှ ငြိမ်သက်စွာ ပြန်လည်ထွက်ခွာသွားလေတော့သည်။

ပတ်ဝန်းကျင်မှာလည်း ပုံမှန်အတိုင်း ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။





ဆင်ရိုင်းများ ချထားခဲ့သော ဆင်စွယ်နက်မှာ တောင်ကုန်းပေါ်မှာ ကျန်ခဲ့လေသည်။

ထို့အတူ တောစပ်မှာ လဲကျနေသော လူငါးယောက်တို့၏အလောင်းများလည်း ဒီအတိုင်းပင် ကျန်ခဲ့လေသည်။

အခြေအနေ ငြိမ်သက်သွားတော့မှ ဒေါက်တာမင်းထင်ကျော်တို့မှာ အအေးဒဏ် သက်သာမှု ရစေရန် မီးပုံများ ပြန်ဖိုကြသည်။

လက်နှိပ်မီးများကို အသုံးပြုကာ လဲကျနေသူများ ရှိရာသို့ သွားကြည့်သောအခါ ကရစ်ပင်၊ ခွန်မှိုင်းနှင့် အလုပ်သမားသုံးယောက်တို့၏အလောင်းများ ဖြစ်ကြောင်း တွေ့ကြရသည်။

– ဦးစိုင်းလူက ကရစ်ပင် ကိုယ်ပေါ်မှာ ရှာကြည့်သောအခါ ဆင်အမြုတေကို တွေ့ရသဖြင့် ယူလာပြီး ဒေါက်တာမင်းထင်ကျော်ကို ပေးလေသည်။

ထို့နောက်မှာတော့ အားလုံးတိုင်ပင်ပြီး မနေ့က တူးထားသောနေရာကို ဆက်တူးကြရာ မိုးလင်းချိန် ရောက်သောအခါ မြေအောက်တွင် ဆင်ကြီးတစ်ကောင်၏အရိုးစုများနှင့်အတူ နောက်ထပ် ဆင်စွယ်နက်တစ်ချောင်းကို တွေ့ရလေသည်။

ဤသို့ဖြင့် ဆင်စွယ်နက်တစ်စုံမှာ ပြန်လည်ပြည့်စုံသွားလေတော့သည်။







## အခန်း(၁၅)

# ဟော်နန်းကုန်းမှ ရတနာများ

ရန်ကုန်မြို့သို့ ပြန်ရောက်ပြီး ရက်အနည်းငယ်ကြာသောအခါ အခမ်းအနားတစ်ခုတွင် မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံတွေ့ရလေသည်။

ဝတ်လုံတော်ရ ဦးမင်းစိန်၊ ခရိုင်ရာဇဝတ်ဝန် ဦးသာမြတ်၊ ဆရာဝန်ကြီး ကက်နက်လှကျော်၊ ပုလိပ်မင်းကြီးဟောင်း ဦးကျော်ဒင်၊ စက်ရှင်တရားသူကြီး ဦးသော်မောင်၊ စာရေးဆရာ အောင်မင်းအောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့ပင်ဖြစ်ကြ

☺ အောင်မြင်စာပေ ☺

လေသည်။

"ဘယ်လိုလဲ ကိုမင်းထင်ကျော်၊ ဒီတစ်ခါ ခရီးထွက်တာ အတော်ကြာခဲ့ပုံပဲ၊ စာရေးဆရာလည်း ပါသွားပုံရတယ်"

ပုလိပ်မင်းကြီးဟောင်း ဦးကျော်ဒင်က မေးလိုက်သည်။

"ဟုတ်ပါတယ်. . . ထူးဆန်းတဲ့ အကြောင်းအရာ တစ်ခုကြောင့် ခရီးထွက်သွားတာပါ၊ ဝိညာဉ်လောကနဲ့ ပတ်သက်ပြီး ထူးဆန်းတာတွေ အတော်များများ တွေ့ခဲ့ရတယ်၊ နောက်တစ်ခုက ချာချီလမ်းက ကျိန်စာသင့်နေတဲ့အိမ်ကြီးနဲ့ ပတ်သက်တဲ့အကြောင်းတွေရဲ့အဖြေကိုလည်း သိခဲ့ရပြီဆိုပါတော့"

ထိုစကားကြားသောအခါ ဝိညာဉ်လောကအကြောင်းကို လက်မခံသောဆရာဝန်ကြီး ကက်နက်လှကျော်က စိတ်ဝင်စားစွာ ဝင်မေးလေသည်။

"ဘယ်လိုများ သိခဲ့ရတာလဲ၊ ပြောပြပါဦး ကိုမင်းထင်ကျော်ရဲ့"

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ဦးစိုင်းလူနှင့် တွေ့ခဲ့ရပုံမှစပြီး နောက်ဆုံး ဆင်စွယ်နက်နှင့် ဆင်အမြှုတေပါ ရလာသည်အထိ ပြန်ပြောပြလိုက်လေသည်။

"ချာချီလမ်းက အိမ်ကြီးမှာ နေတဲ့ စော်ဘွားလေးနဲ့ မိသားစုတွေအားလုံး သေရတာ ဆင်စွယ်နက်နဲ့ ပတ်သက်တဲ့ ဝိညာဉ်ကျိန်စာကြောင့်ပါပဲ"

"ဒါဖြင့် ခင်ဗျားဆီမှာ ဆင်စွယ်နက်နှစ်ချောင်း ပါလာပြီပေါ့"





"ဟုတ်ပါတယ်"

"ဆင်စွယ်နက်ဆိုတာ ကမ္ဘာပေါ်မှာ အရှားပါးဆုံးနဲ့ တန်ဖိုးအကြီးဆုံးပစ္စည်းပဲ၊ ကမ္ဘာ့ဈေးကွက်ကိုသာ တင်ရောင်းလိုက်ရင် ခင်ဗျားတော့ မီလျံနာဖြစ်ပြီ၊ အခု ဘယ်မှာလဲဟင်"

ထိုစကားကြားသောအခါ ကျန်လူအားလုံးမှာ များစွာ စိတ်ဝင်စားကြလေသည်။

"ဆရာကြီးသူရဲ့ဆီမှာ ထားပါတယ်၊ ဒီပစ္စည်းကို ကျွန်တော် ကိုယ်ကျိုးမသုံးပါဘူးလို့ သက်ဆိုင်သူတွေကို ကတိပေးခဲ့ရတယ်"

"ဘယ်သူတွေလဲဗျ"

"ဝိညာဉ်လောကသားတွေပါ"

"ဝိညာဉ်လောကသားတွေက ခင်ဗျားကို ဒုက္ခပေးနိုင်လို့လား"

"ပေးနိုင်ပါတယ်. . . သူတို့တတွေက ကတိသစ္စာအတိုင်း လုပ်ကြတယ်၊ ကတိသစ္စာပျက်ရင် ချာချီလမ်းမှာ နေသွားတဲ့ ကျိုင်းစော်ဘွားလေးလို ဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ရမှာပါ"

ဟု ပြောပြတော့မှ ကျန်အဖွဲ့သားများမှာ ဘာမှထပ်မပြောကြတော့ပေ။

နောက်ပိုင်းရက်မှာတော့ ကရစ်ပင်ထံမှ ရလာသော ရတနာပစ္စည်းများကို ထုခွဲပြီး ကောင်းမှုကုသိုလ်များ ပြုလုပ်ပေးလိုက်သည်။

ဆင်စွယ်နက်နှင့်ဆင်အမြီးတော်ကိုတော့ ဘယ်လိုပြုလုပ်ရမှန်း မသိဘဲ ရှိနေစဉ် တစ်ညတွင် သေလာယကွ အနွယ်ဝင် မဟူရာဒေဝီနှင့် ပြန်လည်တွေ့ရလေသည်။

"ခင်ဗျားရောက်လာတာ အတော်ပါပဲ၊ အခုရလာတဲ့ ဆင်စွယ်နက်နဲ့ အမြီးတော်ကို ဘယ်လိုလုပ်ရမလဲ"

"အပြင်မှာ ထားရင်တော့ မသမာသူ လောဘသားတွေရဲ့ဖျက်ဆီးခြင်းကို ခံရဦးမှာပါပဲ၊ ဒါကြောင့် ရန်ကုန်မြို့မှာ ရှိတဲ့ ရွှေတိဂုံစေတီတော်မှာ လှူဒါန်းပြီး ဌာပနာတိုက်ထဲမှာ ထည့်ထားမယ်ဆိုရင်တော့ ဘယ်လိုရန်သူမျိုးမှ မဖျက်ဆီးနိုင်တော့ဘူးပေါ့"

"ကောင်းပါတယ်. . . ခင်ဗျားပြောတဲ့အတိုင်းပဲ လုပ်ပေးပါ့မယ်၊ အခု ဆင်စွယ်နက် မရှိတော့ ခင်ဗျားတို့လည်း စောင့်ရှောက်ရတဲ့တာဝန် မရှိတော့ဘူးပေါ့နော်"

"ဟုတ်ပါတယ်. . . နှစ်ပေါင်းများစွာ ဒီနေရာမှာ စောင့်ရှောက်ပေးနေရတဲ့တာဝန်လည်း ပြီးသွားခဲ့ပါပြီ၊ ဒီအတွက် ရှင်တို့ကိုလည်း ကျေးဇူးတင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။

"ဆင်စွယ်နက်ကို လှူဒါန်းပြီးရင်တော့ ကျွန်မတို့ကို ရည်စူးပြီး အမျှအတန်း ဝေပေးပါရှင်"

"ကောင်းပါပြီ. . . လုပ်ပေးပါ့မယ်၊ ဒါထက် ကရစ်ပင်တို့ ဘယ်လိုသေသွားတာလဲ၊ ခင်ဗျားတို့ သတ်ပစ်လိုက်တာလားဟင်"





"ကျွန်မတို့ မသတ်ပါဘူး၊ သူတို့ဆီမှာ ဆင်စွယ်နက်နဲ့ ဆင်အမြီးတော ပါလာတော့ တောထဲမှာ ရှိသမျှဆင်တွေက နောက်ကနေ ဝိုင်းလိုက်လာရင်း ဆင်အုပ်ကြီးထဲ ရောက်သွားပြီး သေကြရတာပါ၊

သူ့ကံကြမ္မာနဲ့သူ ခံကြရတာပေါ့လေ"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းချလိုက်လေသည်။

"ရှင့်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကျွန်မ ပြောစရာရှိတာပြောခဲ့ပါမယ်၊ ကျမိုင်းဟော်နန်းတစ်ခုလုံး ကျွန်မတို့လက်ချက်နဲ့ သေကြတော့ စော်ဘွားကြီးက သူပိုင်တဲ့နန်းစဉ်ရတနာတွေကို တစ်နေရာမှာ ဝှက်ထားခဲ့ပါတယ်၊

ဒီနေရာတွေ ရှိနေတဲ့အတွက် သူ့ရဲ့ဝိညာဉ်က တခြားသွားလို့မရဘူး. . မရရှာဘူး၊

အဲဒီရတနာတွေကို သွားရှာယူပြီး သူတည်ခဲ့တဲ့စေတီကို ပြန်တည်ပေးပြီးနောက် အမျှအတမ်း ဝေပေးမှ သူလွတ်ရာကို သွားလို့ရမှာပါ၊

အဲဒါတော့ အကူအညီပေးစေချင်ပါတယ်"

"ကောင်းပါပြီ. . . မကြာမီ သွားပြီး ဆောင်ရွက်ပေးပါ့မယ်"

"ရှင်လာမယ်ဆိုရင် ဟော်နန်းကုန်းက ကျွန်မတို့လည်း စောင့်နေပါ့မယ်"

ဟု ပြောဆိုကာ မဟူရာဒေဝီ၏ပုံရိပ်မှာ တဖြည်းဖြည်း

နှင့် ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

နောက်ထပ် လအနည်းငယ်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်တို့တစ်ဖွဲ့လုံး ကျိုင်းပေါ်နန်းသို့ တကျော့ပြန်သွားကြသည်။ ,

ဦးစိုင်းလူနှင့် မြလေးနွယ်တို့လည်း အတူလိုက်လာလေရာ ဒီတစ်ကြိမ်မှာတော့ စိတ်ချမ်းသာစွာဖြင့် သွားကြရပေရာ ဒေါက်တာမင်းထင်ကျော်နှင့် မြလေးနွယ်တို့နှစ်ယောက်၏အချစ်ရေးမှာလည်း အဆင်ပြေသွားခဲ့လေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဆင်နှ သ်နက်ကျိန်စာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန် ။ ။ (၂၀၁၀)ခုနှစ်၊ ဩဂုတ်လ(၈)ရက်၊
တနင်္ဂနွေနေ့၊ နံနက်(၁၁)နာရီ။

☺ အောင်မြင်စာပေ ☺

